www.burmeseclassic.com

ထိတ်လန့်ချောက်ချားဖွယ်ဝတ္ထု

# မြွေဧကရီ

## မိကျောင်းဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၃၉၀၇၁၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၅၉၁၀၀၉
၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-) ကျပ်

◈ ထုတ်ဝေသူ
ဦးအောင်ခိုင်၊ မွှေးအိမ်မှူးစာပေ၊ (မြ-၀၄၂၄၃)၊
အမှတ် (၂၂၁)၊ ၃၁[illegible])၊ ပန်းဘဲတန်း။

◈ မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊
အမှတ် (၁၇၁)၊ ၃၃-လမ်း။ ကျောက်တံတားမြို့နယ်။

◈ အတွင်းပုံနှိပ်
ဦးကျင်ရင် (၀၅၄၁၇)၊ ရွှေခြသေ့ပုံနှိပ်တိုက်၊ အမှတ်(၁၂)၊
သရဖီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်။

◈ ပြည်လုံးကျွတ်ဖြန့်ချိရေး

◈ ရဲရင့်အောင်စာပေ
အမှတ်(၄၉)၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်
အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅ • ၈၃

မော်ကေရီ
မိကျောင်းဝိညာဉ် / မော်ကေရီ၊ ရန်ကုန်၊
မွှေးအိမ်မှူးစာပေ ၊ ၂၀၀၉ ။
၁၄၅ - စာ ၊ ၁၃၀ x ၂၀၇ စင်တီ။
(၁) မိကျောင်းဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com

# ပါဝင်သောအခန်းများ


အပိုင်း – ၁

- ဖားသရဲကြီး
- ရေပေါ်ကျွန်းမှပစ္စည်းများ
- မိုးသည်းည တစ်ည
- သတ္တဝါကာယ်တင်ခြင်း
- အမည်မသိအလောင်း
- ရေပေါ်ကျွန်းသို့ တစ်ခါ
- မိကျောင်းသိုက်
- မိကျောင်းဝိညာဉ်
- နှုတ်စီးသော မိရုပ်ဆိုး
- ဝိညာဉ်လေလား
- ရှာသူ
- ဥပါဒန်အစွဲများ

အပိုင်း – ၂

- ထူးဆန်းသောမီးရောင်များ
- သရဲစုန်းမီးနှင့် သေရွာပြန်ဖိုးတေ
- သုသာန်တွင်းမှလျှို့ဝှက်ချက်


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


- ရွာချဉ်ပတ်
- လောကဒုက္ခသည်များ
- အနာခေါ်ကျသည့်ရှူး


အပိုင်း – ၃


- အတိတ်က အရိပ်တစ္ဆေ
- ငြင်းဆန်ခြင်းနှင့် လက်ခံခြင်း
- ရည်းစား လှလုခံရသူ
- မစားရတဲ့အမဲ
- ကန်ကြီးကုန်းသင်္ချိုင်းထဲက တစ္ဆေမ
- တစ္ဆေမှင်စာ မွေးဖွားသူ
- ရေပေါ်ကျွန်းမှ အရိပ်သဏ္ဍာန်
- သုသာန်မြေမှ လူများ
- တစ္ဆေအစစ်မြင်ရခြင်း
- သင်္ကန်းစည်းပေးလိုသူ
- လူသားလေးလား ဝိညာဉ်လား


နိဂုံး


- ဘဝဥ္စခွံများအကြောင်း


www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁)

## မားသရဲကြီး

ညသည် ပိန်းပိတ်အောင် မှောင်မိုက်လျှက်ရှိသည်။

ကျယ်ပြောလှသော ကောင်းကင်ပြာကြီးတစ်ခုလုံး အနက်ရောင် မဟူရာဝတ်ရုံကြီးဖြန့်မိုးထားသည်သို့ လောကတစ်ခွင်လုံး မှောင်နှင့်မည်းမည်းတည်ရှိနေသည်။

ထိုသို့ ...

မှောင်မည်းနေသည့် လောကဥခွံကြီးထဲမှ မြစ်ဝကျွန်းပေါ်ရှိ ကရင် ချောင်းရွာကလေးသည်လည်း စောစီးစွာပင် မီးခွက်မှုတ်ငြိမ်းသက်နေကြလေပြီ။

အချိန်က ညဉ့်မနက်လှသေးပါချေ။

ယခင်နေ့များဆိုလျှင် နေဝင်ရီတရော နွားရိုင်းသွင်းချိန်ကျော်လွန်၍ မှောင်စပြိုးအချိန်ကာလလောက်ပင် ရှိပေဦးမည်။

သို့သော်လည်း ရာသီက မိုးဦးလေဦးကျခါစ ကဆုန်နယုန်ဟုပင် ဆိုရမည်ဖြစ်သည်။ လပြည့်ကျော်လွန်၍ လမိုက်ရက်များသို့ ချဉ်းနင်းရောက် လာသလို မိုးဦးကျကာလလည်းဖြစ်၍ လောကဓာတ်တခွင်လုံး ပိန်းမှောင် မည်းနက်နေခြင်းဖြစ်၏။

နေမညိုချိန်ဝယ် ပင်လယ်ဘက်ဆီကနေ ညိုမှောင်နေသည့် မိုးသား

www.burmeseclassic.com

www.burmeseclassic.com



တိမ်လိပ်တွေတက်လာပြီး မိုးကလည်း မစဲတမ်းရွာနေသောကြောင့် ကောင်းကင် တစ်ခုလုံး ယနေ့ည ပို၍မှောင်မိုက်နေခြင်းပင် ဖြစ်သည်။ ကရင်ချောင်းရွာလေး သည် မြစ်ဝကျွန်းပေါ်ရွာတစ်ရွာဖြစ်သည်နှင့်အညီ လယ်ယာချောင်းမြောင်း လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းသည့် ရွာတစ်ရွာဖြစ်သည်။

ခုလို မိုးဦးကျရာသီသည် ပင်လယ်ပြင်နှင့် မြစ်ပြင် ချောင်းမြောင်း များတစ်လျှောက် လှိုင်းလေထန်တတ်၍ ရေလုပ်ငန်းလုပ်ကိုင်သူများမှာ စောစီး စွာပင် ရွာသို့ပြန်ရောက်လာခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်လည်း မိုးနှင့်အမှောင် အောက်၌ ကရင်ချောင်းရွာလေးသည် ယခင်နေ့ညများနှယ် အော်သံဟစ်သံ ရယ်မောသံများ ဆိတ်ငြိမ်နေခြင်းဖြစ်၏။

"ဝေါ ... "

"ဟူး ... ဟူး"

"ကျွီ ... ကျွလီ"

မိုးကမူ လုံးဝမစဲ။ တိတ်သွားသည်မဟုတ်သော်လည်း ဖွဲဖွဲလေးမျှ သာ ရွာနေလေတော့သည်။ မိုးက စဲသွားသော်လည်း အနက်ရောင် ကောင်းကင် တစ်ပြင်လုံးရဲ့ အက်ကွဲကြောင်းကြီးများသဖွယ် လျှပ်စစ်စီးကြောင်းများ ဖျတ်ခနဲ ဝင်းပြက်သွားတတ်၏။ ပြင်းထန်ကျယ်လောင်သော မိုးခြိမ်းသံများ မိုးကြိုးပစ် သံများလည်း နားကွဲလုမတတ် မကြာမကြာ ပေါ်ထွက်လာသည်။

ထွန်းဝေသည် စေ့ပိတ်ထားသည့် တဲ၏ကဲလားတံခါးကိုပင် မကြည့် လိုက်ကာ သူသွားဖို့အချိန်တန်ပြီဟု ထင်လိုက်မိသည်။ အပြင်ဘက်မှာ မိုးက ညနေခင်းကလောက် မသည်းထန်တော့ဘဲ စဲတိတ်လုဖြစ်နေလေပြီ။ ဒီအချိန် ကိုပင် ထွန်းဝေတဲတွင်းမှ အရက်ပုလင်းဖြင့်အတူ ထိုင်စောင်နေခဲ့ဖြင်းဖြစ်သည်။

အရက်က တစ်ပိုင်းပင်ကျိုးသွားလေပြီ။ ထွန်းဝေသည် သူ၏ရှေ့ရှိ ဖန်ခွက်ကြီးထဲငှဲ့ထားည့်အရက်အား တစ်ဟန်ထိုးမော့သောက်လိုက်ပြီး ထိုအရာ က ဝုန်းခနဲထလိုက်လေသည်။ အနီးရှိ ပိုက်ဟောင်းတစ်ခုအား ဖာထေးနေ သော ဇနီးဖြစ်သူခင်စိန်ပင်လျှင် ထွန်းဝေ၏ အမူအရာကြောင့် လန့်ဖြန့်သွား ရသည်။ ခင်စိန်က ထွန်းဝေအား ပိုက်ဖာနေရာက ဖောင့်ခနဲ မျက်စောင်း လှမ်းထိုးရင်း ...

"တော် ... ဘယ်လိုဖြစ်ရတာလဲ ကိုထွန်းဝေ ... အလန့်တကြား ဒီမှာပိုက်ဖာနေတာတောင် လန့်သွားတာပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"မိုးစဲသွားလို့ကွ ... "

"မိုးစဲတာ ဘာဖြစ်လဲ ... မိုးဆိုတာရွာပြီးစဲမှာပဲ ... ရှင့်ဘာသာ ဇရက်မင်းစည်းစိမ်ခံလည်း ဖြည်းဖြည်းဆေးဆေးပေါ့ရှင် _ ခုတော့ လုပ်ပုံက ဟွန်း ... "

"ဟာ ... ဒီမိန်းမ ကိုယ့်ယောက်ျားခေါင်းထဲမှာ ဘာအကြံအစည် ရှိလဲ မသိဘူး ... တဆိတ်ရှိ မြည်တွန်ဖို့ တောက်တီးဖို့ပဲ၊ ဒါကြောင့် ဆင်းရဲတာရှည်နေတာ ... ဖားရိုက်ထွက်မလို့ဟ ... ဖားရိုက်ထွက်မလို့ _ သိပြီ လား ... "

"စောစောကပြောပါလား ... လူက အသေကောင်လို ငြိမ်နေပြီး တော့ ... ဟွန်း ... ကျုပ်က ဘယ်သိမှာလဲ ... "

ထွန်းဝေသည် ခင်စိန်အား အရက်ရှိန်ဖြင့်ရော မကျေနပ်တာရော ရောထွေးပြောကာ ခပ်စောစောထဲက သူ ပြင်ဆင်ထားသည့် မီးအုပ်ဆောင်း၊ ပလိုင်းတို့ကို ကောက်ယူလိုက်သည်။ ပြီးလျှင် သောက်လက်စအရက်ပုလင်း အား ပလိုင်းထဲသို့ထည့်လိုက်၏။ အနီးရှိ ကွမ်းရွက်ထည့်သော ပလတ်စတစ် အိတ်တွင်းက ကွမ်းရွက်နှစ်ရွက်ထပ်ကာ ထုံး၊ ဆေးဖျားများထည့်ကာ ပါးစောင် ထဲ ထည့်ငုံလိုက်သည်။

ဖားရိုက်ထွက်လျှင် လိုအပ်မည့် ကွမ်း၊ မီးခြစ်မှစ၍ ပလိုင်းထဲစုပြီး ထည့်လိုက်၏။ ပြီးနောက် ခမောက်ဆောင်း၊ ပလတ်စတစ်မိုးကာကိုခြုံကာ ထိပ်ဖျား၌ သံဆူးချွန်လေးခု တပ်ဆင်ထားသည့် ငါးထိုးမှိန်းကိုလှမ်းယူကာ တဲပေါ်ကနေ ဆင်းရန်ပြင်လိုက်လေသည်။

ခင်စိန်အား လှမ်းကြည့်လိုက်ပြီး ...

"ခင်စိန် ... ငါ ညဉ့်နက်ချင်နက်မှ နင့်ဘာသာ အိပ်တော့ ငါရွာ အနောက်ကွင်းဘက် သွားမှာ အဲဒီမှာ ပေါတယ်ဟ"

"များများသာရှာလာခဲ့တော်၊ ဒါမှ ရွာထဲမှပေါ်ဦးပေါ် ဖျားရောင်းစား ရမှာ၊ သူများတွေ ထွက်ရိုက်ချင်မှ ရိုက်မှာရှင် ... ဒီညနေလဲ ... ငါးမှ ဘာမှ မရဘဲ ... "

"အေးပါဟ ... စိတ်ချ"

ထွန်းဝေ ခေါင်းတစ်ချက်ညိတ်ရင်း တဲပေါ်ကဆင်းခဲ့သည်။ တဲအပြင် သို့ လှမ်းထွက်လိုက်သည်နှင့် အမှောင်ထုကြီးနှင့်တကွ လေ့ရမ်းတိုက်ခတ်လာ

www.burmeseclassic.com

www.burmeseclassic.com



သော အေးမြသည့်လေကြွမ်းအတွေ့ကို ခံစားလိုက်ရလေသည်။ အရက်အရှိန်ပင် ပျယ်ချင်သလိုလိုဖြစ်သွားရ၏။

သို့သော် ကိစ္စမရှိပါ။ သူ့နောက်ကျောရှိ ပလိုင်းထဲမှာ ရိက္ခာအပြည့် ပါလာသည်။ သည်အအေးဒဏ်ကို မီးတောက်အရက်က ကာကွယ်ပေးလိမ့်မည်။

မိုးကမူ လုံးဝစဲတိတ်သွားသည်မဟုတ်ဘဲ ဖွဲဖွဲလေးဆွေနေဆဲရှိသေးသည်။ ထွန်းဝေ သူ၏ခြေလှမ်းတို့အား ရွာအနောက်ဘက် လယ်ကွင်းပြင်ရှိရာသို့ ဦးတည်လှမ်းခဲ့လေတော့သည်။ သူ၏နားထဲမှာ ဖားအော်သံတွေကိုပင် ကြားယောင်နေမိသလိုရှိလေသည်။

ထွန်းဝေ နောက်ကျသွားမှာစိုးသည့်အလား ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလေသည်။ မိုးထဲလေထဲ၌ ထွန်းဝေရှေ့မှာ အမှောင်ထုသာ တည်ရှိလေသည်။ ပတ်ဝန်းကျင်သို့ လှမ်းကြည့်လိုက်သော်လည်း မိုးပဲအေး၍ပဲလား အပင်နှမ်းခဲ့ချင်ကြ၍လားမသိ။ ထွန်းဝေကဲ့သို့ ဖားရိုက်ထွက်သူများ၏ မီးရောင်အား မတွေ့ရချေ။

ထွန်းဝေ မီးအုပ်ဆောင်းအား မငြိမ်းရန် ထိန်းကိုင်ရင်း ဗွက်ထဲ ရွံ့ထဲ တစွပ်စွပ်နင်းလျှောက်သည်။ ပလိုင်းထဲတွင် အရေးပေါ်သုံးရန် ဓာတ်မီးအဟောင်းကြီးလည်း ပါလာ၏။ ထွန်းဝေက ဖားသားဆို အလွန်ကြိုက်သည်။ ကျော်စံကွေး ဖားလေးတွေအား ကာလသားချက် ရေပ်စပ်စပ်ဖြင့် ချက်စားရပါလျှင် ဆူဖြိုးဝေသော ငါးတန်သားဖြင့်ပင် မလဲလှယ်နိုင်လောက်အောင် ထွန်းဝေသည် ကြိုက်လွန်းလှ၏။ ထို့ကြောင့်လည်း ယခုကဲ့သို့ မိုးလေထဲမှပင် ရွာအနောက်ဘက်သို့ မြွေမကြောက် ကင်းမကြောက်ထွက်လာခြင်း ဖြစ်လေသည်။ ထွန်းဝေ မကြာမီမှာပင် ရွာအနောက်စပ် လယ်ကွင်းထဲသို့ ရောက်ရှိလာ၏။

ထွန်းဝေနားထဲမှာ ဖားအော်သံတွေ ကြားလာရလေပြီ။

"အုံးအွမ် ... အုံးအွမ် ... ကွမ် ... ကွပ် ... ကွပ်"

"ပွမ် ... "

ထွန်းဝေမီးအုပ်ဆောင်းအောက် ပထမဆုံးတွေ့လိုက်ရသော ဖားကို မှိန်းဖြင့်ထိုးလိုက်၏။ သံချွန်ဖျားပါလာသည့် ဖားကိုဖြုတ်ကာ ပလိုင်းထဲပစ်ထည့်လိုက်သည်။ တစ်နေ့လုံးတစ်ဆောင်းလုံး ပတ်ကြားအက်လယ်ကွင်းထဲ မြေအောက်ပုန်းနေကြသော အကြောပြောင်ပြောင် စိမ်းမှောင်မှောင် ကျော်စံကွေး ဖား



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတွေကမှ သူတို့၏ဘေးအန္တရာယ်ကို သူတို့သတိမမြဲမိရှာကြ။

မြူးကြပျော်ကြ အော်ဟစ်သံတွေသည် ရေဖွေးဖွေး ကွင်းတစ်ပြင်လုံး ဆူညံနေသည်။

"ကွမ် ... ကွမ် ... ကွမ် ... ကွပ် ... အုံးကွမ်"

"စွပ် ... စွပ်"

ရေစပ်ကန်သင်းရိုးတွင် မျက်လုံးလေးများ ပြူးကြောင်နေကြသည့် ဖားများသည် မီးကြောင်သွားစဉ် တစ်ကောင်ပြီးတစ်ကောင် ထွန်းဝေ၏ ပလိုင်းထဲသို့ရောက်ရှိသွားကြလေသည်။ ထွန်းဝေသည် ဖားများတွေ့ရလ သဘောကျလေဖြင့် ပလိုင်းထဲရှိ အရက်ပုလင်းကိုထုတ်ကာ တစ်ကျိုက်မော့လိုက်ပြန်သည်။ အရက်ရှိန်သည် ရင်ထဲရှိအအေးဒဏ်ကို ပူနွေးသွားစေ၏။

"အဟား ... ကွင်းထဲကဖားတွေအကုန်ရမှာ ... ခင်စိန်ကတော့ ပျော်နေဦးမှာပဲ ... ဟီး ... ဟီး ... "

"ဟင် ... "

ထွန်းဝေသည် ဖားဖောဖြင့် ဖားကိုရိုက်သာလာခဲ့သည်။ ယခုသူ သတိရ၍ ကြည့်မိတော့ ရွာအနောက်ဘက် သချိုင်းကမ်းစပ်သို့ပင် ရောက်နေမှန်းသိရသည်။ သချိုင်းကုန်းသည် သူတို့ ကရင်ချောင်းရွာ၏ သချိုင်းဖြစ်ပြီး သုသာန်တစပြင်ဟူသည့်အတိုင်းမှောင်ကြီးမဲကြီးထဲ၌ သစ်ပင်များ၊ ဝါးရုံတောများကြောင့် အရိပ်မည်းမည်းကြီး ငုတ်တုတ်ထိုင်နေသကဲ့သို့ ထင်မှတ်ရသည်။ ထွန်းဝေသည် တစ္ဆေသရဲနာနာဘာဝများကို ကြောက်လန့်တတ်သူမဟုတ်ပါချေ။

သို့သော် သူ၏ပလိုင်းအား ငုံ့ကြည့်မိလိုက်သောအခါ ဖားများမှာ အတော်များများရနေသည်ဖြစ်သည့်အပြင် အအေးဒဏ်ကြောင့်လည်း ချမ်းတုန်နေပြီမို့ ထွန်းဝေပြန်ရန် ပြင်လိုက်၏။

ထိုစဉ် ...

"အုံးအွမ် ... "

"ဟာ ... "

ထွန်းဝေ အမှောင်ထဲ၌ မျက်လုံးပြူးသွားရသည်။ မည်သည့်အတွက်ကြောင့်ဆိုသော် သူ၏ရှေ့မလှမ်းမကမ်းမှ အသံဖြင့်အတူ ကြီးမားစိမ်းပြာသော ဖားကြီးတစ်ကောင်အား မြင်တွေ့လိုက်ရခြင်းဖြစ်သည်။ ဤမျှကြီးမားသော ဖားကြီးအား ထွန်းဝေတစ်သက် တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ဖားကြီးသည် နှစ်ချို့တွင်းအောင်းနေသည့် ဖားကြီးပင် ဖြစ်ပေမည်။

ဖားကြီးသည် ထွန်းဝေအား ပြူးဝိုင်းသော မျက်လုံးကြီးများဖြင့်ကြည့်ကာ ကွပ်ခနဲအော်လျှက် လှစ်ခနဲခုန်ပေါက်သွားလေ၏။

"ကွပ် ... "

ထွန်းဝေသည် သူ၏စိတ်ကို မချုပ်တီးနိုင်တော့ဘဲ စားဖားကြီး ခုန်လွှားသွားရာသို့ လိုက်ပါသွားမိသည်။ ဤမျှကြီးမားသော နှစ်ချို့ဖားကြီးအား ထွန်းဝေလက်လွှတ်ခံ၍ မဖြစ်ပေ။ ထွန်းဝေ၏စိတ်တွင် တွင်းအောင်းဖားကြီးဖြစ်၍ အရွယ်ပမာဏမှာ တစ်ပိဿာခန့်ရှိမည်ထင်ရပြီး အုန်းသီးတစ်လုံးခန့်မျှကြီးမားလေသည်။

"ကွပ် ... ကွပ်"

ဖားကြီးသည် ထွန်းဝေအား ကလူ၏သို့မြူ၏သို့ပမာ ဖားသံပေးလျှက် သုသာန်ဘက်ဆီသို့ ခုန်ပေါက်လျှက် လျှင်မြန်စွာ လွှားခနဲလွှားခနဲ ခုန်သွားလေတော့၏။ ထွန်းဝေသည် ဘာမှမစဉ်းစားတော့ပါ။ သူတွင် အလိုအလောဘမခံချင်စိတ်ဖြင့် ဖားဖောကပ်လေပြီ။ ဤမျှ ကြီးမားသည့် တွင်းအောင်းဖားကြီးကိုသာ သူရရှိလိုက်ပါလျှင် မနက်ကျရွာထဲ၌ ထွန်းဝေကြွား၍ရပေပြီ။

ယင်းသို့ ဖားကြီးမှာ လွှားခနဲ လွှားခနဲ ခုန်ပေါက်ပြေးလျှက် ထွန်းဝေကလည်း မှိန်းဖြင့် နောက်ကနေလိုက်လျှက် သုသာန်ကုန်းတွင်း မြေပုံကြားအုတ်ဂူကြားတွေရောက်ရှိလာခဲ့တော့သည်။ ဖားကြီးသည် ထွန်းဝေ၏ ဓာတ်မီးအလင်းမှိန်မှိန်အောက်၌ ပျောက်သွားလိုက် ပြန်ပေါ်လာလိုက်ဖြင့် တကွပ်ကွပ်အော်နေ၏။

တစ်ခါတစ်ရံ မြေပုံမို့မို့တွေကြား လှစ်ခနဲပျောက်သွားလေသည်။

"အုံးကွပ် ... အုံးကွပ်"

ပမာဆိုရသော် ထွန်းဝေနှင့်ဖားကြီးမှာ လူသူကင်းမဲ့နေသည့် ရွာသုသာန်ကုန်းကြီးထဲ၌ လိုက်တန်းပြေးတန်း ကစားနေသကဲ့သို့ ရှိလေသည်။ ကြာတော့ ထွန်းဝေသည် ဒေါသထွက်လာပြီး ဖားကိုနှုတ်ကနေ အယုတ္တ အနတ္တဆဲရေးလေတော့၏။

"တောက် ... ခွေး ... မသား ... ဖား"

"မိရင်တော့ နေရာမှာတင် အရေစုတ်မီးကင်ပြီး အရက်နှံမြည်းပစ်မယ် ... ငါ့ကို ဘာကောင်မှတ်နေလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဝေါ ... ဖရော ..."

"ဂစ် ... ဂီး ..."

တိတ်ဆိတ်ငြိမ်သက်နေသည့် သုသာန်တစပြင်ဖြစ်၍ ဟိန်းထွက်နေသည့် ကရင်ချောင်းရွာသား ထွန်းဝေ၏ ကြိမ်းတမ်းစွာ ဆဲရေးသံကြောင့် ညဉ့်ငှက်တချို့ မှောင်ကြီးမည်းကြီးထဲ ထပြန်သွားလေသည်။ လေကြမ်းတွေကလည်း တဝေါဝေါဝှေ့ရမ်းတိုက်ခိုက်လာ၍ သုသာန်တွင်းရှိ သစ်ပင်ကြီး သစ်ပင်ငယ်များ ချုံနွယ်များ တဖျောဖျောမြည်ဟီးသွားကြ၏။ ထွန်းဝေ အရက်ပုလင်းအား အကုန်မော့လိုက်မိသည်။

သာမန်လူတစ်ယောက်ဆိုလျှင် ထိတ်လန့်အသည်းငယ်စရာကောင်းသော ဤသို့ကာလညအခါ သုသာန်တစပြင်ကြီးထဲ၌ သွေးပျက်လိပ်ပြာလွင့်သွားနိုင်လောက်သည်။ ထွန်းဝေကမူ သုသာန်ကော ဘာကော ဂရုမစိုက်ပါ။

မည်သူ့ကိုမှလည်း သောက်ထားသည့်အရက်ရှိန်ကြောင့်ရော နဂိုထဲက ဂျစ်ကပ်ကပ် ပေတူးတူးရွတ်ချင် ရွဲ့ချင်သည့် စိတ်အခံကြောင့်ရော တွင်းအောင်းဖားကြီးအား လိုချင်တပ်မက်စိတ်ကြောင့်ရော ဘာဆိုဘာမှ ဂရုမစိုက်မိပေ။ နဂိုထဲက သရဲမကြောက်တစ္ဆေမကြောက် လူစားမို့လည်း ဖားဓာတ်သော တစ်ကိုယ်လုံးစီးနေသယောင် ထင်ရလေသည်။ လူလည်းမောပန်း၍ ဒေါသ ထွက်နေလေပြီ။

"ကွမ် ... ကွမ်"

နောက်ဆုံး ကြီးမားလှသည့် နှစ်ချို့တွင်းအောင်း ဖားကြီးမှာ အုတ်ဂူ အပြိုအပျက်နှစ်ခု ထိပ်တိုက်ဆုံရာကြားထဲ၌ ပြေးပေါက်မရှိ ပိတ်မိသွားလေတော့သည်။ ထွန်းဝေ ဖားကြီးအား အံကြိတ်၍ ကြုံးဝါးလိုက်၏။

"တောက် ... ကဲ ... မအေတစ်ရာကောင်၊ မင်း ဘာတတ်နိုင်သေးလဲ ... ခွေးမသားဖား ... ကဲ ... သေစမ်းကွာ"

"ဟင် ..."

ဖားကြီးမှာ အုတ်ဂူပျက်ကြီးကနေ ထွန်းဝေအား ပြူးဝိုင်းသည့် မျက်လုံးကြီးများဖြင့် မော့ကြည့်နေ၏။ ထွန်းဝေ ဒေါသထွက်ထွက်ဖြင့် လက်ထဲရှိ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့် ငါးထိုးမှိန်းအား မြှောက်လိုက်စဉ် ဟင်ခနဲ အသံထွက်ပေါ်သွားလေသည်။ ထွန်းဝေ၏ အရက်ရှိန်တက်လာသည် ပဲလားအမူးရှိန်ကြောင့် မြင်မိမြင်ရာ မြင်နေသည်ပဲလား။ သူ့အမြင်မှာ တွင်း



www.burmeseclassic.com

www.burmeseclassic.com



အောင်းဖားကြီးသည့် တဖြည်းဖြည်း ခုံးထကြီးမားလာသည်ထင်မိသည်။

"ကွမ် ... အုံးကွမ်"

ထွန်းဝေ အမြင်မှားခြင်းမဟုတ်ပါ။ တဖြည်းဖြည်းမှုလခန္ဓာကိုယ်ထက် လေပူပေါင်းကြီးတစ်လုံးပမာ ကြီးမားလာသည့် ဖားကြီး၏ထံကနေ အုံးကွမ် မှူသောအော်သံကြီးက အက်အက်ကွဲကွဲ အူသံကြီးပမာ ထွက်ပေါ်လာလေ သည်။

ထွန်းဝေ၏ဆံပင်မွေးများ ထောင်ထသွားပြီး ခေါင်းဖျားကနေ ခြေဖျား ထိ ကြက်သီးမွေးညင်းများ တဖြန်းဖြန်းထသွားလေတော့သည်။ ထွန်းဝေ ချာခနဲ

"အတီး ... ဟီး"

"အောင်မလေးဗျ ... "

ဖနောင့်ဖြင့်တင်ပါး တစ်သားတည်းကျအောင် ထွန်းဝေ ယင်းနေရာ ကနေ ထွက်ပြေးလေတော့၏။ သစ်ကိုင်းများ နဘူးခြုံများ ငြိကပ်လျှက် မှတ် တိုင်တွေ မြေပုံမှိုမှိုတွေကို မည်သို့မည်ပုံ တွန်းထိုးတိုက်လဲ ပြီးသည်မသိတော့။ ထွန်းဝေ၏ မကြောက်မလန့်တတ်သော စိတ်အတွေးအာရုံဖြင့် မျက်လုံးမှာတော့ ညဏ်အမှောင်ထုကြီးကို မမြင် ...

ကြောက်မက်သွေးပျက်ဖွယ်ရာ မျက်နှာကြီးသာ ... ။



www.burmeseclassic.com

www.burmeseclassic.com

## ရေစေပါ်ကျွန်းမှပစ္စည်းများ

ထွန်းဝေအား ပထမဦးဆုံး စတင်တွေ့ရှိသူမှာ ကရင်ချောင်းရွာအစွန်ရှိ ဦးလှကိုကြီးဖြစ်သည်။ ဦးလှကိုကြီးသည် မနက်ခင်းအရုဏ်ကျင်းလျှင် ထနေကျအတိုင်း နွားစာထကျွေးစဉ် ခြံအရှေ့ဘက်တွင် လဲပြိုနေသည့် အရိပ်သဏ္ဍာန်တစ်ခုအား မြင်မိ၍ သွားရောက်ကြည့်ရှုရာမှ ထွန်းဝေမှန်းသိရလေတော့၏။ ဦးလှကိုကြီး၏ အော်ဟစ်အကူအညီတောင်းသံကြောင့် ရွာသားအချို့ ရောက်ရှိလာပြီး ကူညီ၍ ထွန်းဝေ သူ့တဲသို့ ပြန်ရောက်လာသည်။ ကံကောင်း၍ ထွန်းဝေ မသေပါ။

သို့သော် မိုးလင်း၍ ထွန်းဝေ သတိရလာသောအခါ ရွာသူရွာသားများ ရော ခင်စိန်ကပါ မေးစမ်း၍ ထွန်းဝေ သူကြုံတွေ့ရသောအဖြစ်အား ပြန်ပြောပြလေသည်။

"အဲဒါပါပဲဗျာ ... ကျုပ်လည်း မကြုံဘူးတော့ ကြောက်ကြောက်နဲ့ စွတ်ရွတ်ပြေးတာ ... အမူးလည်း ဘယ်ရောက်တယ်မသိ ... ကျုပ်နားထဲ ဖားအော်သံကြီးပဲကြားနေရတယ် ... နောက်ဆုံး ဘယ်လိုဖြစ်ပြီး အိမ်ပြန်ရောက်မှန်းတောင် မသိပါဘူးဗျာ ... "

"ဟာ ... မင်းကို ပြောပြသလိုပဲလေ ... ဦးလှကို ခြံစပ်မှာ သတိလစ်ပြီးလဲနေလို့ အိမ်ထိ သယ်လာရတာ မင်းမမှတ်မိဘူးလား ..."

"မသေကောင်း မပျောက်ကောင်း ကိုထွန်းဝေရယ် ... အဲဒါ

www.burmeseclassic.com



ဖားသားစားချင်ဦးလေ ... ”

“အမလေး ... တော်ပါပြီ ... ”

“ထွန်းဝေ ... မင်း အဲဒီဖားကြီးကိုတွေ့ခဲ့တာ တကယ်လားကွ”

“ဟာ ... ဘာလဲ ... ငါက မင်းတို့ကို ဘာလို့ညာရမှာလဲကွ၊ ငါ မူးနေတယ်ဆိုပေမယ့် အထင်အရှားကြီးကွ ... ”

သူတို့၏စကားကို ခြံနားနီးခြင်းဖြစ်သူ ဦးဘထွားက ဝင်ရောက် ...

“ဟေ့ကောင် ... ထွန်းဝေ”

“ဘာလဲဗျ ... ဦးလေးထွား”

“မင်း ... ညက ကွင်းထဲကို ဖားရိုက်ထွက်တော့ မူးလည်းမူးနေ၊ ပြီးတော့ ကွင်းပိုင်နယ်ပိုင်တွေကို မင်းဘာမှမတင်မမြှောက်ဘူး မဟုတ်လား ကွ”

“ဟာ ... ဦးကြီးထွားကဗျာ ... ကျုပ် ... ဒါတွေကို သိပ်အယုံ အကြည်မရှိမှန်းလည်း ဦးထွားကြီးအသိသား ... အဲဒါနဲ့ မဆိုင်ပါဘူးဗျာ၊ ကျုပ်ကို ဖားသရဲက ဒဏ်ခတ်ချင်လို့ ခြောက်တာပါဗျာ ... ”

ဦးဘထွားသည် ထွန်းဝေ၏ ဆင်ခြေကန်စကားကြောင့် မကျေမချမ်း ကြည့်ကာ ...

“အေးလေ ... မင်းက ဘုရားမရှိ တရားမရှိတဲ့ ကောင်မှန်း ငါတို့ တစ်ရွာလုံး သိနေတာပဲ — ဒါကြောင့်လည်း မင်းကို ကွင်းပိုင်နယ်ပိုင်တွေက အရိပ်အယောင်ပြတာနေမှာပါကောင်ရ ... မသေတာကံကောင်း”

“ပြောတော့ ဟိုဟာမယုံ ဒီဟာမယုံနဲ့ ... ”

“ဟာ ... မဆိုင်တာဗျာ”

ထွန်းဝေ ထိုမျှသာ ပြောနိုင်သည်။ အမှန်တကယ်လည်း မနေ့ညက ထွန်းဝေ သူရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် မြင်ကွင်းသည် သူ အရက်မူးနေ၍ ထင်မိ ထင်ယောင်မြင်မိတာလား။ အမှန်တကယ်ပင် သူ ဖားသရဲကြီးဖြင့် မြင်တွေ့ခဲ့ ရတာလား ခုချိန်ထိ ဒွိဟဖြစ်နေဆဲ ...

သို့သော် ...

လက်တွေ့မှာက သူသည် မည်သို့မည်ပုံ တဲသို့ပြန်ရောက်ခဲ့မှန်း မသိခြင်း ...

မနေ့ညက သူ ယူဆောင်သွားသော ပစ္စည်းပစ္စယများသည် တစ်ခုမှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပါမလာခဲ့ခြင်းက ထင်ရှားနေသည်။ ထွန်းဝေကိုယ်တိုင်လည်း သူ တကယ့်အဖြစ်ဆန်းဖြင့် ကြုံတွေ့လာရမှန်း သူ့ကိုယ်သူ သိနေသည်။

ဦးဘထွား ခုနပြောဆိုလိုက်သလို ညတုန်းက ထွန်းဝေ ကွင်းပိုင်နယ်ပိုင်တွေအား မပသ မတင်မြှောက်မိ၍ သူ့အား အမြင်မှောက်မှားအောင် ပြသခြင်းပေလော့ဟုလည်း တွေးနေမိသည်။ သူတို့နယ်မှာ အစဉ်အဆက် ဓလေ့တစ်ခုရှိသည်။

ယင်းမှာ ရှေးအစဉ်အဆက်ကပင် တံငါများ လယ်ပိုင်ချောင်းပိုင်များ လယ်ထဲဆင်းမည်၊ ငါးရှာဖားရှာမည်ဆိုပါလျှင် ကွင်းပိုင် နယ်ပိုင် မမြင်အပ်သော ပရလောကသားများအား အရက်မှစ၍ ကြက်၊ လက်ဖက်တရိုး၊ ကွမ်းတစ်ယာစသဖြင့် တင်မြှောက်ပသပြီးမှသာလျှင် ငါးရှာ၊ ဖားရှာ ထွက်ကြလေ့ရှိသည်။ ထိုဓလေ့သည် ပင်လယ်ဖြင့်နီးသော မြစ်ဝကျွန်းပေါ် ရေချို၊ ရေငန်နယ်များမှာ နေထိုင်သက်မွေးကြသူများ၏ဓလေ့ပင် ဖြစ်လေသည်။

ထိုသို့ အစဉ်အလာကို မေ့လျော့၍ မပသ မတင်မြှောက်မိပါက လုပ်ငန်းကိုင်ငန်းများသည် မျှော်လင့်မထားသည့် အနှောင့်အယှက် အဖျက်အဆီးများ တွေ့ကြုံရလေ့ရှိသည်ဟု အယူစွဲရှိကြ၏။ ရှေးထုံးလည်းမပယ်နှင့်ဟူသော စကားအတိုင်းပင် မဟုတ်ပါလား။

"ဦးထွားကြီးပြောတာဟုတ်တယ် ထွန်းဝေ - မင်းက တဇောက်ကန်းသမားမို့ ကွင်းပိုင်ကြီးတွေက ကြောက်လန့်အောင် ခြောက်ပြလိုက်တာနေမယ်၊ မင်းပြောသလို အုန်းသီးလောက်ကြီးတဲ့ဖားကို ငါတစ်သက် တစ်ခါမှ မကြားဖူးပါဘူးကွာ ..."

"အေးလေ ... အဲဒါ တကယ့်ဖားမဟုတ်ဘဲ ... မကောင်းဆိုးဝါးနာနာဘာဝတွေက ဖားသဏ္ဍာန်ဟန်ဆောင်ထားတာ သေချာတာပေါ့ကွ"

"ဟာ - တကယ့်ဖားမှာ တကယ့်ဖားကြီးပါကွာ - အသံကလည်း တကယ့်ဖားသံပါကွ ... အကြောတွေကို စိမ်းနေတာပဲ ..."

"တကယ့်ဖားဆိုရင် မင်းရလာရမှာပေါ့ ... ဘယ်မှာလဲပြလေ၊ လူဆောင် မသေရုံတမယ် ပြေးလာရပြီးတော့ - ကံကောင်းလို့ ဦးလှကို တွေ့လို့ပေါ့ ... နို့မို့ မိုးထဲရေထဲ လေဖြတ်အအေးပတ်ပြီး သေမှာမောင်"

"ဒါထက် ... မင်း ပစ္စည်းတွေရော သွားရှာကြည့်ပြီးပြီလား"

"ဘယ်ရှာရဦးမလဲကွာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ငါ အဲဒီသုသာန်ထဲ ထပ်သွားရမှာတောင် ကျောက ခပ်စိမ့်စိမ့်ရယ်ကွ ..."

ယင်းအချိန်မှာပင် ရွာထဲက တံငါသည်တစ်ယောက်ဖြစ်သည့် ခင်ထွေးသည် ထွန်းဝေ၏ခြံဝိုင်းထဲသို့ ဝင်လာသည်။

"ဟော့ကောင်ထွန်းဝေ ... ဒါ မင်းပစ္စည်းတွေမဟုတ်လား"

"ဟင် ..."

ခင်ထွေး၏ အသံပြကြီးနှင့်အတူ လက်ထဲမြှောက်ပြလိုက်သော မလိုင်းကြောင့် ထွန်းဝေ အံ့ဩသွားရသည်။ ခင်ထွေးယူလာသည်က သူ့ပလိုင်းမှ သူ့ပလိုင်းအစစ် ...

ယခုလေးတင်ပဲ ထွန်းဝေ ပစ္စည်းတွေအကြောင်းပြောမိကာ နှမြောနေမိသေးသည်။ သူ နေကောင်းမှသာ သွားယူမည်ဟု တွေးထား၏။ ထွန်းဝေ ဝမ်းသာအားရဖြင့် ...

"ဟာ ... ဟုတ် ... ဟုတ်တယ် ခင်ထွေး ... မင်း ဘယ် ... ဘယ်ကပြန်ရလာတာလဲ ..."

"ဘယ်က ရရမှာလဲကွ ... ရေပေါ်ကျွန်းကပေါ့ ... ငါ့ပိုက်ထဲလာငြိနေလို့ကွ ... ဘာလဲဆိုပြီး ဖော်လိုက်မှ ဒါတွေဖြစ်နေမှန်းသိရတာ"

"ဟင် ... ရေပေါ်ကျွန်းဟုတ်လား"

"အေး ... ဘာဖြစ်လို့လဲ ... ရေပေါ်ကျွန်းဆိုတာနဲ့ပဲ မင်းတို့ရဲ့မျက်နှာတွေက ပြောင်းလဲသွားလိုက်ကြတာ ... ငါက လိမ်ပြောတယ်မှတ်လို့လား ..."

"မ ... မဟုတ်ပါဘူးကွာ ... အံ့ဩလွန်းလို့ပါ ... ဒီကောင် ထွန်းဝေ မူးကြောင်ရူးကြောင်နဲ့ပြောတာ ပစ္စည်းတွေက သချိုင်းမှာ ကျန်ခဲ့တာတဲ့ကွ ဒါကြောင့် အံ့ဩနေတာ"

"ထွန်းဝေ ... မင်းဉစ္စာက ဟုတ်မှဟုတ်သေးရဲ့လားကွာ"

"ငါ ... ငါလည်း ဘာပြောမှန်း ... မသိတော့ဘူးကွ"

ထွန်းဝေသည် ဘဝတူ ရွာသားအချို့ ဝိုင်းဝန်းမေးနေသည်ကိုဦးခေါင်းသာ တွင်တွင်ခါယမ်းပြနေမိလေတော့သည်။ ခင်ထွေးယူလာသည့် ပစ္စည်းသည် ယမန်နေ့ညက သူယူဆောင်သွားခဲ့သည့် ပစ္စည်းတွေဖြစ်ပါသည်။ ထူးခြားသည်မှာ ပစ္စည်းများသည် ခင်ထွေးပိုက်ထဲမှာ လာငြိသည်ဆိုသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆုံးခြင်းမရှိခြင်းပင်။

ယင်းအပြင် ထိုပစ္စည်းများအား ထွန်းဝေကျန်ရစ်ခဲ့သည်မှာ ရွာအနောက်တောစပ်ရှိ ကရင်ချောင်းသုသာန်ထဲ၌ဖြစ်ပြီး ယခု ခင်ထွေးရရှိလာသည့်နေရာသည် ရေပေါ်ကျွန်းဟူ၍ ကာယကံရှင် ထွန်းဝေပင် မတွေးတတ်အောင် ဖြစ်သွားမိသည်။

ထွန်းဝေအား ရူးနေပြီဟူသောအကြည့်ဖြင့် စိုင်းကြည့်နေခြင်းကိုလည်း ထွန်းဝေခံနေရသည်။ ဇနီးသည်ဖြစ်သူ မခင်စိန်ကပင် ...

"ကိုထွန်းဝေ ... ရှင် ... ရှင် စိတ်တော့မှန်ပါတယ်နော်"

"ဟာ ... ဒီမိန်းမ ... ငါလုပ်လိုက်ရ ... ကိုယ့်လင်ကို အရူးအနှမ်းထင်နေရသလား ... ငါ အဲဒီဖားကြီးနဲ့ သုသာန်ထဲမှာ တွေ့ခဲ့တာပါဆို"

"အို ... အဲဒါဆို ဒီပစ္စည်းတွေက ဘယ်လိုလုပ် ရေပေါ်ကျွန်းကို ခြေထောက်ပေါက်ပြီး ရောက်သွားရတာတုန်း ..."

"ငါလည်း အဲဒါကို မစဉ်းစားတတ်လို့ပေါ့ဟ ... ဟူး"

ထွန်းဝေသည် စကားကို ဒေါနှင့်မောနှင့်ပြောကာ လေပူကြီးအား မှုတ်ထုတ်လိုက်မိ၏။ ခဏအကြာ ခြိနီးခြင်း ဦးဘထွားအပါအဝင် ဦးလှကိုး စိန်မောင်၊ ညိုလှနှင့် ခင်ထွေးတို့ အသီးသီးပြန်သွားကြ၏။ ထွန်းဝေသည် တဲထောင့်တိုင်အားမှီကာ သူဖြစ်ပျက်ခဲ့တာတွေကို ပြန်စဉ်းစားနေမိသည်။ တကယ်လည်း သူကိုယ်တိုင်ပင် ရူးချင်ချင်ဖြစ်လာလေပြီ။

ဖားသရဲကြီးနှင့်တွေ့ဆုံပြီးနောက် ထွန်းဝေ ခြေဦးတည့်ရာထွက်ပြေးခဲ့သည်။ ကျန်ရစ်ခဲ့သည့် ဓားတို့ကို ခင်ထွေးသည် ရေပေါ်ကျွန်းကနေ ပြန်ယူလာပေးလေသည်။ ဒါကိုပင် ထွန်းဝေ စဉ်းစားမရခြင်းဖြစ်ပေသည်။

မည်သည့်အတွက်ကြောင့်ဆိုသော် ရေပေါ်ကျွန်းဟူသည်မှာ သူတို့ရွာဖြင့် ဆယ်မိုင်မက ကွာဝေးပြီး လှေဖြင့်ရေစုန်ပင်လျှင် အတော်သွားမှ ရောက်သည့်နေရာဖြစ်နေ၍ပင်။ ရေပေါ်ကျွန်းကြီးကို သည်မြစ်ရိုးတစ်ပိုင်ရှိ ရေလုပ်သားတံငါများ ရွာထိပ်ရွာဖျားများပါ ကြားဖူးနေကြသလို တော်ရုံတန်ရုံ လှေသမားပိုက်သမားများ ရေပေါ်ကျွန်းသို့ ငါးရှာဖားရှာ မသွားဝံ့ကြပေ။

ရေပေါ်ကျွန်းသည် အစဉ်အဆက် နာမည်ကြီးသော ကျွန်းကုန်းသေးတစ်ခုဖြစ်သည်။ ကရင်ချောင်းရွာ၏တစ်ဘက်ကမ်းတွင် ကြီးမားသောရွှေသောင်မြေရွာကြီးကလည်း မလှမ်းမကမ်းတွင် တည်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရေပေါ်ကျွန်းဟူသည် မြစ်ရိုးထိပ် မြစ်လက်တက်ခွဲနေရာတွင် တည်ရှိသည့် အုပ်ဆိုင်းသည့် ကုန်းမြေတန်း အငူကြီးတစ်ခုပင်ဖြစ်လေသည်။ မြစ်လက်တက်ချောင်းလက်တက် သုံးလေးခုဆုံစည်းရာနေရာတွင်ရှိသော ကျွန်းကြီးတစ်ခုဖြစ်၏။ ထူးခြားသည်မှာ ယင်းရေပေါ်ကျွန်းဟူသောနေရာသည် ရေစစ်ချိန်နွေကာလကြသောအခါ၌ မြစ်ခွဆိုင်ရှိကျွန်းသို့ သွားရောက်ရန် ကုန်းမြေနှင့်တစ်ဆက်တည်း ကုန်းတန်းကြီးပေါ်လာလေ့ရှိပြီး ထင်းခုတ် ဝါးခုတ်သူများသွားလာ၍ရပေ၏။

သို့သော် မိုးတွင်းကာလ ဝါဆိုဝါခေါင်ရေဖောင်ဖောင်အချိန်မျိုးနှင့် လပြည့်ရက်ရေထချိန် ရေမြူးချိန်များတွင်မူ ရေပေါ်ကျွန်းသည် တစ်ပိုင်းတစ်စခန့် ရေထဲနစ်မြုပ်နေကြလေသည်။

ထိုအချိန်တွင် ပိုက်သမား တံငါလေ့များသည် ယင်းရေပေါ်ကျွန်းကြီးအနားသို့ သတ္တိကောင်းသူအချို့ လောဘရမ္မက်ကြီးသူအချို့ သွားရောက်၍ ပိုက်ချတတ်လေ့ရှိသည်။

တတ်နိုင်ပါက ရေပေါ်ကျွန်းအား ရှောင်လွှဲသွားကြစမြဲပါတည်း။ အဘယ်ကြောင့်ဆိုသော် ရေပေါ်ကျွန်းမြေဖြင့်ပတ်သက်၍ တံငါသမား ပိုက်သမားများ အစဉ်အဆက်ကပင် ရေပေါ်ကျွန်းသည် နတ်ကြီးသည်၊ အစောင့်အရှောက် ပရလောကသားများရှိသည်ဟု သတင်းကြီးသလို ရင်ဆိုင်ကြုံတွေ့ရသော အဖြစ်အပျက် အတွေ့အကြုံများစွာလည်း ရှိနေခဲ့ခြင်းကြောင့်ပင်တည်း။

ရေပေါ်ကျွန်းကြီးသည် ကုန်းမြေတစ်ခုဖြစ်သလို ယင်းကျွန်း၏ အောက်၌ နဂါးသိုက် ငါးသိုက်များသာမက မိချောင်းသိုက်များပါရှိသည်ဟုလည်း အစဉ်အဆက် ရွာသားများက စွဲလမ်းယုံကြည်ကြလေသည်။

အမှန်တကယ်လည်း ရေပေါ်ကျွန်း အနီးတစ်ဝိုက် ပိုက်ချငါးရှာကြသော တံငါများသည် ကြီးမားသော ငါးကြီးများနှင့် မကြုံစဖူး ငါးများအရထူးကြသည်။ ထို့ကြောင့်လည်း ရေပေါ်ကျွန်းအနား တံငါများပိုက်ချ၍ ငါးရှာကြချင်ကြသော်လည်း သတ္တိမကောင်းသူ အဖော်အလျော်မပါသူများ အနားသို့ မသိဝံ့ကြပါချေ။

ငါးရသည်ထက် သူတို့၏ လူ့ဘဝကလေး ပေးဆပ်ရမှာကို ကြောက်၍ကြ၍လည်းဖြစ်သည်။ အမှားအယွင်း တစ်စုံတစ်ရာပြုမိပါက လေ့ချည်းသာ ရွာသို့ ပြန်ရောက်လာတတ်သည်ဟုလည်း တံငါသည်တိုင်း လက်ခံထားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုထက်မက ထူးခြားဆန်းကြယ်သည်မှာ ယင်းရေပေါ်ကျွန်း၏ အလယ်လောက်တွင် မည်သည့်ခေတ်ကာလလောက်ကတည်းက တည်ရှိခဲ့မှန်း မသိသော အုတ်ရိုးဟောင်း အဆောက်အအုံပျက် တစ်ပိုင်းတစ်စဖြင့် ယင်းဖြင့် မလှမ်းမကမ်းမှာ နွယ်မြက်သစ်ပင်များ ဖုံးလွှမ်းနေသော ရုပ်တုပျက်ကြီးတစ်ခု လည်းရှိနေခြင်းဖြစ်သည်။ ယင်းရုပ်တုပျက်ကြီးမှာ လက်တစ်ဖက် နှစ်ပရိစ္ဆေတ များစွာကြာပြီဖြစ်၍ တံတောင်ဆစ်နေရာမှာ ကျိုးပဲ့နေပြီး နွယ်ပင်များက ရစ်ပတ် ထိုးဖော်ကာလျှက်ရှိသည်။

အချို့ကလည်း ယင်းရုပ်တုကြီးအား ကျွန်းပိုင်အရှင်မဟုလည်း ပြောဆို ကြ၏။ သို့သော် မည်သူမျှတော့ ယင်းရုပ်တုပျက်ကြီးနှင့် ရေပေါ်ကျွန်းကြီး အကြောင်း ရေရာသေချာစွာ သိရှိသူ ပြောပြနိုင်သူမရှိချေ။

ယင်းရေပေါ်ကျွန်းအနားသို့ ထွန်းဝေ သုံးလေးကြိမ်ပိုက်သွားချဖူးသည်။ ယခုမှု ထွန်းဝေ မနေ့ညတုန်းက ဖားရိုက်ထွက်ခဲ့ရာကနေ မည်သို့မည်ပုံ ရွာစပ် သုသာန်ထဲမှာ ကျန်ရစ်ခဲ့သည့် သူ့ပလိုင်းနှင့် ပစ္စည်းတွေ ရေပေါ်ကျွန်းသို့ ရောက်ရှိသွားရသလဲဆိုတာ ထွန်းဝေ မစဉ်းစားတတ်တော့ပေ။

သူကိုယ်သူလည်း ယခုချိန်ထိတိုင်အောင် ဖားသရဲကြီးဖြင့် သူ အမှန် တကယ်ကြုံတွေ့ခဲ့သည်လား၊ အရက်ရှိန်ကြောင့် အမူးလွန်ပြီး စိတ်ထဲမြင်ယောင် ရာတွေ မြင်ခဲ့ရလေသလား ယခုထိ မဝေခွဲနိုင်သေးတာတော့ အမှန်ပင်ဖြစ် သည်။

"ဟူး ... "



www.burmeseclassic.com

www.burmeseclassic.com

## မိုးသည်းည တစ်ည

အချိန်က ညနေရီသန်းစပြုနေပေပြီ။

ချောင်းပြင်ကျယ်ကြီးထဲမှာ စပါးငါးဆယ်ခန့် လှေသမ္ဗာန်ကြီးတစ်စီးသည် ရေဆန်အား တအိအိလှော်ခတ်လာလေ၏။ လှေသမ္ဗာန်၏ပဲ့ပိုင်းတွင် ပေါင်းမိုးတစ်ခုပါပြီး သမ္ဗာန်ပဲ့တွင်မူ လူရွယ်တစ်ဦးသည် သမ္ဗာန်အား အားကြိုးမာန်တက် လှော်ခတ်လျက်ရှိသည်။

လူရွယ်၏မျက်နှာပြင်ထက်မှာမူ နေရောင်ကြောင့်ရော သမ္ဗာန်၏ဝန်ကြောင့်ရော ချွေးတို့ သီးခိုနေကြလေသည်။ ယင်းအပြင် သူ၏မျက်နှာထက်မှာလည်း တစ်စုံတစ်ရာကို စိုးရိမ်ပူပန်နေဟန်က ထင်ရှားစွာ ယှက်သန်းနေသည်။ လှေမှာ ဆားသမ္ဗာန်လှေဖြစ်ပေ၏။

သူတို့လှေမှာ ဤမြစ်ရိုးတစ်လျှောက်ရှိ ရွာစဉ်ရွာသိမ်များ ချောင်းဖျားမြောင်းဖျားသို့လှည့်လည်ကာ ဆားများ လိုက်လံရောင်းချသည့် လှေဖြစ်လေသည်။ ဤတွံတေးမြစ်ဝတစ်ပိုင် ကရင်ချောင်းရွာ နီးချုပ်စပ်ရှိ ရွာပေါင်းများစွာတို့မှာ ဆားကုန်သည်မောင်ရိုးဆိုလျှင် မသိသူမရှိကြပေ။

ပင်လယ်လုပ်ငန်း တံငါသမားများမှ ပင်လယ်က ဖမ်းဆီးရရှိလာသော ငါးစိုငါးစိမ်းများကို ငါးခြောက်ငါးပိလုပ်ရန် ဆားက အသုံးလိုလှသည်။ ထို့မှသာ ငါးများကို မပုပ်မသိုး ဆားနယ်နိုင်မည်ဖြစ်လေသည်။

ထို့အတွက်ကြောင့် ဆားလှေသမ္ဗာန်များကို ရွာများက မျှော်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆားကုန်သည်ပေါက်စများဖြစ်သည့် ဆားသမ္ဘာန်လှေများသည် ပင်လယ်နေလှန်း ဆားများကို ဆားကွင်းများရှိရာ ပင်လယ်ဘက်ဆီကနေ သွားရောက်သယ်ယူ ကာ ရွာစဉ်လှည့်လည်ရောင်းချခြင်း ဖြစ်လေသည်။

မကြာမီ မိုးကလာတော့မည်။

ယခုပင်လျှင် မိုးဦးလေဦးကျစဖြစ်၍ ဆားလုပ်ငန်းကို ရပ်ဆိုင်းရပေ တော့မည်။ မောင်ရိုးတို့ဖနီးမောင်နှံ ဆားလှေရောင်းချခြင်းမှာ ယခုအကြိမ်သည် နောက်ဆုံးဖြစ်သည်။ ပင်ပန်းသလောက် ငွေကြေးအမြတ်အစွန်းရသည်မို့ မောင်ရိုးတို့လင်မယား ဤမျှအားခဲလုပ်ကိုင်နေခြင်းဖြစ်သည်။ ယခု လှေပေါ်မှာ ဆားအနည်းငယ်သာ ကျန်တော့သည်။

ဒါကြောင့်လည်း ကရင်ချောင်းရွာမှာပင် ညမအိပ်တော့ဘဲ မောင်ရိုး သမ္ဘာန်အား သူ့ရွာသို့ရောက်အောင် လော်လာခြင်းဖြစ်သည်။ ပြီးတော့ လှေဝမ်း ထဲမှာ သူ၏ဖနီးပါ ပါလာလေသည်။ မကြာမီ မှောင်လာတော့မည်မို့ နေရောင် အကြွင်းအကျန်က မြစ်ပြင်ပေါ်ကျရောက်နေ၏။ မောင်ရိုး သမ္ဘာန်ကို အားစိုက် လော်သည်။

သိပ်မကြာမီ ...

"ဟင် ... "

မောင်ရိုးသည် မျက်စိရှေ့မှောက်မှာပင် ချက်ချင်းလက်ငင်း ပြောင်းလဲ သွားသော မြစ်ပြင်၏အနေအထားနှင့် ကောင်းကင်ပြင်အနေအထားကိုကြည့် ကာ ရင်ထဲ စိုးရိမ်မကင်းဖြစ်သွားရလေသည်။ အဘယ်ကြောင့်ဆိုသော် ခုန နေရောင်ကျန်ရှိနေသော ကောင်းကင်သည် ရုတ်ခြည်း မှောင်လာ၍ဖြစ်သည်။

ငြိမ်သက်နေသည့် မြစ်ရေပြင်သည်လည်း လှိုင်းကြပ်ခွပ်လေးများ အစ်စထက်တစ်စ ကြီးမားလာလေပြီ။ မောင်ရိုးသိလိုက်၏။ ခပ်ကြမ်းကြမ်းဝှေ့ ယမ်းတိုက်ခိုက်လာသော လေထဲမှာ အေးမြသော အငွေ့အသက်နှင့် မိုးစက်မှုန် လေးများပင် ပါလာသည်။

မောင်ရိုး၏ရင်က ပို၍စိုးရိမ်လှိုင်းတို့ ထန်လာရသည်။

သူ့ကြောင့်တော့ မဟုတ်။ လှေဝမ်းထဲပါလာသော ကိုယ်ဝန်နေ့စေ့ လစေ့ကြီးဖြင့် ဖနီးသည်မယ်ကြော့အတွက် စိုးရိမ်သွားရခြင်းဖြစ်သည်။ သူမ သည် မွေးခါနီး ဖွားခါနီးအချိန်သို့ပင် ရောက်နေလေပြီ။ နောက်ဆုံး ကရင် ချောင်းရွာမှာပင် ဗိုက်နာချင်သလိုလိုရှိသည်ဟု မောင်ရိုးအား ပြောခဲ့သေး၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ရိုးကမူ အမှုအမှတ်သိပ်မထား။

ဒါကြောင့်လည်း ရွာသို့ပြန်ရန် သမ္ဗာန်အား အားသွန်ခွန်စိုက် လှော်လာခဲ့ခြင်းဖြစ်သည်။ မိုးဖွဲဖွဲလေးများ စတင်ရွာချလာလေပြီ။ လှိုင်းက မိုထန်လာသည်။ သမ္ဗာန်မှာ မြစ်ပြင်ပေါ် ဟိုလူးဒီလူးဖြစ်နေလေပြီ။

"အား ... အမေရေ ... ကျွတ် ... ကျွတ်"

"မယ် ... မယ်ကြော့ ... ဘာဖြစ်တာလဲ"

လှေဝမ်းထဲက အဆက်မပြတ်ညည်းတွားသံ ထွက်ပေါ်လာ၍ မောင်ရိုးသည် စိုးရိမ်တကြီး မေးလိုက်၏။ လှေဝမ်းထဲက မယ်ကြော့ဆီကနေ ...

"ဗိုက် ... ဗိုက်နာလို့ ကိုရိုး ... မိုးကျပြီမဟုတ်လား"

"ဟာ ... ဒုက္ခပါပဲကွာ ... "

မောင်ရိုးသည် ဇနီးသည်၏စကားကြောင့် လှေအား အားသွန်ခွန်စိုက် လှော်သည်။ မိုးက ချက်ချင်းလက်ငင်းပင် မိုးမှောင်ကြီးကျလာပြီး မိုးရေလေရော ပိုသည်းထန်လာသည်။ ခက်တာက ရွာဆက်မရှိသောနေရာဖြစ်လေသည်။

ထို့ပြင် မြစ်ပြင်သည် မိုးကြောင့် မှောင်မည်းလျှက် ဘာကိုမျှ မမြင်ရတော့ခြင်းကစိုးသည်။ မောင်ရိုး လှေပဲ့ကိုလည်း မလွှတ်ရဲ။ မတော်ရေစီးဖြင့် မျောပါသွားပြီး အခြားတုံကင်းများ မော်တော်များဖြင့် ဝင်ဆောင်မိပါက ကိုယ်ကျိုးနည်းရပေမည်။

"အ ... အမလေး ... နာ ... နာလိုက်တာ သေပါပြီ"

"မယ် ... မယ်ကြော့ ... အားတင်းထား ... ငါ ကမ်းရှာပြီးကပ်မယ် ... "

"ကျွတ် ... ကျွတ်"

မောင်ရိုး ယခုမှ ဒုက္ခအကြီးအကျယ်ရောက်တော့သည်။ သူ၏စိတ်ထဲမှာ မယ်ကြော့အတွက် စိုးရိမ်စိတ်တို့ တဖွားဖွားဖြစ်ပေါ်နေရသည်။ လှိုင်းမြင့်လေက ပို၍ပို၍သည်းထန်လာလေသည်။ ထိုစဉ် ရုတ်တရက် မောင်ရိုး၏ အမြင်မှာခပ်မည်းမည်းကုန်းကြီးတစ်ခုအား မိုးထဲရေထဲ၌ လှမ်းမြင်လိုက်ရလေသည်။

"ဟာ ... ရှေ့မှာ ကုန်းပဲ ... ကုန်းမြေတွေ့ပြီ ... "



www.burmeseclassic.com

www.burmeseclassic.com



မောင်ရိုး ဝမ်းသာသွားပြီး လှေအား ကုန်းတန်းကြီးဆီသို့ ဦးတည် လိုက်လေသည်။ မိုးသံလေသံကြားမှ လှေဝမ်းထဲရှိ မယ်ကြော့၏အော်ဟစ် ညည်းတွားသံကလည်း ပို၍ကျယ်လောင်လာလေသည်။ ထိုစဉ် လှေတစ်စီးက အမှောင်ထဲပေါ်ထွက်လာ၏။

လှိုင်းတစ်ချက်အပုတ်မှာ လှေသည် လူးခါသွား၏။

"ဝုန်း ... "

"အမလေး ... "

"အူဝဲ ... အူဝဲ"

"ဟင် ... "

လှေမှာ တိမ်းမှောက်လုလုဖြစ်သွားစဉ် လှေဝမ်းထဲမှ ကလေးငယ် တစ်ဦး၏ ငိုသံကထွက်ပေါ်လာသည်။ မောင်ရိုး အံ့ဩဝမ်းသာသွားရလျှက် လှေပဲ့အား သတိလက်လွတ်လွှတ်ကာ လှေဝမ်းထဲငုံ့ဝပ်လိုက်သည်။

ယင်းအချိန်မှာပင် ဦးတည်ရာကင်းမဲ့သွားသည့်လှေအား ကြီးမား ပြင်းထန်သော လှိုင်းတစ်လုံးသည် ဝုန်းခနဲ ဝင်ဆောင့်လိုက်၍ လှေသည် လှိုင်းအောက် နစ်မြုပ်သွားလေတော့သည်။

"ဝုန်း ... "

"အား ... "



www.burmeseclassic.com

www.burmeseclassic.com

## သစ္စာဝါကယ်တင်ခြင်း

.. ဘူးသည် သူ၏လှေကား ရေပေါ်ကျွန်းရှိရာသို့ ဦးတည်လှော်ခတ်လာခဲ့သည်။ အရုဏ်တက် လင်းကျင်းခါစပင်ရှိသေး၍ မြစ်ရေပြင်ပေါ်သို့ အလင်းစက်တို့သည် ကျရောက်နေပေပြီ။ ကံထူး၏လှေငယ်သည် ရေပေါ်ကျွန်းကြီးနားသို့ တရွေ့ရွေ့တိုးကပ်လာ၏။

ကံထူး ပိုက်တန်းချရန် ပြင်လိုက်စဉ် သူ၏မျက်စိရှေ့မှာ ထူးခြားသော အခြင်းအရာတစ်ခုကို မြင်လိုက်ရသည်။ ယင်းမှာ ရေပေါ်ကျွန်းကြီး၏ရေစပ် လမုချုံတောစပ်မှာ ငြိနေလျက် လှိုင်းအပုတ်၌ တငြိမ့်ငြိမ့်ဖြစ်နေသည့် အရာတစ်ခု ...

ကံထူး၏စိတ်ထဲမှာ ထူးခြားလွန်း၍ ပိုက်မချသေးဘဲ ယင်းနေရာသို့ လှော်ခတ်လာခဲ့လေသည်။ အနီးရောက်သောအခါကျမှ မလှမ်းမကမ်းကနေ သူမြင်တွေ့ရသောအရာမှာ ပလတ်စတစ်ပုံးကြီးတစ်ခုဖြစ်နေ၏။ ကံထူး အံ့အားသင့်စွာ ပုံးကြီးအား အနီးသို့ဆွဲယူလိုက်စဉ် ...

"ဟာ ... "

ကံထူး အထိတ်တလန့်ဖြစ်သွားမိလေသည်။ စိတ်တွေလည်း လှုပ်ရှားသွားရလေသည်။ အိပ်မက်လားဟု သူ့မျက်စိကိုပင် သူ မယုံနိုင်ပေ။ မည်သည့်အတွက်ကြောင့်ဆိုသော် ပလတ်စတစ်ပုံးကြီးထဲမှာ အဝတ်ပိတ်ဖြင့် ဖုံးထားသည့် မွေးခါစ ကလေးနီတာရဲလေးအား တွေ့လိုက်ရခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။

"ဟာ ... ဗု ... ဗုဒ္ဓေါ ... က ... ကလေးတစ်ယောက်ပါလား။ အ ... အသက်မှ ရှိသေးရဲ့လား မသိဘူး"

မွေးကင်းစနီတာရဲလေးဟုဆိုသော်လည်း ကလေးငယ်မှာ ဘီလူးသဘက်တစ်ကောင်ပမာ အရုပ်ဆိုးလှန်းလှသည်။ ကံထူး မျက်လုံးမျက်ဆန်ပြူးနေစဉ်မှာပင် ...

"အဲ ... ဝါး"

"ဟာ ... အ ... အသက်ရှိတယ်ဟ ... ဒု ... ဒုက္ခပါပဲ ... ကလေးက ဘယ်ကရောက်လာရတာလဲ ... ငါ ဘယ်လိုလုပ်ရမှာလဲ"

ကံထူးသည် ချီတုံချတုံစဉ်းစား၍ မတ်ဝန်းကျင်ကိုလည်း ကြီးကြည့်ကြောင်ကြည့် ကြည့်လိုက်လေ၏။ နောက်ဆုံး ကံထူး၏ နှုတ်ဖျားမှ အသံထွက်လာသည်။

"ဒီ ... ဒီမွေးကင်းစကလေးကို ထားခဲ့လို့မဖြစ်ဘူး ... ရွာ ... ရွာခေါ်သွားမှဖြစ်မယ် ... နို့မို့သေသွားမှာပဲ ... "

ကံထူးသည် ယင်းသို့ပြောဆိုပြီးနောက် ပလတ်စတစ်ပုံးကြီးအား မနိုင့်တနိုင်ရေထဲကဆွဲမယူကာ လှေပေါ်သို့ တင်လိုက်လေသည်။

"အူဝဲ ... အူဝဲ"

မွေးကင်းစ ကလေးငယ်၏ထံမှ စူးစူးဝါးဝါးအော်ဟစ်ငိုယိုသံသည် မြစ်ပြင်တစ်ဝိုက်သို့ ပျံ့လွင့်သွားလေတော့သတည်း။ ကံထူးသည် ပိုက်ချဖို့ရန်ကိုပင် သတိလုံးဝမရတော့ဘဲ လှေအား ရွာဘက်ဆီသို့ ကြောက်လန့်တကြားအားကုန်ကြိုးလှော်လိုက်လေတော့သည်။

နေမင်းသည် အရှေ့ကျွန်းဆီက လင်းလက်စွာ တောက်ပနေခဲ့လေပြီတည်း ...

မကြာမီပင် ကံထူးတစ်ယောက် ရွှေသောင်မြေရွာသို့ ရောက်ရှိလာလေသည်။ ကံထူးသည် လှေဆိပ်မှာ လှေကား ဝုန်းခနဲဆိုက်ကပ်လိုက်ပြီး လှေဆိုက်ခင် ရေထဲသို့ခုန်ဆင်းလိုက်၏။ အနီးပါးမှ ပိုက်ချထွက်ရန် ပြင်နေကြသော ရွာသားအချို့က ...

"ဟ ... ကံထူး ဘယ်လိုဖြစ်လာတာလဲဟ ... ပိုက်မချဘူးလား"

"ဒီကောင့်ပုံစံက အထိတ်တလန့်နဲ့ ဘာဖြစ်လာလို့လဲကံထူး ...



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့လှေထဲက ဘာကြီးလဲကွ ... ''

''အဲ ... အဲဒါကြောင့်ကွ ... လာ ... လာချကြပါဦးဟ''

''ဘာဖြစ်လို့လဲ''

ရေစပ်ရှိ ကံထူး၏လှေသို့ ရွာသားအချို့ ဝိုင်းအုံလာကြသည်။ ကံထူးသည် သူ၏လှေဝမ်းထဲမှ ပုံးကြီးအား မေးငေါ့လျှက် ...

''ကြည့် ... ကြည့်ကြပါဦးကွ ... ''

''ဟာ ... ''

''ဟင် ... ''

''ကံ ... ကံထူး ... ဒါ ... ဒါဘာလေးလဲဟ''

''ဝါး ... အူဝဲ ... အူဝဲ''

''ဟာ ... လူ ... လူဟ''

''မွေးကင်းစ ကလေးပဲဟ ... ''

ပလတ်စတစ်ပုံးကြီးထဲမှာ ကလေးငယ်သည် ဆူညံစွာ အော်ဟစ်ငိုလိုက်သံကြောင့် ရွာသားများ ထူးဆန်းအံ့သြစွာ ရုတ်ရုတ်သဲသဲဖြစ်သွားလေသည်။ ချက်ချင်းလိုလိုပင် ကံထူးတစ်ယောက် မြစ်ထဲကနေ မျှောလာသည့် မွေးကင်းစကလေးငယ်တစ်ယောက် ကောက်ယူရရှိလာသည်ဆိုသောသတင်းသည် ရွှေသောင်မြေရွာလေး၏ ရွာထိပ်ဇရပ်မှာ ရွာသူရွာသားများ ပြည့်လျှံသွားလေတော့၏။

''ကံထူး ... ရေပေါ်ကျွန်းက ကလေးကောက်ရလို့တဲ့''

''ဟယ် ... ကလေးလေးကလည်း အရုပ်ဆိုးလိုက်တာ ... မိဘတွေကလည်း ရက်စက်လိုက်တာ ... မွေးပြီးမြစ်ထဲမျှောပစ်ရတယ်လို့ ... မိဘမှ ဟုတ်ရဲ့လား မသိပါဘူး ... ''

''ကလေးက ဘိလူးလေးများ ဖြစ်နေသလားဟယ် ... အရုပ်ဆိုးလိုက်တာလည်း ကြည့်တောင်မကြည့်ရဲဘူး ... ''

''မျက်နှာဖုံးစွပ်ကြီးနဲ့လို့ ပြောတယ် ... ''

''အိုဗျာ ... မနေ့ညက မြစ်ထဲ ဒီလောက်လေကြီးမိုးကြီးကျတော့ လှေတစ်စီးစီးနစ်ပြီး ဒီကလေးက ကျန်ရစ်ခဲ့တာပဲနေမယ်''

ရွာသူရွာသားများသည် အလယ်ခေါင်ရှိ ပုံးကြီးထဲမှာ အဝတ်စုတ်များထွေးလျှက် ပြန်လည်အိပ်မောကျနေသော ကလေးလေးအားကြည့်လျှက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်မျိုး ပြောဆိုဝေဖန်နေကြလေသည်။

ထိုစဉ် ...

"ဟော … ဟိုမှာ … ရွာဦးဆရာတော်နဲ့ ကပ္ပိယကြီးလာတယ်ဟေ့၊ ဖယ်ကြ … ဖယ်ကြ"

"ဟာ … ဟုတ်တယ်ဟေ့"

"ဆရာတော်လည်း သတင်းကြားလို့နေမယ် … "

ရွာသူရွာသားများသည် သူတို့ရွှေသောင်မြေရွာလေး၏ ရွာဦးဆရာတော်ကြီး ကြွရောက်လာသည်ကို မြင်ကြရ၍ တိုးရှဲဖယ်ရှားကြလေသည်။ ယင်းလူအုပ်ထဲ၌ ရွှေသောင်မြေရွာသူကြီး ဦးလုံးတင်လည်းပါသည်။ ဦးလုံးတင်သည် မည်သို့ဆုံးဖြတ်ရမည်မှန်းမသိဖြစ်နေစဉ် သတင်းကြား၍ ရွာဦးဆရာတော်ကြီးနှင့် ကပ္ပိယကြီး ဦးကြာယံတို့ရောက်ရှိလာကြ၍ ဝမ်းသာသွားလေသည်။

ဆရာတော်ကြီး ဝိမလသည် ဇရပ်ပေါ်တွင် ထိုင်သီတင်းသုံးပြီးလျှင်

"လုံးတင် … "

"အမိန့်ရှိပါဘုရား … "

"ကံထူး ရေပေါ်ကျွန်းကနေ မွေးကင်းစကလေး ကောက်ရလာခဲ့လို့ဆို … "

"မှန်ပါတယ်ဘုရား၊ မနေ့ညက လေကြီးမိုးကြီးကျလို့ လှေတစ်စီးစီး မှောက်ပြီး သေကြကုန်တယ်ထင်တယ်ဘုရား … ကလေးကတော့ ကံကောင်းထောက်မပြီး ရေပေါ်ကျွန်းမှာ လာတင်နေလို့ အသက်ဘေးကလွတ်မြောက်လာပေမဲ့ ကလေးက … ဟို"

"ကလေးက ဘာဖြစ်လို့လဲ … "

ဆရာတော်၏အမေးကို သူကြီးဦးလုံးတင်ဖြေရန် တွန့်ဆုတ်သွားရ၏။ အဘယ်ကြောင့်ဆိုသော် ကံထူးအပါအဝင် ရွာသူရွာသားအများစုမှာ ကလေးငယ်၏ အရုပ်ဆိုးလွန်းလှသောမျက်နှာကြောင့် မကောင်းဆိုးဝါးလိုလို နာနာဘာဝလိုလို တစ်ယောက်တစ်ပေါက် ပြောဆိုနေ၍ မည်သူမျှ မွေးစားချင်စိတ် မရှိကြသောကြောင့်ပင်။

"ဟို … ဟို … ကလေးက ရေပေါ်ကျွန်းကလည်း ကောက်ရပြန် အ … အရုပ်ကလည်း ဆိုးရွားလွန်းတော့ ရွာသူရွာသားတွေက တစ်မျိုးတမြင်ထင်နေလို့ပါဘုရား … "



www.burmeseclassic.com

www.burmeseclassic.com



"အေး … ငါလည်း အဲဒါကြားလို့ ကြွလာခဲ့ရတာပဲ … "

"မင်းတို့နယ်ကွာ … မသေကောင်း မပျောက်ကောင်း။ ပင်လယ်ထဲ မျောလာတဲ့ အပြစ်မဲ့လူမမယ်လေးတစ်ယောက်အပေါ် ဟိုထင်ဒီထင် ယိုးစွပ် နိုင်ကြသေးတယ် တို့ဗုဒ္ဓဘာသာမှာ မေတ္တာ ကရုဏာ မုဒိတာတရားဆိုတာ ပင်မအရင်းခံပဲ၊ ကလေးက မျက်နှာဖုံးစွပ်နဲ့လာတာဆိုတော့ ဘုန်းရှင်ကံရှင် ဖြစ်မှာမလွဲဘူး … ရွာက ဘယ်သူမှမမွေးရင် ကျုပ်မွေးမယ် … ကလေးက ဘာလေးလဲကွ … "

"ဟို … ဟို … မိန်းကလေးပါဘုရား"

"ဟဲ့ … ကပ္ပိယကြီး မိန်းမဖြစ်ဖြစ်၊ ယောက်ျားဖြစ်ဖြစ် သတ္တဝါ ဆိုတာ ကယ်ကောင်းတယ် … ကျောင်းကိုခေါ်လာခဲ့"

ရွာဦးဆရာတော်သည် တိုးပြတ်ပြတ်မိန့်ပြီး ဇရပ်ထက်ကနေ ပြန်လည် ကြွသွားလေတော့သည်။ ဆရာတော်မှာ ဩဇာအာဏာကြီးမားသူမို့ မည်သူမျှ ထပ်မံအကွန့်မတက်ရဲကြ။ ကပ္ပိယကြီးဦးကြာယုံသည် မွေးကင်းစ ကလေးငယ် လေးအား အဝတ်ဖြင့်သေချာစွာ ထွေးပိုက်၍ သူကြီးအား နှုတ်ဆက်က ဆရာတော်၏နောက်သို့ မပြေးရုံတမယ် လိုက်ပါသွားလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## အမည်မသိအလောင်း

သုံးရက်မြောက်နေ့တွင် ရွှေသောင်မြေရွာသို့ ထူးဆန်းသောသတင်းတစ်ခု ထပ်မံထွက်လာလေတော့သည်။ ယင်းမှာ ရွှေသောင်မြေမှ တံငါလုပ်သား တစ်ဦးသည် ရွာဖြင့်မလှမ်းမကမ်း၌ပေါ်လာသော လူသေအလောင်းတွေ့၍တင် တည်း။

အလောင်းမှာ မိန်းမတစ်ယောက်အလောင်းဖြစ်ပြီး မည်သူမည်ဝါမှန်း မသိရအောင်ပင် ရုပ်ပျက်နေလေပြီ။

"ဒါ ... ဟိုတစ်ရက်က မိုးနဲ့လေကြမ်းတဲ့ညက နစ်သွားတဲ့ လှေက နေ သေတဲ့မိန်းမဖြစ်မယ်ကွ"

"ဟာ ... "

"ဟုတ်ချင်မှလည်းဟုတ်မှာပါကွာ ... မင်းတို့ကလည်း လူသေ အလောင်းတွေ့တာနဲ့ အဲဒီညကလှေလို့ပြောလို့ရမလား ... ဘယ်ရွာက ဘယ်သူ့အလောင်းမှန်းမသိ ... "

"ငါတို့လည်း အကြောင်းအကျိုးဆက်စပ်ကြည့်တာလေကွာ"

"ဟို ... ကလေးနဲ့များ ပတ်သက်နေသလားလို့"

"ဒီအလောင်းက သူ့ဘာသာသူ ရေနစ်သေတဲ့မိန်းမလည်း ဖြစ်ချင် ဖြစ်မှာပေါ့ကွာ ... "

ရွာသားများသည် ထင်ရာမြင်ရာ တစ်ယောက်တစ်ပေါက် ပြောနေရင်း

www.burmeseclassic.com

www.burmeseclassic.com



သူကြီးရောက်လာ၍ အလောင်းအား မြေမြှုပ်သင်္ဂြိုဟ်လေတော့သည်။ ရွာသူ ရွာသားတွေကမူ ဟိုတလောက ရေပေါ်ကျွန်းမှ ကံထူးကောက်ရလာသော ကလေးငယ်နှင့် လူသေအလောင်းတို့မှာ တစ်နည်းတစ်ဖုံ ဆက်စပ်နေသည်ဟု ပြောဆိုနေကြလေသည်။

ကံထူးကောက်ရသည့် ကလေးငယ်မှာမူ ရွာဦးဆရာတော်ထံသို့ ရောက်ရှိသွားလေပြီ။ ဆရာတော်သည် ယင်းကဲ့သို့ပင် အနီးဝန်းကျင်ရွာများက နေ ဆင်းရဲနွမ်းပါးသော မိမဲ့ဖမဲ့ကလေးငယ်များအား ခေါ်ယူကျွေးမွေးစောင့်ရှောက် ထားသည်မှာ လေးငါးဦးခန့်ရှိပေသည်။ ကပ္ပိယကြီး ဦးကြာယုံကမူ ယင်းကလေး ငယ်များ၏ ဝေယျာဝစ္စအား ပြုလုပ်ဆောင်ရွက်ရလေသည်။ ကံထူးကောက်ရ သောကလေးမှာ မိန်းကလေးဖြစ်သည်။

ရွာသူရွာသားများကမူ ရွာဦးကျောင်းသို့ မသိမသာ ခွမ်းဖို့ထလို ဉပုသ် သီတင်းစောင့်သလိုဖြင့် ကလေးငယ်အား သွားရောက်ကြည့်ရှုကြ၏။ ကလေးငယ် မှာ အမှန်တကယ်ပင် အရုပ်ဆိုးအကျည်းတန်လွန်းလှ၏။ မျက်လုံးနှစ်လုံးမှာ အတန်ငယ်မေးသယောင်ရှိလေသည်။ နှုတ်ခမ်းမှာ ထူထဲကြီးမားပြီး ပါးပြင်မှာ လည်း အမှက်စက်မည်းကြီးများ ပါလေသည်။

ထို့ကြောင့်လည်း ရွာသူရွာသားအချို့သည် ရွာဦးဆရာတော်သည် မသိရိုဟူ၍ အမည်ပေးထားသည့် ယင်းကလေးငယ်အား သူတို့ဘာသာပင် မိကျည်းတန်ဟု အားလုံးတညီတညာအမည်ပေးလိုက်ကြလေတော့၏။ သို့ရာတွင် ယင်းအမည်ကိုလည်း ဆရာတော်၏နောက်ကွယ်တွင်သာ ခေါ်ပြောရသည်။ ဆရာတော်၏ ရှေ့မှောက်၌မူ မသိရိုလေးဟုသာ ခေါ်ဝေါ်ကြသည်။ ရွာဦးဆရာ တော်သည် ကလေးငယ်အား သိပ်ချစ်သလို မိကျည်းတန်ဟုခေါ်လျှင်လည်း လုံးဝမနှစ်သက်ပေ။

ယင်းသို့ဖြင့် သိပ်မကြာမီပင် သိရိုခေါ် မိကျည်းတန်မှာ တဖြည်းဖြည်း ပြေးလွှားဆော့ကစားတတ်သည့် နှစ်နှစ်ရွယ်သုံးနှစ်ရွယ်သို့ ရောက်ရှိလာလေ သည်။ သို့သော် မိကျည်းတန်လေးမှာ ကံဆိုးမသွားလေရာ မိုးလိုက်ရွာလေသလား အတိတ်ဘဝက ဝဋ်ကြွေးပင် မစင်လေခဲ့လေသလား မပြောတတ်ပါ။ မကျည်းတန်သည် စကားပင်ပြောတတ်စအရွယ်သို့တိုင်လာသော်လည်း မည်သည့် စကားမျှ မပြောတတ်ပေ။ သည်တော့မှ မကျည်းတန်လေးသည် အရုပ်ဆိုးလွန်းလှသည့်အထဲ စကားမပြောတတ်သည့် နှုတ်အွ အနေသူလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးမှန်း ရွှေသောင်မြေရွာသူ ရွာသားများသိရှိရလေတော့သည်။

တစ်ခါတစ်ရံ ကပ္ပိယကြီး ဦးကြာယုံသည် မကျည်းတန်လေးအား ရွာတွင်းသို့ ဈေးဝယ်လာသည့်အခါ ချီပိုးခေါ်ဆောင်လာလေသည်။ ထိုအခါ ရွာသူမိန်းမအချို့သည် မကျည်းတန်လေးအား ဝိုင်း၍ချော့မြူကြလေသည်။

"ဟော ... ကပ္ပိယကြီး ဈေးဝယ်လာသလား"

"အင်း ... ဟုတ်တယ်"

"မကျည်းတန်လေးတောင် အတော်ကြီးလာပြီနော် ..."

"ကပ္ပိယကြီးလည်း ဒီကလေးတစ်ယောက်နဲ့ ဒုက္ခပါပဲနော်"

"ကျုပ်မှာ ကလေးက တစ်ယောက်တည်းမဟုတ်ဘူးဗျ ... ရွှေခဲရှယ်၊ သံလုံးရယ်၊ ပေစိရယ် ... သူကတော့ အငယ်ဆုံးပေါ့ ... ဟဲ ... ဟဲ ... ခင်ဗျား တို့ ကျုပ်သမီးကို ကျည်းတန်ကျည်းတန်နဲ့မခေါ်နဲ့ ... ဆရာတော်လည်း ကြိုက် တာမဟုတ်ဘူး ..."

ကပ္ပိယကြီး ဦးကြာယုံသည် ကလေးအား မကျည်းတန်ဟုခေါ်ကြသည် ကို မကြိုက်နှစ်သက်သလို မျက်နှာထားတင်းတင်းဖြင့်ဆိုလေသည်။ ထိုအခါ ရွာထဲမှ မိန်းမအချို့က ...

"အမလေး ... ကပ္ပိယကြီးရယ် ... မကျည်းတန် ... အဲ ရှင့်ရွှေစား သမီးက ချောလိုက်တာမှ မှုန်ညက်နေတာပဲဆိုတော့ ... ခစ်"

"ဟုတ်ပါ့တော် ... ကပ္ပိယကြီးတို့များ ပိုကိုပိုတယ် ... မဒီဒေဝီ သမ္ဘူလတို့လို တော်လေးဝဝင်တဲ့ မင်းသမီးလေးဆိုတော့ နာမည်နဲ့ ဘယ် လိုက်ဖက်ပါ့မလဲ ... ဟင်း ... ဟင်း"

ကပ္ပိယကြီးနှင့် မကျည်းတန်လေးမှာ လှမ်းထွက်သွားလေပြီ။ ထိုအခါ ကျန်ရစ်ခဲ့သော မိန်းမအချို့က ...

"မအေးရဲ့ ပြောမယ်သာပြောရတာ ... ဒီကလေးမလေးဟာ ရေပေါ် ကျွန်းက တွေ့ခဲ့တာဆိုတော့ ... "

"ဟို ... ဟိုကများ လာတာလားမသိဘူးနော်"

"အို ... မခင်ကလည်း ဘယ်ကလဲတော် ... "

"သိုက်လေ ... သိုက်ကပေါ့"

"ရေပေါ်ကျွန်းမှာ မိချောင်းသိုက်တွေ ဘာတွေရှိတယ်လို့ ကျုပ်တို့ မိဘတွေပြောခဲ့ကြတာပဲလေ ... အဲဒီလိုနေရာကလာသူတွေဆိုရင် အချပ်က

www.burmeseclassic.com

www.burmeseclassic.com



လည်းဆိုး ... စကားတွေ ဘာတွေလည်း မပြောတတ်ဘူးတဲ့ ...''

''ဟင် ... ဟုတ်လား''

''အေးလေ ...''

''အဲဒါကြောင့်မို့ မကျည်းတန်လေးက အ,နေတာဖြစ်မှာပေါ့ရှင်''

မိန်းမဟူသောအမျိုးသည် ယုံကြည်စွဲလမ်းစိတ်က ယောက်ျားသားတွေထက် ပိုလေသည်။ မည်သည့်အရာကိုပင်ဖြစ်စေ ကြောင်းကျိုးလက်တွေ့ကျကျ သုံးသပ်ခြင်းထက် အယုံလွယ်တတ်သူတွေသာဖြစ်သည်။ ယခုလည်း ရွာဦးဆရာတော်မွေးစားထားသည့် မကျည်းတန်လေးအား မကောင်းသောဘုံဌာနကနေ ရောက်လာသဖို့ မိချောင်းသိုက်ကပဲ လာသလိုလိုဖြင့် ပြောဆိုနေကြပြန်သည်။

သို့သော် ကပ္ပိယကြီးနှင့် မကျည်းတန်လေးမှာမူ ရွာလမ်းမပေါ်တွင် အရိပ်အယောင်ပင် မမြင်ရတော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com

## ရေပေါ်ကျွန်းသို့တစ်ခါ

ထွန်းဝေသည် လှေအား ရေပေါ်ကျွန်းကြီးရှိရာသို့ လှော်ခတ်လာခဲ့သည်။ အဝေးကနေ လှမ်းမြင်ရကတည်းက ရေပေါ်ကျွန်းမှာ အုန်းပင်နှင့်နေသော တောတန်းလေးသဖွယ် ဖြစ်နေ၏။ ရေစစ်ချိန်မို့လည်း ရေပေါ်ကျွန်းမှာ ပို၍ ကျွန်းမြေဆန်ဆန် သီးခြားပေါ်ထွက်နေခြင်းဖြစ်သည်။ ယခုရက်ပိုင်း မိုးလေဥတုကလည်း ကင်းစင်၊ ထွန်းဝေမှာလည်း ငါးသိပ်မရသည်မို့ လူပြောသူပြောများသည့် ရေပေါ်ကျွန်းတစ်ပိုက် ငါးပိုက်လာချခြင်းဖြစ်သည်။

ရေပေါ်ကျွန်း၏ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ပါ၏။ သောင်ပြင်ကြီးမှာ တစ်နံတလျားကျယ်ပြန့်စွာ လှမ်းမြင်နေရသည်။ ရေပေါ်ကျွန်းသည် အရှေ့ဘက်တွင် ပင်လယ်ထွက်ပေါက်ရှိ၍ သဲသောင်ခုံးကြီးရှိလေသည်။ တောင်ရိုးတန်းဖြင့် ဆက်လျှက် ကျွန်းသောင်ခုံးမှာ ရေပြည့် ရေထရက်များ၌ မြုပ်နေတတ်သော်လည်း ရေစစ်ချိန်တွင် ကုန်းတန်းကြီးအဖြစ် ပေါ်နေတတ်သည်။ ယင်းနေရာတစ်ပိုက်တွင် လတာပြင်နှင့် လမုတော၊ ခရာတောများ မဒမတောများလည်း ရှိလေသည်။ မိုးလေကင်းစင်သော နွေကာလတွင်မူ အရှေ့ဘက်မြေရွာကနေ ရေပေါ်ကျွန်းသို့ လူသွားလမ်းပေါက်၍ အချို့သတ္တိကောင်းသူများက ထင်း၊ သစ်ဝါးများ သွားရောက်ခုတ်ယူလေ့ရှိသည်။ သို့သော် ယင်းမှာလည်း တစ်နှစ်တစ်ခါ နှစ်ဦးစမျှလောက်သာဖြစ်သည်။ ထို့ကြောင့်လည်း ရေပေါ်ကျွန်းကြီးသည် အဝေးကကြည့်လျှင် စိမ်းညို့အုပ်ဆိုင်းနေသော ကျွန်းကြီးအဖြစ်တွေ့မြင်ရပေသည်။ ထို့ပြင် ရွာသူရွာသားအချို့ မသွားမလာဝံ့ကြခြင်းမှာ ရေပေါ်ကျွန်း၏



www.burmeseclassic.com

www.burmeseclassic.com



အလယ်ဗဟိုလောက်တွင် မည်သည့်ခေတ်ကာလက ရှိခဲ့မှန်း မည်သူမှ တိကျ သေချာစွာ မပြောတတ်သော ဂဝံရုပ်တုကြီးတစ်ခု တည်ရှိနေ၍လည်း ဖြစ်သည်။

ဤရေပေါ်ကျွန်းဖြင့်နီးသော အနီးဝန်းကျင်ရွာများရှိ သက်ကြီးရွယ်အို များ ပြောဆိုသည့်အတိုင်းဆိုပါလျှင် ယင်းဂဝံရုပ်တုကြီးသည် ရံဖန် အသက်ဝင် သည်ဟူ၍လည်းကောင်း၊ မကြာခဏ ဤကျွန်းတစ်ဝိုက် ပိုက်လာချကြသော တံငါလှေများသည် ညဘက်များတွင် ရံဖန်ရံခါ ထိုကျွန်းကြီးအထက်၌ အစိမ်း ရောင်၊ အနီရောင် မီးလုံးကြီးများ တောက်ကြွားမြူးထူးနေသည်ကို မြင်တွေ့ရ သည်ဟူ၍လည်းကောင်း ပြောဆိုကြ၍ မည်သူမျှလည်း မသွားလာရဲကြခြင်းဖြစ် လေသည်။ အခြားသောအရာများကိုမူထွန်းဝေမသိပါ။ သို့သော် ယင်းရေပေါ်ကျွန်း ကြီးတွင် မိကျောင်းသိုက်ရှိသည်ကိုတော့ ထွန်းဝေလက်ခံသည်။ ဒါကလည်း သူငယ်ချင်းဖြစ်သူ ထိန်နုစ်ပင်ရွာသားဘအေးကိုယ်တိုင် ကြုံဖူး၍ ပြောပြခြင်းကြောင့် ပင်တည်း။ ထွန်းဝေသည် လှေကိုလှော်ခတ်ရင်း ရေပေါ်ကျွန်း၏တောင်ဘက်အစပ် ကြိုက်တောနားရောက်လာ၍ ကမ်းနဖူးမှာ လှေအားထိုးဆိုက်လိုက်၏။ ရေစစ်ချိန် မို့ ရေအိုပြီး တဖန်ရေပြန်တက်ချိန်အား စောင့်ဆိုင်းရပေဦးမည်။ ထွန်းဝေလှေ ပေါ်ကနေ လှမ်းကြည့်လိုက်တော့ သောင်ခုံပြန့်ကျယ်ကြီးအား လှမ်းမြင်နေရ ၏။ သူ၏အတွေးထဲမှာ မိကျောင်းသိုက်ကို သွားသတိရလိုက်မိ၏။

ထွန်းဝေ လှေဝမ်းထဲ ခေါင်မိုးလေးအောက်ထိုင်ကာ အသင့်ပါလာ သော အရက်ပုလင်းအား ဖွင့်လိုက်၏။ ရေပြည့်လာချိန်အားစောင့်ရင်း အရက်ထိုင်သောက်နေတာက ပို၍ အဓိပ္ပာယ်ရှိပေမည်။ ထွန်းဝေ အရက်ခွက် အား ခွပ်ခနဲ မော့လိုက်၏။ ရွာကနေ ကြော်ယူလာသည့် ငါးကြော်တစ်ဖတ် အား ကောက်ဝါးရင်း ...

"အင်း ... ဟိုကောင်လူအေးက ဒီကျွန်းမှာ မိကျောင်းသိုက်ရှိသတဲ့ ငါကလည်း မိကျောင်းဆို ... ကြောက်က ကြောက်ပါဘိသနဲ့ ... ကဲကွာ ကြောက်စိတ်ပြေသွားအောင် ... "

"ဂွပ်"

ထွန်းဝေသည် မိကျောင်းအကြောင်းတွေးရင်း အရက်ခွက်အား တဂွပ်ဂွပ်မော့ကာ ဘအေးပြောပြသည့် မိကျောင်းသိုက်ဆီသို့ စိတ်က ပြေးရောက် သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## မိကျောင်းသိုက်

ဘအေးသည် ရေပြင်ပေါ်မှာပေါ်နေသော ဘောလုံးကလေးများအား ငေးကြည့်နေမိသည်။ ကြမ်းတမ်းသော ရေစီးကြောင့် ပိုက်တန်းအား ချွန်မြနေသော ဘော့သီးလုံးလေးများသည် တလှုပ်လှုပ်တယမ်းယမ်းဖြစ်နေလေ၏။ ဘအေး ပိုက်တန်းချထားသည်မှာ ကြာလေပြီ။

ဒီတစ်ကြိမ် ရေလှည့်သင့်ချိန်ရောက်မှ ပြန်ဖော်မည်ဟု ဘအေးတွေးရင်း လှေဝမ်းထဲရှိ အရက်ပုလင်းအားထုတ်ကာ တစ်ခွက်ငှဲ့လိုက်၏။ ဘအေးတို့ လှေသမား တံငါသမားများသည် အရက်ဖြင့် ကင်းသူဟူ၍ နည်းပါးလှပေသည်။

အချိန်က အနောက်ဂေါယာကျွန်းမှာ နေလုံးက ဝင်စပြုနေပေပြီ။

"ဒီရေပေါ်ကျွန်းကို ငါမကြာခဏလာ ငါးပိုက်လာချနေတာ၊ ဒီကျွန်း အကြောင်း ရွာထဲကလူကြီးသူမတွေပြောတာတော့ ကျွန်းပေါ်မှာ အရုပ်ကြီးတစ်ခု ရှိတယ်တဲ့ ... ငါသွားကြည့်ရင်ကောင်းမလား ..."

အရက်သောက်ရင်း ဘအေး တွေးနေမိခြင်းဖြစ်သည်။ သူ ပိုက်ဖော်မည့်အချိန်က လိုသေးသည်။ ဘအေး ၏စိတ်မနောတွင်းမှလည်း ကျွန်းပေါ်သို့ ယနေ့မှတက်ရောက်ကြည့်ရှုချင်စိတ်များ တဖွားဖွားပေါ်ပေါက်နေလေသည်။

အရက်ရှိန်ကြောင့် သွေးရဲနေတာလည်းပါပေမည်။ ပြီးတော့ ဘအေးသည် ရွာတွင်လည်း ငယ်စဉ်ထဲက ငရဲမကြောက်ပြာပူမကြောက်ဆိုသလို တစ္ဆေသရဲနာနာဘာဝဆိုသည်ကိုလည်း သိပ်အယုံအကြည်ရှိလှသူ မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

ယခုကိစ္စကမူ အစဉ်အဆက် လူပြောသူပြောများသည့် ရေပေါ်ကျွန်းကြီးပေါ်သို့ သူတက်ကြည့်ချင်နေခြင်းပင် ဖြစ်သည်။ ယင်းသို့ ဘအေးစွေးနေစဉ်မှာပင် သူ၏ပိုက်လှေအနီးသို့ ရေပလုံလေးများ စီပွက်ကာ တရွေ့ရွေ့တန်းလာနေသည်ကို ဘအေး သတိမပြုမိပါ။

ဘအေး၏လှေဖြင့် ဝါးတစ်ပြန်လောက်တွင် ရေပြင်ထက်သို့ ညိုမှောင်သော သစ်တုံးကြီးတစ်ခုက ဖျတ်ခနဲပေါ်လာ၏။ သို့သော် ချက်ချင်းပင် ယင်းသစ်တုံးကြီးသည့် ရေလှိုင်းဂယက်များ လှုပ်ခနဲထသွားပြီး ရေအောက်သို့ ပြန်လည်ပျောက်ကွယ်သွားလေသည်။ ဒါကိုတော့ ကျွန်းကြီးဘက်ငေးနေသည့် ဘအေး မမြင်တွေ့လိုက်ပါချေ။

ဘအေးသည် ဆုံးဖြတ်ပြီးသွားပြီဖြစ်၍ လှေအား ကျောက်ဆွဲနှုတ်ကာ မူမူဖြင့် ရေပေါ်ကျွန်းကြီးဘက်သို့ လှော်ခတ်သွားလိုက်လေတော့၏။ လှေကို ရေပေါ်ကျွန်းကြီး၏အစပ် လတာနုံးစပ်တွင် ထိုးကပ်လိုက်ပြီး လတာပြင်ထဲသို့ စွပ်ခနဲ ခုန်ချလိုက်လေသည်။

"စွပ် ... စွပ်"

ဘအေး၏လက်တစ်ဖက်မှာ အရက်ပုလင်းနှင့် တောခုတ်ဓားရှည်တစ်ချောင်းကိုင်ထားလေသည်။ ဘအေးသည် ဆူးခရာချုံတောများထဲမှ ဖြတ်လျှောက် ကျွန်းကြီးပေါ်သို့ တက်သွားလေတော့၏။

သိပ်မကြာခင် ဘအေး ကျွန်းပေါ်သို့ ရောက်သွား၏။ ကျွန်းကြီးမှာ လူသူလေးပါးကင်းမဲ့သည့် ရေလယ်ကျွန်းကြီးတစ်ခုဖြစ်နေ၍ နထုးချုံ သင်ပေါင်းတောများနှင့် အောက်ခြေချုံနွယ်ပိတ်ပေါင်းများ ထူထပ်လှသလို သစ်ကြီးဝါးကြီးတွေလည်း အုပ်ဆိုင်းစွာ ပေါက်ရောက်လျှက်ရှိလေသည်။

ဘအေး ကျွန်းအလယ်သို့မှန်းကာ လျှောက်သွား၏။ လမ်းတွင် ပုလင်းထဲမှအရက်ကိုလည်း တစ်ငုံမော့လိုက်သေး၏။ အရက်ရှိန်ကြောင့် ဆူးများခြက်ရိုင်းများ ခြစ်မိရှမိသည်ကိုပင် ဘအေးနာကျင်ရမှန်း မသိတော့ပါချေ။ သိပ်မကြာခင် ဘအေးသည် ရေပေါ်ကျွန်းကြီး၏အလယ်သို့ ရောက်ရှိနေပြီဟု စိတ်က အလိုလိုထင်မြင်နေမိလေသည်။

"ဟင် ... "

ကနစိုပင်ကြီးနှစ်ပင်ကို လွန်လာစဉ် ဘအေး၏မျက်စိများ ဝိုင်းစက်



www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။ ယင်းမှာ ဘအေး၏ရှေ့တည့်တည့် ဝါးတစ်ပြန့်ခန့်အကွာရှိ ကုန်းမြေလေးပေါ်တွင် ရေညှိများပေါက်ရောက်လျှက် နွယ်များချုံများရစ်ပတ်ဖုံးလွှမ်းနေသော ဂဝံတုံးကြီးများဖြင့် ယင်းတို့အနီး၌ ပြိုပျက်စပြုနေပြီဖြစ်သည့် ဂဝံရုပ်တုကြီးတစ်ခုအား ဘွားခနဲ တွေ့မြင်လိုက်ရလေ၏။

ရုပ်တုကြီးမှာ လက်တစ်ဖက်သည် ကျိုးပဲ့နေ၏။ အရုပ်ဆိုးအကျည်းတန်လှစွာ မည်သည့်ပုံသဏ္ဌာန်မျိုးဟု မပြောနိုင်သော်လည်း မိန်းမတစ်ယောက်မှန်းတော့ သိသာနေလေသည်။ တစ်ခုထူးခြားသည်မှာ ဘအေး ယင်းဂဝံရုပ်တုမျက်[illegible]အား စတင်တွေ့တွေ့ချင်းပင် သူ၏ကိုယ်အနှံ့ ကြက်သီးမွေးညင်းများဖြန်းခနဲထသွားခြင်းပင်ဖြစ်လေသည်။ ဘအေးသည် သတ္တိနည်းမှုံးသူတစ်ယောက်တော့ မဟုတ်ပေ။ ပေါ်ခါတရံ အနောက်ရိုးမဘက်သို့ မုဆိုးလုပ်သူပင်ဖြစ်သည်။

ဘအေးသည် ယင်းအရုပ်ကြီးအပါးသို့ တိုးကပ်သွားသည်။

“ရွာကလူကြီးတွေပြောတာ ဒီအရုပ်ကြီးပဲဖြစ်ရမယ်၊ အရုပ်ကြီးကလည်း ကျိုးပဲ့ပျက်စီးနေတာတောင် အရုပ်ကဆိုးလွန်းလိုက်တာ ဒါကြောင့်လည်း လူတွေကြောက်လန့်နေကြတာနေမယ် ...”

ရုပ်ထုကြီးမှာ အမှန်တကယ်လည်း ရုပ်ဆိုးပန်းဆိုး ဘီလူးသရဲပုံသဏ္ဌာန်ပေါက်နေ၍ဖြစ်လေသည်။ ဘအေး၏ အကြည့်က တစ်နေရာသို့ရောက်သွား၏။

“ဟင် ...”

ဘအေး အံ့ဩသွားရသည်။ ယင်းမှာ ရုပ်တုကြီး၏ မလှမ်းမကမ်း၌ အကယ့်မိကျောင်းကြီးပမာ လက်ရာမြောက်လှသည့် မိကျောင်းရုပ်ကြီးတစ်ခုအား တွေ့မြင်လိုက်ရခြင်းပင်ဖြစ်သည်။ တစ်ခုထူးခြားသည်မှာ သူ၏အမြင်၌ မိကျောင်းရုပ်ကြီးသည် မျက်လုံးနှစ်လုံးသည် အသက်ဝင်နေသည့်ပမာ သူ့အား စိုက်ကြည့်နေသည်ဟု ဘအေးထင်လိုက်မိခြင်းပင်ဖြစ်လေသည်။

ဘအေး ကြောက်လန့်တကြားယောင်ရမ်းပြီး ခြေနှစ်ချောင်းနောက်သို့ ဆုတ်လိုက်မိလေ၏။ ယင်းအချိန်မှာပင် ...

“ဝေါ ... ဖရော ... ဖရော ...”

“ဟာ ...”

ဘအေးရပ်နေရာ ရုပ်တုကြီးဝန်းကျင်မှာလည်း တောပြိုသံနှိုးလို လူသူများစုဝေးအော်ဟစ်သံလိုလို အသံကြီးများကလည်း ရုတ်တရက်ထွက်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



လေညှင်း အနည်းငယ် အရွယ်ရောက် သရဲမကြောက်သူပင် စိမ့်ခနဲကြက်သီး တဖြန်းဖြန်းထသွားလေသည်။

ထိုအခိုက် ...

"ဖြောင်း ... "

"ဟာ"

ဗျာယ်လောင်လှသည့်အသံကြီးတစ်ခုကြောင့် ဘအေးချာခနဲနောက်သို့ လှည့်မကြည့်စတမ်း ခြေကုန်သုတ်လေတော့သည်။ သစ်ပင်နွယ်ပင်တွေကြား မှုးရှူးထိုးဖြတ်သည်။ ဆူးချုံမြက်ရိုင်းပင်တွေကြား ဘအေး အလဲလဲအကွဲကွဲ တိုးသည်၊ နောက်ဆုံး ကျွန်းအစပ် နွံလတာစပ်ရှိ သူ၏ပိုက်လှေသို့ ဘအေးမည်သို့ မည်ပုံပြန်ရောက်ခဲ့သည်ပင် မသိတော့။

ဘအေးလှေအား ကျွန်းစပ်ကနေ ဝေးရာသို့နှင်းကြီးလှော်ခတ်လိုက် သည်။

အဲဒီအချိန်မှာပဲ ဘအေးတစ်သက် ထူးဆန်းသောမြင်ကွင်းတစ်ခုအား ထပ်မံကြုံတွေ့လိုက်ရလေသည်။ ယင်းမှာ သူ၏ပိုက်လှေဝဲဘယ်ညာကနေ၍ ဝေါခနဲ ရေပေါ်ပေါ်ထွက်လာသည့် မိကျောင်းနှစ်ကောင်၏ ဦးခေါင်းကြီးများကြောင့် ပင်တည်း ...

"ဟာ ... မိ ... မိကျောင်းတွေ"

ဘအေး အသည်းတထိတ်ထိတ်ဖြစ်သွားရသည်။ ရေပေါ်ကျွန်းတဝိုက် မှာ မိကျောင်းရှိသည်ဟု ဘယ်ပိုက်လှေများ တံငါများမှ မပြောဘူးကြပေ။ ယခု ဤမိကျောင်းကြီးနှစ်ကောင်သည် ဘယ်ကဘယ်လိုရောက်ရှိလာရသည်လဲ။

တစ်ခုထူးခြားသည်မှာ ယင်းမိကျောင်းနှစ်ကောင်သည် ဘအေးအား မည်သို့မျှ အန္တရာယ်မပြုဘဲ လှေနဘေး မလှမ်းမကမ်းကနေ၍ လိုက်ပါလာပြီး မကြာခင် ရေထဲသို့ပြန်လည်ငုပ်လျှိုးသွားလေတော့သည်။ ဘအေးသည် သူ၏ ပိုက်ကိုလည်း သတိမရတော့ဘဲ လှေကိုသာ အတင်းနှင်းကန်၍လှော်ခဲ့ရာ ရွာသို့မည်သို့မည်ပုံ ပြန်လည်ရောက်ရှိလာမှန်းပင် မသိတော့ပေ။

"အဲဒီမိကျောင်းရုပ်ထုကြီးရော မိကျောင်းနှစ်ကောင်ကိုပါ အရှင်လတ် လတ်ကျုပ်တွေ့ခဲ့ရတာ၊ အဲဒီအချိန် ကျုပ်ကို တိုက်ခိုက်ရင်ကျုပ်သေပြီ၊ နောက် သုံးလေးရက်လောက်မှ ရွာကတံငါတွေခေါ်ပြီး ပိုက်သွားဖော်ရတယ်၊ သေချာ တယ်ဗျ ... အဲဒီရေပေါ်ကျွန်းတဝိုက်မှာ မိကျောင်းသိုက်ရှိရမယ်၊ ကိုထွန်းဝေ



www.burmeseclassic.com

www.burmeseclassic.com



ပိုက်သွားချရင် သတိထားချပေါ့ဗျာ၊ ကျုပ်စိတ်ထင်တော့ အဲဒါ ကျုပ်အရက်သောက်စားသွားလို့ သိုက်မိကျောင်းကြီးတွေက အပေါင်ပြတာနေမယ်ဗျ"

ထိုစကားများသည် ဘအေးဖြင့်တွေ့စဉ် ဘအေးကိုယ်တိုင်ပြောပြခဲ့သော စကားများဖြစ်လေသည်။ ထွန်းဝေသည် ညီဖြစ်သူ ဘအေးကိုယ်တိုင် ကြုံတွေ့ခဲ့ရသည်ဆိုသော မိကျောင်းအကြောင်း စဉ်းစားတွေးတော၍ ပြန်သတိရနေခြင်းဖြစ်လေသည်။ သို့သော် ဘအေးကသာ မိကျောင်းကိုမြင်တွေ့ရသည် ပြောသော်လည်း အခြားသော ပိုက်သမားတံငါလေ့များကမူ မည်သူမျှ မိကျောင်းဖြင့် တွေ့ကြုံရသည်ဟု မကြားမိတာတော့ အမှန်ပင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## မိကျောင်းဝိညာဉ်

ထွန်းဝေသည် ရွှေသောင်မြေရွာဘက်ဆီကနေ တောလမ်းလေးအတိုင်း လျှောက်လာလေသည်။ သူ၏ပုခုံးနောက်ကြားမှာ တောခုတ်ဓါးမသည် သူခြေလှမ်းလိုက်တိုင်း လှုပ်စိလှုပ်စိဖြင့်ပါလာသည်။ အမှန်တော့ ထွန်းဝေသည် ဤသစ်ပင်တွေ ခနိပင်တွေ ရှုပ်ထွေးနေသော ဤလမ်းသို့လာခဲ့သည်။ သို့သော် ယခု တစ်ကြိမ်ကား မလာရောက်၍မဖြစ်ပေ။ ၎င်းအတွက် သစ်လေးဝါးတိုင် လိုအပ်၍ ရေပေါ်ကျွန်းသို့သွားရာကုန်းကြောလမ်းလေးအတိုင်း ထွန်းဝေလာခဲ့ခြင်းဖြစ်သည်။

ရွာနီးဝန်းကျင်မှာ သူလိုချင်သောသစ်ဖြောင့်သစ်ကောင်းမရှိ။ ရေပေါ်ကျွန်း၌မှ သစ်ကောင်းဝါးကောင်းပေါသည်။ နွေလယ်နွေခင်းဖြစ်ပြန် ရေစစ်ချိန်လည်းဖြစ်၍ ထွန်းဝေရေပေါ်ကျွန်းသို့ ကမ်းနားရိုးလေးအတိုင်း မြောင်လာခြင်းဖြစ်၏။ ရေပေါ်ကျွန်းတွင် သစ်ခုတ်ပြီးလျှင် ပြန်မည်။

ထွန်းဝေ ရေပေါ်ကျွန်းစပ်သို့ရောက်ရှိလာ၏။ ကျွန်းကုန်းလေးပေါ်သို့ တက်လာလိုက်သည်။ ကျွန်း၏အလယ်ခေါင် တည့်တည့်နေရာသည် သစ်တောထူပြီး သစ်ပေါ်များမှန်း ထွန်းဝေသိထားသည်။ တစ်စတစ်စ ထွန်းဝေ ကျွန်းအလယ်သို့ရောက်ရှိလာ၏။

ထိုစဉ် ရုတ်တရက် ...

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဝေ၏စိတ်ထဲ အရိပ်သဏ္ဍာန်တစ်ခုရှေ့တွင် လှုပ်ရှားသွားတာကို မြင်လိုက်သည်။ ထို့ကြောင့် ထွန်းဝေ၏ လှမ်းလက်စခြေအစုံတုန့်သွားပြီး သူ၏ စိတ်ထဲ ဇဝေဇဝါဖြစ်သွားရသည်။ သူသည် အမှန်ပင် လူရိပ်သဏ္ဍာန်တစ်ခု အား မြက်ရိုင်းတောစပ်ကြားမြင်တွေ့လိုက်ရတာ သေချာလေသည်။

သူ့အပြင် ဤရေပေါ်ကျွန်းပေါ်၌ သူကဲ့သို့ သစ်ဝါးလာခုတ်သူ တစ်ယောက်ယောက်ပင်ဖြစ်ပေလိမ့်မည်။ ကိစ္စမရှိပါ။ သူလည်း သူ့အလုပ်သူလုပ် သလို ကိုယ်လည်းကိုယ့်အလုပ်ကိုယ်လုပ်ရုံပင်ဖြစ်သည်။

ထိုစဉ် ထွန်းဝေ ဖြုန်းခနဲ အရာဝတ္ထုတစ်ခုအား မြင်တွေ့လိုက်လေ၏။ ယင်းမှာ သူ့ရှေ့ဝါးတစ်ပြန်မရှိတရှိတွင် သစ်ပင်ချုံရိုင်းများ အတန်ငယ်ရှင်းနေ သော ကုန်းကမူလေးထိပ်မှ နွယ်ပင်အချို့ ရစ်ပတ်နေသည့် ရုပ်တုကြီးတစ်ခုပင် ဖြစ်ပေသတည်း။

ထွန်းဝေ၏ ရင်ထဲ ထိတ်ခနဲဖြစ်သွားလေသည်။

"ဟင် ... ဒါ ... ဒါ ... ရေပေါ်ကျွန်းရုပ် ... ရုပ်တုပျက်ပဲ လူတွေ ပြောဆိုနေကြသံ ကြားဖူးပေမယ့် အခုမှပဲ ငါမြင်ဖူးတော့တယ်၊ အရုပ်ကလည်း ချောချောလှလှမဟုတ် အတော်ရုပ်ဆိုးတာပဲ ... "

"ခွပ် ... ဖျောက် ... "

"ဟင် ... "

နောက်ဘက်ဆီကနေ သစ်ကိုင်းခြောက်နင်းသံကြားလိုက်ရသဖြင့် ထွန်းဝေ ဖျတ်ခနဲလှမ်းကြည့်မိလိုက်လေသည်။ ချုံစပ်တောကနေ လှမ်းထွက် လာသည့်လူနှစ်ယောက် ...

ထွန်းဝေ အံ့သြသွားရသည်။ ခုန သူတွေးထင်ထားသလို ကျွန်းပေါ်မှာ သူတင်မဟုတ် သူ့ကဲ့သို့ပင် သစ်ခုတ်ဝါးခုတ်သူအဖော်ရှိသေး၍ ထွန်းဝေ စိတ် အေးသွားရလေသည်။ လူနှစ်ယောက်ဟုသာ ဆိုလိုက်ရသော်လည်း တစ်ဦးသည် အသက်လေးဆယ်ရွယ်ခန့်ရှိ ရုပ်ရည်ကြမ်းကြမ်း ဖျဉ်ကြမ်းအင်္ကျီ လုံချည်ကွက် တုံးကြီးအားဝတ်ဆင်ထားပြီး တစ်ဦးမှာမူ ဆံပင်ဘီးစပတ်တုံးဖွဲ့ထားသည့် မိန်းမ တစ်ဦးဖြစ်သည်။ ယင်းမိန်းမကမူ ပဒုမ္မာပိတ်ကို ဝတ်ဆင်ထားသော်လည်း ရုပ်ရည်ကမူ သင့်တင့်လျောက်ပတ်လေသည်။

သူတို့နှစ်ဦးက ထွန်းဝေထံသို့လျှောက်လာလေသည်။ ကြည့်ရတာ သင်မယားပင်ဖြစ်ကြပေလိမ့်မည်။ ဖျဉ်ကြမ်းအင်္ကျီလုံချည်ကွက်တုံးဖြင့် လူက



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဝေအားကြည့်လျက် ...

"သစ်လာခုတ်တာလား ... "

"အင်း ... ဟုတ်တယ် ... ရွာမှာ သစ်မရှိတာနဲ့ ဒီကလာခုတ်တာ"

ထိုသူ၏အမေးအား ထွန်းဝေပြန်ဖြေလိုက်ပါသော်လည်း သူ့နှာခေါင်းထဲမှာမူ ရုတ်တရက် ညှီစို့စို့အနံ့တစ်ခုရလိုက်သလိုထင်မိသည်။ ထိုသူ့ထံကပဲလား။

သူ့နဘေးဝန်းကျင်မှာလည်း မည်သည့်တိရစ္ဆာန် အသေကောင်မျှ မရှိချေ။

ထိုလုံချည်ကွက်တုံးကြီးဝတ်ဆင်ထားသူ၏နဘေးမှ အမျိုးသမီးကမူ မည်သည့်စကားမျှမဆိုဘဲ ထွန်းဝေအား စိမ်းစူးစူးပင်ကြည့်နေလေသည်။ သူမ၏ အကြည့်သည် မနှစ်မြို့ဖွယ်အကြည့် ...

ထွန်းဝေက မိတ်ဖြစ်ဆွေဖြစ်သဘောဖြင့် ...

"နောင်ကြီးတို့ကော သစ်လာခုတ်ကြတာလား၊ အဖော်ပဲပေါ့ဗျာ"

"ကျုပ်အဖော်ရတာပေါ့ ... "

"အင်း ... ဆိုပါတော့ ဒါပေမဲ့ ဒီနေရာကို ရွာကလူစိမ်းတွေ လာလေ့မရှိကြဘူးဗျ မိတ်ဆွေကြီးကြည့်ရတာ အတော့်ကို သတ္တိကောင်းပုံပေါ်တယ်"

လုံချည်ကွက်တုံးဖြင့်လူက ထွန်းဝေအား ပြောလေသည်။

"ဘာဖြစ်လို့လဲဗျ ... သတ္တိကောင်းဆို ကျုပ်နာမည်ထွန်းဝေ ... တရင်းချောင်းရွာမှာဆို မသိသူမရှိဘူး ... "

"ဪ ... ဒီလိုပါ ... ဒီကျွန်းကို ဘယ်သူမျှမလာကြဘူးလေ၊ ခင်ဗျားတစ်ယောက်တည်းလာတာတွေ့လို့ပါ တစ်မျိုးမထင်ပါနဲ့ဗျာ"

"လာတုန်းကတော့ တစ်ယောက်တည်းပေါ့ဗျာ၊ အခု ခင်ဗျားတို့နဲ့တွေ့နေရပြီပဲ အဖော်ရှိပြီပေါ့၊ ခင်ဗျားတို့ လင်မယားရော ကျုပ်လိုပဲသစ်လာခုတ်တာလား ... ဘယ်ရွာမှာနေကြတာလဲ ကျုပ်တစ်ခါမှတော့ မတွေ့ဖူးဘူး"

"အင်း ... ဆိုပါတော့ဗျာ၊ ကဲ ကဲ ... ခင်ဗျားသစ်ခုတ်စရာရှိတာ ခုတ်ပါ ကျုပ်တို့ ဟိုရှေ့ဆက်သွားလိုက်ဦးမယ်"

လုံချည်ကွက်တုံးကြီးဝတ်ဆင်ထားသူကပြောရင်း လှမ်းထွက်သွားကြလေသည်။ သူတို့နှစ်ယောက်လှမ်းထွက်သွားရာသို့ ထွန်းဝေလိုက်လံကြည့်မိရာ ကျွန်းအောက်ဘက်ရှိထူထပ်သော ခရာဆူးချုံ လမုပင်များပေါက်ရောက်နေရာသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဝေ အံ့အားသင့်သွားမိလေသည်။

မည်သည့်အတွက်ကြောင့်ဆိုသော် ဖျဉ်ကြမ်းအင်္ကျီလုံချည် ကွက်တုံးကြီးဝတ်ဆင်ထားသူကို တိုးဝင်ပျောက်ကွယ်သွားရာနေရာအား ရေစပ်ဖြစ်နေခြင်းကြောင့်ပင်တည်း ... ထွန်းဝေ အံ့ဩသောစိတ်ဖြင့် ယင်းနေရာသို့ လိုက်ပါသွားလေသည်။

ခရာဆူးချုံများ လမုပင်ငယ်များက ထူထပ်စွာပေါက်ရောက်နေကြ၏။

"ဟင်"

ထွန်းဝေ ယင်းတစိုက်လိုက်လံရှာဖွေကြည့်သော်လည်း စောစောက လင်မယားကို မမြင်မတွေ့ရတော့ပေ။ ဒါပေမဲ့ ထူးဆန်းတာတစ်ခုတော့ တွေ့ရ၏။ ယင်းမှာ ရေစပ် နုံးလတာပြင်ပေါ်ကနေ မလှမ်းမကမ်းရေစပ်ကြီးနားရှိ သင်ပေါင်းချုံတောကြီးဘက်ဆီသို့ လှမ်းသွားသောခြေရာများအား မြင်တွေ့လိုက်ရခြင်းကြောင့်ပင်တည်း။

ထွန်းဝေသိချင်သောစိတ်ကြောင့် ယင်းနေရာသို့လျှောက်သွားလိုက်၏။ ထူထပ်အုပ်ဆိုင်းသည့် ခရာချုံလမုပင်ချုံကြီးအား တိုးဖြဲ၍ လှမ်းဝင်သွားလိုက်၏။

"ဟင် ... "

ထွန်းဝေ မမျှော်လင့်သောမြင်ကွင်းဖြစ်သည်။ ယင်းမှာ ချုံတောကြီး၏ အတွင်းဘက်တွင် ဂူကြီးသဏ္ဌာန်ဖြစ်နေသောကြောင့်ပင်တည်း။ ချုံတောကြီးမှာ လူတစ်ရပ်မကကြီးမားပြီး မှောင်မိုက်နေလေသည်။ ခါးစောင်းသာသာကျော်ရုံမျှ ခရာဆူးချုံကြီးထဲတွင် ဤသို့ ဂူကြီးတစ်ခုတည်ရှိနေသည်ကို ထွန်းဝေအံ့ဩနေမိသည်။ ခုန လင်မယားဤဂူပေါက်ကြီးတွင်းသို့ ဝင်သွားတာဖြစ်မည်။ ထွန်းဝေ ဂူပေါက်သို့လှမ်းဝင်လာသည်။

ဂူမှာ ရှည်မျောမျောလေးဖြစ်သည်။ ဤနေရာမျိုးတွင် ဂူကြီးတစ်ခု ရှိနေမည်ဟု ထွန်းဝေထင်မှတ်မထားမိပါချေ။ ရုတ်တရက် ထွန်းဝေ၏နှာခေါင်းတွင်းသို့ ညီစို့စို့အနံ့ကြီးက ဝင်ရောက်လာလေသည်။ မြေဂူကြီး၏နံရံသားတစ်ဖက်တစ်ချက်တွင်လည်း သေဆုံးနေသော ငါးပုပ်အကောင်ပုပ်တချို့အား တွေ့မြင်ရသည်။

ထွန်းဝေသည် နဂိုထဲက တစ္ဆေသရဲမကြောက်တတ်သူဖြစ်ပြင် သူ၏ စိတ်တွင်းမှလည်း ထူးဆန်းနေသောကြောင့် ဂူတွင်းသို့ မရွံ့မကြောက်ဝင်သွားခဲ့၏။ ထွန်းဝေ အတော်လေး လှမ်းမိသောအခါ သူ၏ရှေ့တွင် မှိုင်းခနဲလှုပ်ရှားသွား



www.burmeseclassic.com

www.burmeseclassic.com



သည့် အရိပ်သဏ္ဍာန်တစ်ခုအား တွေ့လိုက်ရလေသည်။

ထွန်းဝေ နှစ်လမ်းသုံးလမ်း ရှေ့ဆက်အလှမ်း ...

"ဟာ"

ထွန်းဝေလှမ်းလက်စ ခြေအစုံ တုန့်ခနဲဖြစ်သွားမိသည်။ သူ၏ရှေ့ မြေလိုဏ်ဂူကြီး၏ ထောင့်တွင် သူ့ရှိရာသို့ လှမ်းကြည့်နေသော နီရဲသော မျက်လုံးကြီးနှစ်စုံအား လှမ်းမြင်လိုက်ရလေသည်။

ထွန်းဝေ ခြေအစုံတုန့်သွားလေသည်။ သေချာကြည့်သောအခါမှ ယင်း ရဲရဲနီနေသည့် မျက်ရှံ့ကြီးလေးလုံးမှာ ညိုပုပ်ရှည်လျားသည့် အကြေးခွံအကွက် ထနေသော မိကျောင်းကြီးနှစ်ကောင်ဖြစ်မှန်း ရေးရေးလေးမြင်ရလေသည်။

ပုပ်နံ့ညှီလှောင်သော အနံ့ဆိုးကြီးကလည်း ဂူကြီးအတွင်းပျံ့ဝေ့နေ လေသည်။

"ဟင် ... ဒါ ... ဒါ ... မိ ... မိကျောင်းသိုက်"

ထွန်းဝေကြောက်ရွံ့ထိတ်လန့်စွာ ခြေကိုနောက်သို့ပြန်ဆုတ်လိုက်မိသည်။ ကြီးမားလှသော မိကျောင်းထီးကြီး၏ ပါးစပ်ကြီးက တစ်ထောင်ခနဲ ဟသွားသလို ထောင်းခနဲ အပုပ်နံ့ကြီးကလည်း သူ့ထံသို့ လွင့်လာသည်။ မိကျောင်းကြီးမှာ အဖိုအမ ဖြစ်ပုံရလေ၏။

ထွန်းဝေဖြင့် သိပ်အလှမ်းမကွာလှပါ။ ထွန်းဝေ၏ မျက်စိထဲမှာ မိကျောင်းကြီးနှစ်ကောင်အစား ခုန သူဖြင့်ကြုံတွေ့ခဲ့သော လုံချည်ကွက်တုံးနှင့် လူဖြင့် သူ့အားစိမ်းစူးစူးကြည့်နေခဲ့သည့် မိန်းမအား မြင်ယောင်နေမိသည်။ ထိုအချိန်တွင် ထွန်းဝေထံသို့ လက်ဝဲဘက်ရှိ မိကျောင်းမကြီးက ဝေါခနဲပြေး လာ၏။

"ဟာ"

ထွန်းဝေမှာ မည်သည့်လက်နက်မှလည်းမပါပါ။ ချာခနဲ ထွန်းဝေနောက် သို့ လှည့်ပြေးလေတော့သည်။ မိကျောင်းကြီးသည်လည်း ထွန်းဝေ၏ နောက်သို့ ကမူးရှူးထိုး ပြေးလိုက်လာလေသည်။ ထွန်းဝေ ကြောက်အားလန့်အားပြေးရင်း ဘိုင်းခနဲ လဲပြိုကျသွားလေသည်။

"ဗိုင်း ... "

"အား ... "

ထွန်းဝေသည် နာကျင်နေခြင်းအား ဂရုမထား။ ကမန်းကတန်းပင်



www.burmeseclassic.com

www.burmeseclassic.com



လဲကျနေရာကနေထ၍ပြေးသည်။ မိကျောင်းကြီးမှာ လျင်မြန်စွာပင် သူ့ထံသို့ရောက်ရှိလာသည်။ မိကျောင်းကြီးမှာ မိကျောင်းမဖြစ်ပုံပေါ်ပြီး အလွန်ဝင်ခေါ်သကြီးပုံပေါ်လေသည်။

ပြေးရင်းလွှားရင်း ရုတ်တရက် ...

"ဟာ"

ဂူအတွင်း ကန့်လန့်ဖြတ်ပေါက်နေသည့် သစ်မြစ်ကြီးတစ်ခုအား ခလုတ်တိုက်မိကာ ဂူအတွင်းရှိ ရေအိုင်ထဲသို့ ထွန်းဝေပြုတ်ကျသွားလေသည်။ ရေမှာမည်းသည့်နေရာကနေ ဂူကြီးထဲသို့ဝင်ရောက်နေမှန်းမသိရသော်လည်း ရင်ဆို့ခန့်နက်လေသည်။

ထွန်းဝေရေထဲကနေ ဝရုန်းသုန်းကားကူးခတ်ရန် ဟန်ပြင်ဆဲမှာပင် ကြီးမားလှသောမိကျောင်းနက်ကြီးသည် သူရှိရာ ရေအိုင်တွင်းသို့ ခေါ်ခနဲထိုးဆင်းလာလေသည်။ ထွန်းဝေသည် သူ၏အနီးသို့ရောက်ရှိလာသည့် မိကျောင်းထီးကြီး၏ ဦးခေါင်းအားကြည့်လျှက် အသည်းပျက်လုမတတ် အော်ဟစ်လိုက်လေတော့သည်။

"အား ... "

ထွန်းဝေသည် အထိတ်တလန့်အော်ဟစ်လိုက်ပြီး ဆတ်ခနဲလန့်နိုးသွားလေသည်။ ထွန်းဝေ နိုးနိုးချင်း လှေဝမ်းထဲကနေ သူ၏ဝဲယာဝန်းကျင်သို့ လျှင်မြန်စွာ ဝေ့ဝဲ၍ကြည့်လိုက်မိလေသည်။ ဝန်းကျင်မှာ မှောင်ရိပ်ပင်သန်းစပြုနေလေပြီ။ သူမည်မျှ မူးမူးဖြင့် အိပ်ပျော်သွားလေသည်မသိတော့။

သူ အမှန်တကယ်ပင် ကျွန်းပေါ်သို့ရောက်ရှိသွားပြီး မိကျောင်းသိုက်ကြီးထဲသို့ ရောက်ရှိသွားလေသည်လား။ ကျွန်းပေါ်တွင် အိပ်မက်ထဲတွေ့ခဲ့ရသောဆုံချည်ကွက်တုံးဖြင့် လူဖြင့်အမျိုးသမီးက မိကျောင်းနှစ်ကောင်က လှုံဆော်ဆင်းပြီး သူ့အားလှည့်စားခြင်းပေလော ...

သို့တည်းမဟုတ် ...

ထွန်းဝေပင် အရက်မူးမူးဖြင့် ဘာအေးပြောပြသောစကားကြောင့် စွဲလမ်းပြီး ထင်မိထင်ရာမြင်မိမြင်ယောင်မြင်နေမိတာလား ထွန်းဝေ သူကိုယ်သူလည်း တွေးတတ်တော့ချေ ...

ယင်းအခိုက် ...

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဝေလှမ်းမြင်နေရသော လတာပြင်စပ်ကနေ ကိုးတောင်ခန့်မျှရှိသော မည်းမည်းသဏ္ဍာန်အရိပ်နှစ်ခုအား မြင်တွေ့လိုက်ရ၏။ ကြီးမားလှသော မိကျောင်းကြီးနှစ်ကောင်ပင်တည်း ...

မိကျောင်းကြီးတွေသည် ဝေါခနဲရေစပ်သို့ ထိုးဆင်းလာကြပြီ ...

"ဟာ ... မိ ... မိကျောင်းတွေ"

ထွန်းဝေနှုတ်ကနေ အထိတ်တလန့် ထိုစကားပဲဆိုနိုင်လေတော့သည်။ ထွန်းဝေ သူ၏ပိုက်ဖုံးတွေကိုပင် သတိမရတော့။

"ဗွမ်း"

ထွန်းဝေသည် ကမန်းကတန်းလှော်တက်အားကိုင်ကာ လှေအား ဝါးလုံးထိုးလှော်ခတ်လာလေတော့သည်။ လှေ၏နောက်မလှမ်းမကမ်းတွင်မူ —

"ဗွမ်း ... ဝရော ... ဗုန်း ... "

ကြီးမားသည့် အမြီးကြီးဖြင့် ရေပြင်အား ရိုက်ခတ်သံ၊ နှစ်ကောင်သားလုံးထွေးနေသလိုကြီးမားသည့် ရေပြင်ဂယက်ဝိုင်းကြီးများ လှိုင်းတံပိုးများသည် ဆူညံစွာ လှုပ်ရှားကျန်ရစ်နေလေတော့သည်။

⚜



www.burmeseclassic.com

www.burmeseclassic.com

## နှုတ်စီးတဲ့ မိရှုပ်ဆိုး

ကပ္ပိယကြီးဦးကြာယုံသည် ရွာဦးကျောင်းပရဝဏ်တွင်းသို့ လှမ်းဝင်လာသော ရွာထဲမှ သူဌေးဦးထင်ပေါ်တို့ လင်မယားအားလှမ်းတွေ့လိုက်၍ နှုတ်ဆက်လိုက်၏။ ကပ္ပိယကြီးဦးကြာယုံ၏နံဘေးရှိ ခုံတန်းလျားလေးပေါ်တွင် မကျည်းအန်လေးသည် သစ်ရွက်အိုးပုတ်လေးများဖြင့် တစ်ကိုယ်တည်းဆော့ကစားနေသည်။

"ဟော … သူဌေးကြီးတို့လင်မယားပါလား၊ ကျောင်းကိုမရောက်တာ ကြာကြပြီ"

"ဟုတ်ပ ကပ္ပိယကြီးရေ … အလုပ်တွေရှုပ်နေလို့၊ ခုတောင် ညနေမှသွားမလို့ ဆရာတော်ကို ဘာမှာမလဲလို့ လာလျှောက်တာ"

"ဆရာတော်ရှိပါတယ် … စကြံလျှောက်နေတယ် … ဦးထင်ပေါ် သွားကန်တော့ချည်လေ ဟော … ကြွလာပြီ"

ကပ္ပိယကြီးဖြင့် သူဌေးဦးထင်ပေါ်သို့ စကားပြောနေဆဲမှာပင် စင်္ကြံလျှောက်နေသော ဆရာတော်သည် ကျောင်းရှေ့ကလမ်းပြင်သို့ ရောက်ရှိလာလေသည်။ ဆရာတော်သည် တရားအမှတ်သတိဖြင့်လျှောက်ရင်းက ကပ္ပိယကြီးဦးကြာယုံနေထိုင်ရာ တဲကျောင်းလေးရှေ့သို့ ရောက်လာ၏။ သူဌေးဦးထင်ပေါ်တို့ လင်မယားသည် ရွာဦးဆရာတော်အား ဝတ်ဖြည့်လိုက်လေသည်။

"ဒကာကြီးထင်ပေါ်တို့ လင်မယားပါလား၊ ဘာလျှောက်စရာရှိလို့လဲဗျဲ့ … "



www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ့ တပည့်တော်ကို ညနေကျ မြို့ပေါ်ပစ္စည်းလေးဘာလေး သွားဝယ်မှာမို့ ဆရာတော်ဘာများလိုအပ်မလဲလို့ ဝင်လျှောက်တာပါဘုရား"

သူဌေးဦးထင်ပေါ်နှင့် ဇနီးဒေါ်ငွေမြမှာ ကရင်ချောင်းရွာ၏ လယ်ပိုင်ယာပိုင်ကြေးရတက် မျက်နှာဖုံးများဖြစ်သလို ပစ္စည်းလေးပါ ဒါယကာများလည်း ဖြစ်ကြပေသည်။ သူတို့မြို့ပေါ်သို့သွားတိုင်း ရွာဦးဆရာတော်အား ဝင်ရောက်လျှောက်လျှက် အပြန်၌ဆရာတော်အလိုရှိရာ ဝယ်ယူလာတတ်မြဲ ဖြစ်သည်။ ဆရာတော်သည် ဦးခေါင်းမသိမသာလေး ဆတ်ခနဲညိတ်လိုက်ပြီးလျှင် ...

"အိမ်း ... ဘုန်းကြီးစရာတော့ အထူးအထွေမရှိပါဘူး၊ ကျောင်းဒကာကြီးဝယ်ချင်ရင်တော့ မြို့ဘုရားကဆိုင်မှာ ပေတာဝတ္ထုတော်ကြီးဆိုတာနဲ့ ပရိတ်စာအုပ်တွေ့ရင်သာ ဝယ်လာခဲ့ပါ ..."

"မှန်လှပါ့ တပည့်တော်ရအောင် ရှာဝယ်ပေးပါ့မယ်ဘုရား"

သူဌေးဦးထင်ပေါ်တို့ ဇနီးမောင်နှံသည် လျှောက်စရာမရှိတော့သည်မို့ ဆရာတော်အား ဝတ်ဖြည့်ဦးခိုက်လိုက်၏။ ယင်းအချိန်မှာပင် မလှမ်းမကမ်းမှာ ဆော့ကစားနေသည့် ငါးနှစ်သွယ်ခန့်ရှိ မကျည်းတန်လေးသည် ရွာဦးဆရာတော်နှင့် ဦးထင်ပေါ်တို့ထံ ပြေးလွှားလာပြီးလျှင် ...

"အု ... အု ... အ"

"အု ... အု ... အ"

မကျည်းတန်သည် သူဌေးဦးထင်ပေါ်၏လက်အား ဖြန်းခနဲဆွဲလိုက်ကာ သူမလေး၏ပါးစပ်မှာ မပီမသ ရူးရူးဝါးဝါးတွေဆိုလျှက် ခေါင်းတစ်ခါခါ လက်တကာကာဖြင့် ပြောဆိုနေလေတော့သည်။ သူမ၏အမူအရာကြောင့် ဆရာတော်ရော သူဌေးဦးထင်ပေါ်ရော ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

မကျည်းတန်လေးအား သူဌေးဦးထင်ပေါ်သည် ကျောင်းသို့ရောက်လာတိုင်း မုန့်ပဲသားရေစာကအစ ဝယ်ယူလာကာ ကျွေးမွေးတတ်လေသည်။ မကျည်းတန်လေးသည် ဘဝနှံချာဆိုးရွားစွာ အကျည်းတန်အရုပ်ဆိုးရသည့်ဘဝအပြင် အနေတွင် စကားပြောတက်စအရွယ်ထဲက ယခုထိ စကားမပြောတတ်ဘဲ ဆွံ့အနေခြင်းပင်ဖြစ်ပါလေတော့သတည်း ...

ဦးထင်ပေါ်တို့လင်မယားသည် ပထမကြောင်အမ်းသွားပြီးနောက်

"ဘာဖြစ်လို့လဲ မိကျည်းတန်"

"အ ... အုး ... အု"



www.burmeseclassic.com

www.burmeseclassic.com



မကျည်းတန်သည် သူ့ဒွေးဦးထင်ပေါ်၏မျက်နှာအားစေ့စေ့ကြည့်ကာ ခြေဟန်လက်ဟန် မျက်နှာအမူအရာဖြင့် အတင်းမသွားရန် တားမြစ်နေသလို ဦးခေါင်းကိုလည်း တွင်တွင်ရမ်းခါပြလေသည်။ သူ၏အသွင်သဏ္ဌာန်သည် မြို့သို့ မသွားကြနှင့်ဟူသော သဘော ...

ဆရာတော်သည် မိကျည်းတန်၏အမူအရာကြောင့် မျက်နှာကွက်ခနဲ ပျက်သွားပြီး ခရီးသွားခါနီး ကျောင်းဒကာများ စိတ်ရှုပ်အောင်ပြုရပါ့မလား ဟုသောသဘောဖြင့် ...

"ဟဲ့ ကျည်းတန်၊ ဘာတွေလျှောက်ပြီးပြောနေရတာလဲ ... သွား ကိုယ်နေရာ ကိုယ်သွားနေစမ်း ..."

"အု ... အ ... အ"

ဒါတောင် မကျည်းတန်လေးသည် ဆရာတော်အား တစ်စုံတရာပြော ချင်နေသလို တအုအုပြောဆိုနေသေးသည်။ ကပ္ပိယကြီးဦးကြာယုံသည် မကျည်း တန်အား ချော့မော့ကာ တဲကျောင်းလေးရှိရာသို့ ခေါ်ဆောင်သွား၏။ မကျည်းတန် ၏ မကြုံစဖူးထူးကဲသော အမူအရာဖြင့် ဦးထင်ပေါ်သည် စိတ်ထဲထင့်ခနဲဖြစ်သွား မိလေသည်။

အတန်ကြာသောအခါ ဦးထင်ပေါ်တို့ဇနီးမောင်နှံသည် ဆရာတော်အား ထပ်ဖြည့်ပြီးကျောင်းဝိုင်းထဲကနေ ပြန်လည်ထွက်ခွာသွားလေတော့သည်။ ဦးထင် ပေါ်တို့ပြန်ထွက်သွားကြပါသော်လည်း တဲကျောင်းလေးအတွင်းရှိ ကပ္ပိယကြီး ကြာယုံမှာ သူ၏ရှေ့တွင် ကျုံ့ကျုံ့လေးထိုင်နေသည့် မကျည်းတန်လေးအား မြည်တွန်တောက်တီးလျှက် ရှိပေသည်။

"ခက်တာပဲ မိကျည်းတန်ရဲ့၊ ဆရာတော် စကားပြောနေတာ မတွေ့ဘူး လား၊ နင့်ကြောင့်တော့ ခက်ပါရဲ့ မိကျည်းတန်ရဲ့၊ ကျောင်းဒကာကြီးတွေတော့ စိတ်ဆိုးသွားသလား မသိဘူး ..."

"အု ... အ ... အ"

ယခုချိန်ထိ မကျည်းတန်သည် ခေါင်းတစ်ခါခါ လက်တကာကာဖြင့် ပြောဆိုနေဆဲ ... ကပ္ပိယကြီးသည် မကျည်းတန်၏မျက်နှာအမူအရာဖြင့် ခြေဟန်လက်ဟန်များအား ငယ်စဉ်ကပင် ကျွမ်းဝင်လာသူတစ်ဦးမို့ —

"ဟဲ့ ... ကျည်းတန် ဘာလဲ နင်ကကျောင်းဒကာကြီးတွေကို မြို့ သွားစေချင်ဘူးပေါ့ ဟုတ်လား ... ဘာဖြစ်လို့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"အ ... အ ... အု"

မကျည်းတန်ခေါ် သီရိလက်ဟန်ခြေဟန် အမူအရာကြောင့် ကပ္ပိယကြီး မျက်မှောင်ကြုံ့သွားရ၏။ ဆိုလိုသည့်သဘောမှာ လေ့မှောက်မည်ဆိုခြင်းပင်ဖြစ်သည်။

ထို့ကြောင့်လည်း ဆရာတော်လည်းမပြောကောင်းမဆိုကောင်းဟု ပြော ဆိုမာန်မဲလွှတ်လိုက်ခြင်းဖြစ်သည်။ ကပ္ပိယကြီးသည် သီရိခေါ် မကျည်းတန်လေး ၏ အမူအရာသည် ထူးခြားလွန်းလှသဖြင့် သိချင်စိတ်အား အောင့်အီးမထား နိုင်တော့ဘဲ ...

"ဟဲ့ မိကျည်းတန် ... နင် နင်ပြောတာ ကျောင်းဒကာကြီးတွေ အန္တရာယ်နဲ့ကြုံမယ်ဆိုတဲ့သဘောလား ... ပြောစမ်း ... "

"အု ... အ ... အ"

မကျည်းတန်လေးသည် ခေါင်းတဆတ်ဆတ်ညိတ်ပြလေသည်၊ သူမ၏ မျက်လုံးအိမ်ထဲ၌လည်း စိုးရိမ်ရိပ်တွေ လွှမ်းနေသည်ကို ကပ္ပိယကြီးတွေ့ရလေ သည်။ ကပ္ပိယကြီးသည် စိတ်ထဲထင့်သွားလျက် မကျည်းတန်အား ...

"ကဲ ... ကဲ မိကျည်းတန်၊ ဟိုဟာတွေ ဒီဟာတွေလျှောက်ပြောမနေ နဲ့တော့၊ စကားနောက်တရားပါ ... ကဲ အမှိုက်လှဲကြမယ်၊ ဟိုထောင့်က တံမြက်စည်းယူလာခဲ့စမ်း"

နောက်ဆုံး ကပ္ပိယကြီးကြာယံသည် စကားစဖြတ်လျက် တဲကျောင်း ထက်ကနေ အောက်ဆင်းခဲ့လေတော့သည်။ ကျောင်းဝိုင်းသန့်ရှင်းရေးလုပ်ရော့ မည်။

✤



www.burmeseclassic.com

www.burmeseclassic.com

## ဝိညာဉ်လေလား

အမှောင်က မြစ်ပြင်ကို လွှမ်းခြုံရောက်စပြုနေပြီဖြစ်သည်။

မြစ်ပြင်တကြောရှိ ညပိုက်လှေသမားများဆီကနေ ရေနံမီးအိမ်ရောင်လေးတွေ တလက်လက်ပင် မြစ်ပြင်အနှံ့မြင်နေရလေပြီဖြစ်သည်။ မြို့ဘက်ဆီကနေ အမှောင်ပျိုးစမြစ်ပြင်ပေါ် ပွဲတော်စက်လှေတစ်စီး၏ စက်သံက တထုံထုံပေါ်လာသည်။

"ထုံ ... ထုံ ... "

"ထုတ် ... ရုတ် ... ထုတ်"

ပွဲတော်လှေငယ်အား လှေပွဲ့အားထိန်းလျှက် မောင်းနှင်လာသူမှာ ကရင်ချောင်းရွာသား မောင်ခွေးဖြစ်ပြီး စက်လှေပေါ်ဝယ် ကရင်ချောင်းရွာ၏သူကြီးလည်းဖြစ် စက်သူဌေးလည်းဖြစ်သည့် ဦးထင်ပေါ်တို့ လင်မယားပင်ဖြစ်သည်။ လှေဝမ်းထဲတွင်လည်း ရွာဦးဆရာတော်မှာလိုက်သော စာအုပ်အချို့ဖြင့် ပဲအိတ်၊ ငါးခြောက်အိတ်များပါလာသည်။ အမှောင်လွှမ်းစပြုနေပြီမို့ ဦးထင်ပေါ်က မောင်ခွေးအား ...

"ဟဲ့ကောင် မောင်ခွေး ... မှောင်စတောင်ပျိုးနေပြီဟ ... လှေကိုမြန်မြန်မောင်းစမ်းပါကွာ ... "

"ဟာ ... မောင်းနေတာပဲ ဦးကြီးရဲ့ ရှေ့မှာ ရေပေါ်ကျွန်းတောင်မြင်နေရပြီ မကြာခင် ရွာရောက်တော့မှာပါဗျ ... "



www.burmeseclassic.com

www.burmeseclassic.com



မောင်ခွေးသည် ပုံအား ကျွမ်းကျင်စွာထိန်းရင်း မေးငေါ့လိုက်ရာ လင်းစလရောင်အောက်မှာ ခပ်မည်းမည်းအုပ်ဆိုင်းနေသော ရေပေါ်ကျွန်းကြီးအားလှမ်းမြင်နေရ၏။ ထိုကျွန်းကိုမြင်လျှင် ရွာသည်သိပ်မဝေးတော့။

ထိုစဉ် ရေပေါ်ကျွန်းဆီကနေ မီးရောင်တစ်ကောင်အား မြင်လိုက်သလို သူကြီးထင်ပေါ်စိတ်ထဲ၌ ထင်လိုက်မိသည်။ ပုံထောင်က ရေပေါ်ကျွန်းအနီးသို့ ရောက်လာနေပြီဖြစ်သည်။

"ဟော့ကောင် ... မောင်ခွေး ဟိုမှာ မီးရောင်ပါလားကွ ... "

"အေး ... ဟုတ်တယ်ကွယ့် ... မောင်ခွေး"

သူကြီးကတော်ကပါ လှမ်းမြင်၍ပြောလိုက်ရာ မောင်ခွေးလည်း လှမ်းကြည့်လိုက်ရာ မီးရောင်အားမြင်လိုက်ရ၏။ သို့သော် မောင်ခွေး စိတ်တွင်း၌ ယင်းမီးရောင်အား မသင်္ကာ။

"ဟာ ... ဒါ ... ဒါ ... မ ... မဖြစ်နိုင်ဘူး ဦးကြီး၊ ရေပေါ်ကျွန်းက လူမရှိတဲ့ဥစ္စာ"

"ဟာ ... မင်းကလည်းကွာ ... ဟိုတုန်းကမရှိပေမဲ့ ခုရှိချင်ရှိမှာပေါ့"

ဦးထင်ပေါ်က ပြောလိုက်သည်။ ထိုစဉ် ...

"ကယ် ... ကယ်ကြပါ ... ဖျို့"

"ဟော ... မောင်ခွေးကြားလားကွ ... အကူအညီတောင်းသံထင်တယ်"

"ဟာ ... ဦးကြီး ... ဒါ ... လူ ... လူမဖြစ်နိုင်ဘူးနော် ဦးကြီးရာ"

ကမ်းစပ်မှာ မီးတုတ်အားကိုင်ဆိုင်ပြီး ဝေ့ရမ်းမြှောက်ပြနေသော အရိပ်သဏ္ဍာန်နှစ်ခုအား လရောင်အောက်၌ လှမ်းမြင်နေရသည်။ ကြည့်ရသည်မှာ ဒုက္ခသည်တွေပဲဖြစ်မည်။ ဦးထင်ပေါ်တို့ ဇနီးမောင်နှံသည် သဘောကောင်းသူပီပီ

"မောင်ခွေး ... ပုံထောင်ကပ်ပေးလိုက်ကွာ ... "

"ဟာ ... ဦးကြီး"

"ဟုတ်တယ်ကွယ် ... ကပ်ပေးလိုက်ပါ တံငါတွေပဲလား ကျွန်းကို လာရင်း ရေမြုပ်သွားလို့မပြန်နိုင်တာလား မသိဘူး၊ ဒုက္ခသည်တွေနေမှာပါ"

သူကြီးကတော်ကပါ ဝင်ရောက်ပြောဆိုလိုက်၍ မောင်ခွေးသည် ပုံထောင်ဦးအား မီးရောင်ယမ်းပြနေရာ ကျွန်းခြေသို့ကပ်ပေးလိုက်ရ၏။

"ကျေး ... ကျေးဇူးတင်ပါတယ်ဗျာ ကျုပ်တို့က ဒုက္ခသည်တွေပါ



www.burmeseclassic.com

www.burmeseclassic.com



နောင်ကြီးတို့လေ့နဲ့သာမကြုံရင် ဒုက္ခရောက်မှာ သေချာတယ် ...”

“ကိစ္စမရှိပါဘူးကွယ် ... ကျုပ်တို့လည်း ရွာအပြန်နောက်ကျနေတာနဲ့ မီးရောင်မြင်တာနဲ့ လှမ်းကပ်ပေးတာ၊ မောင်ရင်တို့ကဘယ်သူတွေလဲ၊ ဘယ်ရွာကလဲ ...”

လရောင်ဖြင့် မြင်နေရသည့်ယောက်ျားအား ဦးထင်ပေါ်မေးလိုက် ၏။

“ကျုပ်တို့က အထက်ရွာကပါ၊ သွားမှာက ကရင်ချောင်းရွာကိုပါ”

“ဪ ... ကျုပ်တို့ရွာကိုပဲကိုး ...”

သူကြီးဦးထင်ပေါ်မေးသမျှအား ယောက်ျားကြီးက တစ်ခွန်းခြင်း ဖြေနေခြင်းဖြစ်သည်။ အမျိုးသမီးကမူ လှေဝမ်းအားကျောပြုလျှက် အမှောင်ဘက်သို့ မျက်နှာပြုနေပြီး တစ်ခွန်းမှဝင်ရောက်မပြောဆိုပေ။

ဦးထင်ပေါ်၏ ဇနီးဖြစ်သူ ဒေါ်ငွေမြသည် ယင်းအမျိုးသမီးအား မသိမသာအကဲခတ်ကြည့်ရင်း စိတ်ထဲတွင်တစ်မျိုးဖြစ်နေမိသည်။ ပဲ့ထောင်လေးကမူ ရွာဘက်ဆီသို့ ခုတ်မောင်းနေလျှက် ...

သို့သော် သိပ်မကြာခင်

“ဖုတ် ... ချက် ... ချက်”

“ဟင်”

“ဟာ ... မောင်ခွေး ... စက် ဘာဖြစ်သွားတာလဲ”

“မ ... မသိဘူးဆရာ၊ သူ့အလိုလိုနေရင်း ... ”

သူတို့၏စက်လှေလေးမှာ ရုတ်တရက် တဖုတ်ဖုတ်မြည်သံဖြင့်အတူ ရပ်သွား၏။ မောင်ခွေးသည် အံ့သြသွားသလို စိတ်ထဲ၌လည်း ထူးဆန်းသွားရလေသည်။ မည်သည့်အတွက်ကြောင့်ဆိုသော် မြို့ကပြန်လည်မထွက်ခွာလာခင် သူကိုယ်တိုင်စက်ကို ကြည့်ရှုစစ်ဆေးလာသေးသည် မဟုတ်ပါလား။ စက်ကဝယ်လာသည်မှ သိပ်မကြာသေးပေ။ မြစ်ရေလယ်မှာ မမျှော်လင့်ဘဲ စက်ချို့ယွင်းသွားသဖြင့် ဒေါ်ငွေမြမျက်နှာတွင် စိုးရိမ်ပူပန်ကြောင့်ကြဟန် ပေါ်လာသည်။

“ဟဲ့ ... မောင် ... မောင်ခွေး ... ”

“ဘယ် ... ဘယ်လိုလုပ်ကြမလဲ”

“ကျွန် ... ကျွန်တော်လည်း လုပ်ကြည့်ဦးမယ် ဒေါ်ကြီး”

“ပန်ကာကြိုးများ တစ်ခုခုနဲ့ငြိသလား မောင်ခွေး ... ”

မောင်ခွေးသည် လက်နှိပ်ဓာတ်မီးငယ်လေးဖြင့် စက်အားဖွင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုနေသည်။ ပွဲထောင်မှာ စက်ပျက်သွား၍ မြစ်ရေပြင်မှာ တဝဲလည်လည် မျောနေလေ၏။ တော်ပါသေးသည်။ လရောင်ရှိနေ၍ ခပ်ဝေးဝေးက တံငါပိုက်လှေတစ်စီးစနှစ်စီးစ မြင်နေရလေသည်။

ပွဲထောင်လှေများမှာ ရံဖန်အမှောင်တွင်း၌ ပိုက်ဖုံများဖြင့်ငြိပြီး ပန်ကာ ရပ်သွားတတ်သည်ဟု ဦးထင်ပေါ်က ပြောခြင်းဖြစ်လေသည်။ ယင်းအချိန်မှာပင် မြစ်ပြင်က လှိုင်းထန်လာသလို ရှိလေသည်။

"ဟင် ... ဟာ ... မိုး ... မိုးများရွာမလား ဒုက္ခပဲ ... "

ဦးထင်ပေါ်စိုးရိမ်လျှက် ညည်းညူလိုက်၍မှမဆုံးခင် ကောင်းကင်တစ်ခု လုံးညိုလာကာ မိုးစက်မှုန်များကျရောက်လာလေတော့၏။ မြစ်ပြင်တစ်ခုလုံး မှောင်သွားလေသည်။

ဒေါ်ငွေမြိုင်၍ စိုးရိမ်လာသည်။ မိုးထဲရေထဲ ညမှောင်မှောင်ထဲမှာ လှေ ချက်သည် မျောချင်ရာမျော၍ သူမတို့အတွက် အန္တရာယ်ကြီးမားလှလေသည်။

သူမ၏မျက်လုံးများသည် ရုတ်တရက် မလှမ်းမကမ်းဆီမှ မှိုင်းညို့ညို့ ကုန်းတန်းကြီးအားမြင်လိုက်ရ၍ ကြောက်လန့်တကြားဖြင့် ...

"ဘု ... ဘုရား ... ဘုရား၊ လှေကမျောလာကာ ရေပေါ်ကျွန်းကြီး နားပြန်ရောက်လာပါလား ကို ... ကိုထင်ပေါ် လုပ် ... လုပ်ပါဦးရှင် ... "

ဦးထင်ပေါ်လည်း လန့်သွားမိသည်။

"ဝုန်း ... "

လှေသည် မြစ်ရေပြင်မှောင်မည်းမည်းထဲ ဘယ်ညာလူးလိမ့်နေ ယင်းအချိန်မှာပင် လှေရှိရာဆီသို့ ရေပြင်လှိုင်းတွေကြား တရွေ့ရွေ့ကူးခတ်လာ နေသော အရာဝတ္ထုနှစ်ခုအား စက်လှေပေါ်မှ မည်သူမျှ မမြင်မိကြပေ။

ဝင်းခနဲဖြတ်သွားသော လရောင်အောက်၌ လျှပ်တစ်ပြက် တွေ့မြင် လိုက်ရသည်မှာ ကြီးမားသော မိကျောင်းကြီးနှစ်ကောင်ဖြစ်လေ၏။ မောင်ရွှေ သည် ရုတ်တရက်မြင်သွားပြီး ...

"ဟာ ... မိ ... မိကျောင်းကြီးတွေ ... "

"ဟင် ... "

"ဖြောင်း ... ဝုန်း"

ပွဲထောင်ငယ်လေးမှာ ဝေါခနဲမြစ်ရေပင်ထဲကနေ အရှိန်ပြင်းစွာ ထွက်လာသည့် မိကျောင်းကြီး၏အမြီး ရိုက်ချက်ကြောင့် ခေါင်းမိုးတစ်စစီကျ



www.burmeseclassic.com

www.burmeseclassic.com



ပွဲသွားလေသည်။ လှေဝမ်းတွင်းရှိ သုံးယောက်သား ဝရုန်းသုန်းကား လဲပြိုကျသွား၏။

"မ … မငွေမြ"

"ဝေါ … "

"ဟင် … "

လျှပ်တစ်ချက်ပြက်လိုက်စဉ် ကျိုးပဲ့ကာ ရေများဝင်လာသည့် ပွဲထောင်နှဲဘေးမှနေ၍ ဝေါခနဲလှေထဲတိုးဝင်လာသည့် ကြီးမားလှသည့် မိကျောင်းပါးစပ်ကြီးကြောင့် နဂိုထဲကမှ အသည်းငယ်လှသူ ဒေါ်ငွေမြသည် မျက်လုံးကြီးပြူးလျက် ကြောက်လန့်တကြား အော်လိုက်လေတော့သည်။

"အား … "

ဂူကကယ်ရာကင်းမဲ့သော အမှောင်မြစ်ပြင်ထဲမှာ အော်ဟစ်သံကြီးက မိုးသံလေသံများကို မထိုးဖောက်နိုင်ရှာ၊ မိုးသံလေသံက တဖြုန်းဖြုန်း လှိုင်းသံတွေကလည်း တဝုန်းဝုန်း … ။



www.burmeseclassic.com

www.burmeseclassic.com

## ရွာသူ

ရွှေသောင်မြေတစ်ရွာလုံး အုတ်အော်သောင်းနင်းဖြစ်နေကြလေသည်။ ရွာထိပ်ဖျားရေဆိပ်အနီးတွင်တော့ ကျိုးပဲ့နေသည့် သူဌေးဦးထင်ပေါ်၏ ပွဲထောင်လှေပျက်အား ရွာသူရွာသားများ ဝိုင်းအုံကြည့်ရှုလျက် တစ်ယောက်တစ်မျိုး ဝေဖန်ပြောဆိုနေကြလေသည်။

"သူကြီးဦးထင်ပေါ်နဲ့ ဒေါ်ငွေမြတို့ ညကလှေမှောက်ပြီး သေပြီတဲ့"

"အေးဟယ် ..."

"လှေအပိုင်းအစတွေ ရွာကိုပြန်ရောက်လာမှပဲ သိရတော့တယ်၊ ပိုက်သမားဘဝေ့းက သူတို့ပွဲထောင်ပျက်နေတာကို လေကြီးမိုးကြီးမကျခင် ရေပေါ်ကျွန်းနားမှာ တွေ့လိုက်ရတယ်လို့ပြောတယ် ..."

"ဒါ ... ဒါဆို ရေပေါ်ကျွန်းက လူစားပြန်ပြီပေါ့ ..."

ရွာသူရွာသားတွေသည် နဂိုထဲက အစွဲအလမ်းကြီးသူတွေ ရိုးအသူတွေပီပီ သူတို့စိတ်ထဲ ထင်ရာမြင်ရာတွေပြောဆိုနေကြလေသည်။ ရွာသူရွာသားများပြောဆိုကြသလိုပင် မနက်လင်းတော့ ရွာစပ်မှာတွေ့ရသော လှေအပျက်အစကြောင့် ရွာထဲမှ သတ္တိကောင်းသူ တံငါလှေလေးငါးဆယ်စီးခန့်စုကာ ရေပေါ်ကျွန်းသို့ သွားနေကြလေပြီ။ ရွာဦးကျောင်းမှ ကပ္ပိယကြီး ဦးကြာယုံပင် လှေပျက်အားကြည့်ရှုပြီး စိတ်မကောင်းဟန် ပြန်သွားခဲ့ပေပြီ။

"ဟဲ့ ... မိထွေးညို နင်တို့ သတင်းကြားသေးလား ..."

www.burmeseclassic.com



"ဘာ ... သတင်းလဲ ..."

"အမလေး ... ရွာထဲ ဒီလောက်ပျံ့နေတာကို ... ထင်ပေါ်တို့ မြို့မသွားခင် ဆရာတော့်ကျောင်းမှာ အဲ ... အဲဒီမကျည်းတန်လေးနဲ့ တွေ့သေးတယ်တဲ့ ..."

"ဟင် ... ဟုတ် ... ဟုတ်လား"

"ကျုပ်လည်း သဲ့သဲ့တော့ကြားတယ်"

ထွေးညိုဟူသည့် ရွှေသောင်မြေရွာသူသည် ဟိုကြည့် ဒီကြည့်ဖြင့် ဒေါ်လှပိုနားကပ်သည်။ ဒေါ်လှပိုက ...

"အမလေး ... ငါက သဲ့သဲ့ကြားတာမဟုတ်ဘူး တိတိကျကျကို ကြားတာဟဲ့ ... ဒေါ်ငွေမြတို့ ရွာဦးဘုန်းကြီးကို သွားကန်တော့တော့ အဲဒီစုန်းမ ကလေးက မသွားဖို့ လက်ဟန်ခြေဟန်နဲ့တားတယ်တဲ့ ..."

"ဆရာတော်တောင် မာန်လိုက်ရတာတဲ့ သိလား၊ ကျောင်းသားဆိုးပေ ပြောပြလို့သိရတာ ..."

"ဟင် ... ဒါ ... ဒါဆို သူကြီးတို့လင်မယား ခုလိုအဖြစ်ဆိုးနဲ့ကြုံ တွေ့မှာကို သူ ... သူက ကြိုသိနေတဲ့သဘောလား ..."

"ဒါပေါ့ဟဲ့ ဒီကလေးမလေး မိကျည်းတန်ရဲ့မျက်နှာကိုပဲ ကြည့်ပါလား သေချာကြည့်လေ မိကျောင်းရုပ်နဲ့တူလေပဲ မဟုတ်လား ... အေ့ ..."

"အဲဒါ ... သူက ရေပေါ်ကျွန်းက လာသူမို့လို့ပေါ့၊ ဦးထင်ပေါ်တို့ လင်မယားနဲ့ မောင်ခွေးကိုလည်း သူကသေမှာလို့ပြောတဲ့သဘောပေါ့၊ စုန်းတို့ ရွာသူတို့ဆိုတာ နှုတ်စီးတယ်ဟေ့ ..."

"ဟင် ... ရွာသူ ... ရွာသူဆိုရင် ပြူစားတတ်တာပေါ့ ဟုတ်မယ် အဲဒီမကျည်းတန်ရွာထဲကို ကပ္ပိယကြီးနဲ့ပါပါလာရင် ရွာထဲမှာ သူ့မျက်နှာကြီးက ကြောက်စရာကြီး ..."

"အို ... ထွေးညိုရယ် နင်ကလည်း ရွာသူပါဆိုမှ၊ သူတို့က ပညာ တွေကဗိုက်ထဲမှာ မွေးကတည်းက ပါလာကြတာအေ့ ... သူတို့နှုတ်က ဆစ်ခွန်းပြောရင် တန်းဖြစ်တာပဲသိလား ..."

"အမလေး ... ကြက် ... ကြက်သီး ထစရာတော် ..."

တချို့အသိဉာဏ်သိမ်လှသော ရွာသူရွာသားအချို့က သူကြီးထင်ပေါ် တို့ မြို့ကိုသွားသော ပွဲထောင်သည် ရွာဦးဆရာတော်မွေးစားထားသည့် မိတမဲ့



www.burmeseclassic.com

www.burmeseclassic.com



လေးသီရိခေါ် မကျည်းတန်၏နှုတ်ကြောင့် ပညာကြောင့်သေခြင်းဟု ယုံးစွပ်ကြခြင်းဖြစ်သည်။ ဒါကလည်း အကြောင်းရှိလေသည်။

မကျည်းတန်၏ဆိုးရွားလှသော အင်္ဂါရုပ်ကြောင့် မကျည်းတန် ကပ္ပိယကြီးဖြင့် ရွာထဲလိုက်လာပါလျှင် တစ်ရွာလုံးကြောက်ကြ၍ ရှောင်ရှားကြလေသည်။ မကျည်းတန်အား သိပ်ချစ်သော ရွာဦးဆရာတော်နှင့်ကပ္ပိယကြီးတို့၏ရှေ့တွင် မည်သည့်စကားမျှ မပြောကြပါသော်လည်း ကွယ်ရာထောက်ရာ၌မူ မကျည်းတန်အား ရွာသူဟု တစ်ရွာလုံးက ယုံကြည်လက်ခံထားကြ၏။ အချို့ရွာသားများကတော့ မပါဝင်ချေ ... ။

မကျည်းတန်လေး ရွာထဲသို့လာပြီဆိုလျှင် ဆော့ကစားနေကြသည့် လမ်းမပေါ်ရှိ ရွယ်တူကလေးသူငယ်လေးများပင် ပျောက်ချင်းမလှ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြသည်။ မိဘများကလည်း သီရိခေါ် မကျည်းတန်လေး၏မျက်စိရှေ့တွင် သူတို့ကိုယ်တိုင်မနေရဲသလို သားသမီးများကိုမူ ပိုဆိုးသေး၏။ ဒါကလည်း မမျှော်လင့်ဘဲ အမှတ်မထင်ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများက ရှိလေသည်။

လွန်ခဲ့သော ခြောက်လခန့်က အဖြစ်အပျက်ပင်ဖြစ်သည်။ သီရိခေါ် မကျည်းတန်လေးသည် ကပ္ပိယကြီးဦးကြာယုံအား အတော်ပင် ခင်တွယ်လွန်း၍ ဘယ်သွားသွား လိုက်ပါတတ်လေ့ရှိသည်။ ကပ္ပိယကြီးကလည်း ကျောင်းတွင် ထားခဲ့ခဲလေသည်။ တစ်နေ့ ရွာထဲသို့ ကပ္ပိယကြီးဈေးဝယ်ရာ မကျည်းတန်လေး ပါ ပါလာသည်။

ကပ္ပိယကြီးဈေးဝယ်သည်မှာ ရွာလယ်ရှိ ဒေါ်လုံးတင်၏ကုန်စုံဆိုင်တွင်ဖြစ်သည်။ ကပ္ပိယကြီးသည် မကျည်းတန်အား မုန့်တစ်ခုဝယ်ကျွေးပြီး သူကမူ လိုအပ်သည့်ပစ္စည်းများ ဝယ်ခြမ်းနေ၏။ ဈေးဆိုင်အရိပ်တွင် မကျည်းတန်လေးသည် မုန့်အားစားနေလေသည်။

ယင်းအချိန်တွင် ရွာထဲမှ ဆော့ကစားနေသည့် မပြုံး၏သားဖြစ်သူ ပေလုံးသည် မကျည်းတန်လက်တွင်းမှ စားနေလက်စမုန့်အားလုယူကာ ထွက်ပြေးသွား၏။ မကျည်းတန်၏ ရှူးရှူးဝါးဝါးအော်ဟစ်သံက ထွက်ပေါ်လာ၏။ ကပ္ပိယကြီးရောဒေါ်လုံးတင်ပါ လှမ်းကြည့်လိုက်သည့်အခါ ပေလုံးသည် မုန့်လုယူသွားပြီး မလှမ်းမကမ်း၌ စားနေ၏။

"အု ... အ ... "



www.burmeseclassic.com

www.burmeseclassic.com



မကျည်းတန်၏ အမှုအရာကမူ ဒေါသအကြီးအကျယ်ထွက်ကာ မျက်လုံးအစုံက မီးဝင်းဝင်းတောက်သကဲ့သို့ရှိသည်။ အမှန်မှာ မကျည်းတန်သည် သူမ ကြိုက်နှစ်သက်သောမုန့်အား ပေလုံးသည် မိုက်ကြေးခွဲလုယူစားသောက်လိုက်၍ အရမ်းစိတ်ဆိုးသွားခြင်းဖြစ်သည်။ ထို့ကြောင့်လည်း မကျည်းတန်သည် ပေလုံးအား လက်ညှိုးထိုးလိုက် မြေပြင်ထက်ခြေဆောင့်လိုက်ဖြင့် ဒေါသအကြီးအကျယ် ထွက်နေပုံပေါ်လေသည်။

မကျည်းတန်၏အမှုအရာအားကြည့်ကာ ဆိုင်ရှင်ဒေါ်လုံးပင် လန့်နေမိလေသည်။ မကျည်းတန်၏မျက်နှာသည် ညနေကြောင်တောင်ပင် မကောင်းဆိုးဝါး ဝိညာဉ်ပူးကပ်ခံနေရသလို တစ္ဆေသရဲမျက်နှာပမာ ကြောက်မက်ဖွယ်ကောင်းလွန်းလှသည်။ ပေလုံးလည်း ကြောက်အားလန့်အားဖြင့် အိမ်သို့ထွက်ပြေးသွားလေသည်။

သိပ်မကြာခင် မကျည်းတန်ဖြင့် ကပ္ပိယကြီးတို့လည်း ပြန်သွားကြလေတော့သည်။ ယင်းအဖြစ်အပျက်အား တွေ့မြင်လိုက်ကြရသူ ရွာတွင်းမှ ဈေးဝယ်သူအချို့က ပေလုံး၏မိခင်မပြုံးအား သွားပြောကြသည်။ ကပ္ပိယကြီးဖြင့် မကျည်းတန်တို့ပင် ရွာကျောင်းသို့ မရောက်သေးပေ။

ရွာထဲ၌ အလွန်ဆိုးရွားသော တံငါဘမောင်၏ ခွေးကြီးသည် ပေလုံးအား မျက်စိနောက်၍ကိုက်ရာ ပေလုံးသည် မျက်နှာရော တစ်ကိုယ်လုံးခွေးကိုက်ဒဏ်ရာများဖြင့် စုတ်ပြတ်လျှက် သွေးချင်းချင်းရဲနေတော့သည်။ ဒါတောင်ရွာသားများ ခွေးကို အတင်းဝိုင်းဝန်းမောင်းထုတ်ရိုက်နှက်ကြ၍ ပေလုံးသက်သာသွားခြင်းဖြစ်သည်။

ပေလုံး မသေရုံတမယ် ခံစားလိုက်ရပြီး တစ်လလောက်ဆေးကုသမှုလိုက်ရလေသည်။ ဒီအဖြစ်ကြောင့် ရွှေသောင်မြေရွာရှိ မိန်းမများရော ယောက်ျားအချို့ကပါ မကျည်းတန်အား ရွာသူဟူ၍ ကြောက်လန့်တကြား ရှောင်ရှားကြလေတော့၏။ တချို့တွေကလည်း အရုပ်ဆိုးအကျည်းတန်လွန်းသောကြောင့်မကျည်းတန်လေး၏ဘက်မှ သနားကြင်နာမှုဖြင့် ... တချို့ ယိုးစွပ်ကြသည်း ...

"ဟာကွာ မင်းတို့ကလည်း မိပြုံးသား ခွေးကိုက်ခံရတာ ခွေးရှေ့မျက်စိနောက်လောက်အောင် သွားဆော့လို့ဖြစ်မှာပေါ့ကွ၊ ခွေးကလည်း ဆိုးဆိုး ပေလုံးကလည်း မျောက်လောင်းဆိုတော့ ခံရတာတောင်နည်းသေးအဲဒါနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



မဆီမဆိုင်ကလေးမက ရွာသူဖြစ်ရောတဲ့လား ... "

"ဟာ ... ဦးလေးညိုကလည်း"

"ရွာသူဆိုတာ ရှိတာပဲဗျ ... သူတို့က ဝမ်းတွင်းပညာတတ်ကြတာပဲ ယေ်တာကြီးတာနဲ့ မဆိုင်ပါဘူး"

"အဲဒီ စုန်းမလေး ဖနောင့်ပေါက်အံကြိတ်ပြီး ကျိန်တာရေးလာတယ် သူတိုင်း တွေ့ကြရတဲ့ဥစ္စာ ... "

"ဟ ... အဲဒါတော့ သူမုန့်ကို ပေလုံးက ယူစားသွားတာကိုကွ ဒေါသထွက်မှာပေါ့ ... ရွာသူဆို ရွာဦးကျောင်းထဲနေလို့ရမလားကွ ဘုရားသံ တရားသံစည်ဝေနေတဲ့ဥစ္စာ ... "

"ဟာ ... ဒါက ဒေါသထွက်မှ ရွာသူစိတ်ဆိုးပြီး ပါးစပ်ကကျိန်မှဖြစ် တာတဲ့ဗျ"

"အို ... ဒါက မမြင်ဘဲ ထင်ရာရမ်းသန်းပြောကြတာပါကွာ ရွာသူဆိုတာ မရှိနိုင်ဘူးလို့တော့ ငါမပြောဘူး၊ ဒါမျိုးက မြင်ရတဲ့အရာမှ မဟုတ်တာ၊ ငါပြောတာက မကျည်းတန်လေးအပေါ် မင်းတို့တွေ အမြင်မှား နေကြတာကို ဆိုလိုတာပဲ"

ဦးညိုသည် မကျည်းတန်လေးအပေါ် ရွာသူရွာသားများ အထင်တစ် မှန်း အမြင်တစ်မျိုးဖြစ်နေကြသည်ကို အတတ်နိုင်ဆုံးရှင်းပြလေ့ရှိသည်။ သို့သော် ကျေးလက်တောရွာတို့၏ ဓလေ့အတိုင်း တစ်စုံတစ်ခုအား ယုံကြည်စွဲလမ်းမိပြီ ဆိုလျှင် အရိုးစွဲလေတော့သည်။ တစ်ရွာလုံးဖြင့် တစ်ယောက်ဖြစ်နေ၍လည်း ဦးညို၏စကား အရာမထင်တာလည်းပါလေသည်။

ညနေစောင်းသို့ရောက်သောအခါ ရေပေါ်ကျွန်းသို့သွားကြသော တံငါ လှေများ ပြန်ရောက်လာကြ၏။ ထူးဆန်းသည်မှာ မြစ်ရေပြင်ထဲ လှေမှောက်၍ ရေနစ်သေဆုံးကြသည့် သူကြီးဦးထင်ပေါ်တို့ ဖနီးမောင်နံအလောင်းအာ ရေပေါ် ကျွန်း၏အလယ်ရှိ ရေပေါ်ကျွန်းသခင်မ၏ ရုပ်တုကြီးအနား နှစ် စလုံးအသက် ပျောက်၍ မြင်ကြရသည်။ မောင်ခွေး၏ အလောင်းကိုမူ မတွေ့ကြချေ။

တံငါသမားများ၏ ပြောဆိုချက်သည် မနေ့ညကရေလည်း ကျ အတက်မကြမ်းပါဘဲနှင့် ရေပေါ်ကျွန်းသခင်မရှေ့နားတွင် အလောင်းသေ တွေ့ မြင်ရသည်က ထူးဆန်းသည်ဟု ဆိုကြသည်။ အမှန်စင်စစ်ဖြစ်ရမည်



www.burmeseclassic.com

www.burmeseclassic.com



လေ့ မှောက်လျှင် မည်သည့်အရာတွေ့မဆို ပင်လယ်ဘက်သို့မျောပါသွားပြီး တစ်ပတ် ဆယ့်ရက်ခန့်ကြာမှသာ ပြန်လည်ရှာဖွေတွေ့ရှိရစမြဲ။

ယခုအော့ ...

ယုံကြည်ကြသူအချို့က ...

"အဲဒါ ... သူကြီးထင်ပေါ်တို့ရဲ့ ဝိညာဉ်တွေကို ရေပေါ်ကျွန်းသခင်မ က အစောင့်အဖြစ် ခေါ်ထားလိုက်တာကွ ..."

"ဟာ ... မဖြစ်နိုင်တာကွာ ..."

"ဘာလို့မဖြစ်နိုင်ရမှာလဲ တကယ်ဆို လှေသေရင် မြစ်ထဲပင်လယ်ထဲပဲ မျောစရာရှိတာ ခုရေပေါ်ကျွန်းမှာ ပြန်တွေ့ရတယ်ဆိုတော့ သူတို့နဲ့ ရေပေါ်ကျွန်း က အဆက်ရှိလို့ပေါ့ကွ ... သေချာတယ်"

"ပေါ့ကောင် စကားကိုကြည့်ပြော သူကြီးရဲ့ဆွေမျိုးသားချင်းတွေကြား လို့ တုတ်တစ်ပြက် ဓားတစ်ချက်ဖြစ်နေရဦးမယ် ..."

"ငါက ... မှန်တာပြောတာပဲကွ၊ ပြီးတော့ ရေပေါ်ကျွန်းသခင်မကို လည်း ဘာမရှိမသေ မလေးမစားသွားလုပ်သလဲမှမသိတာ ... ပြီးတော့ ရွာထဲ က ဘုန်းကြီးမွေးစားသမီး မကျည်းတန်ကလည်း မသွားဖို့တားတာမရဘူးတဲ့"

"အဲဒီကောင်မလေးက ရေပေါ်ကျွန်းသခင်မ ဝင်စားတာလို့လည်း ပြောနေကြတာပဲ ..."

မည်သည့်အကြောင်းပဲ စကားစစ နောက်ဆုံးမကျည်းတန်ခေါ် သီရိ ၏ အကြောင်းဖြင့်ပင် စကားပိတ်လေသည်။ မကျည်းတန်အား ရွှေသောင်ခြေရွာ သူရွာသားအများစုက ရေပေါ်ကျွန်းသခင်မဝင်စားသည်ဟုလည်းကောင်း၊ မွေး ကတည်းက မကောင်းသောပညာအတတ်များ ပါရှိလာသည့်ရွာသူဟူ၍လည်း ကောင်း၊ နူတ်စီးသည့် မကျည်းတန်အား စနောက်ပြောင်မိ၍ သူမစိတ်ဆိုးလျှင် ထိုသူသည် တစ်စုံတစ်ခု ဒုက္ခရောက်လေ့ရှိသည်ဟုလည်းကောင်း အများက ထင်မြင်စွဲမှတ်ယူကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဥပါဒါန်အစွဲများ

ရှာဦးကျောင်း၏ ပရဝဏ်သည် အတော်ပင်ကျယ်ဝန်းလှပေသည်။ ကျယ်ဝန်းသည်နှင့်အလျှောက် ကျောင်းဝင်းပတ်ပတ်လည်၌ နှစ်သက်ရင့် သရက်ပိန်း၊ မရမ်းပင်ကြီးများက အရိပ်အုပ်ဆိုင်းနေသလို ကျောင်းခြံစည်းရိုးသဖွယ် ရှိသော ဝါးပိုးရုံများ၊ ကြခတ်ရုံများကြောင့်လည်း ကျောင်း၏အရိပ်သည် ပို၍အုပ်ဆိုင်းအေးမြနေလေသည်။

ရှာဦးဆရာတော်သည် ရွာတွင်းသို့ ဆွမ်းခံထွက်ကြွခဲ့လေသည်။ ဆွမ်းခံချိန်ဆိုလျှင် ကျောင်းရှိကိုရင်တစ်ပါးနှင့် ကလေးအချို့က ဆွမ်းဆိုင်းထမ်းဖြင့် လိုက်ကြလေ့ရှိလေသည်။ ယခုလည်း ကိုရင်ပဏ္ဍိဖြင့် ကျောင်းသားသုံးယောက် ရွာတွင်းသို့ ဆွမ်းခံထွက်သွားကြလေပြီ။ မကျည်းတန်သည် ကပ္ပိယကြီးဦးကြာယံ နှင့်အတူ ကျောင်းဝင်းအတွင်း အမှိုက်များလှဲနေ၊ အနီးတွင်လည်း မိဘမဲ့ကလေး များဖြစ်သည့် ရွာထဲမှ မောင်တူး၊ ဗလနှင့်ကြွက်စုတ်တို့လည်း ဆော့ကစားနေ ကြလေသည်။

ယင်းတို့အထဲမှာ ကြွက်စုတ်၊ ဗလနှင့် မကျည်းတန်တို့သည် သိပ် တည့်လှပေ။ သိပ်မကြာခင် ကျောင်းဘက်ဆီမှ ကိုရင်တစ်ပါးသည် ဦးကြာယံ အား ဆရာတော်ခေါ်ခိုင်း၍ လာရောက်ခေါ်ဆောင်သွားလေသည်။ ကပ္ပိယကြီး ကြာယံ၏တဲဂေဟာရှေ့တွင် မကျည်းတန်လေး တစ်ယောက်ပဲ ကျန်ရှိလေသည်။

မကြာမီ ကြွက်စုတ်နှင့်ဗလတို့ရောက်ရှိလာပြီး မကျည်းတန်ထံမှ

www.burmeseclassic.com



မြွက်စည်းအား လုယူ၏။ မကျည်းတန်ကမပေးဘဲ တံမြက်စည်းဆက်လုပ်နေလေသည်။ မကျည်းတန်ထံမှ တံမြက်စည်းမရသောအခါ ကြွက်စုတ်သည် မကျည်းတွန်းလှဲကာ စုပုံထားသော အမှိုက်ရွက်ခြောက်ပုံကြီးအား လိုက်လံကန်ကြောက်သဖြင့် ရွက်ခြောက်များ ပြန့်ကျဲကုန်လေတော့သည်။ မကျည်းတန်ဒေါသထွက်သွားရလေပြီ။

"အ ... အု ... အဲ ... "

မကျည်းတန်သည် မူလပထမ အရုပ်ဆိုးရသည့်အထဲ မျက်လုံးအစုံပြူးကျယ်ကာ ကြွက်စုတ်အား စိမ်းစိမ်းစူးစူး ကြည့်နေလေသည်။ နှုတ်ကလည်း ဆွံ့အနေသည့်ကြားထဲ ကြွက်စုတ်အားကြည့်လျှက် ဖနောင့်ပေါက်ကာ ကြွက်စုတ်အား ကျိန်ဆဲနေလေတော့သည်။

"အူ ... ပူး ... အု ... အစ် ... အ"

"ဟာ ... "

"ရုပ်ဆိုးမနဲ့ ကြွက်စုတ်ရန်ဖြစ်နေတယ်၊ ရုပ်ဆိုးမ ... ကြွက်စုတ်ကို ကျိန်နေတယ်ဟေ့ ... ကြောက်စရာကြီးကွ"

"အံမယ် သူ့ဘာသာသူ ကျိန်ပလေ့စေပေါ့ကွာ ... ဟီး ဟီး"

ဗလကမူ မကျည်းတန်၏ မီးဝင်းဝင်းတောက်မတက်မျက်လုံးများဖြင့် ကြောက်မက်ဖွယ်ရာ မျက်နှာကြီးကြောင့် ကြောက်လန့်တကြားအော်ဟစ်ပြေးလေပြီ။ ဗလ၏အော်ဟစ်သံကြောင့် ကျောင်းသားအချို့ပြေးလာသလို ကပ္ပိယကြီးသည်လည်း ပြန်ရောက်လာလေသည်။ ကြွက်စုတ်ကမူ ထွက်ပြေးသွားလေပြီ။

မကျည်းတန်၏မျက်နှာကမူ ကြွက်စုတ်အား မကျေနပ်သဖြင့် ဒေါသဖြင့် တင်းမာခက်ထန်နေဆဲ ...

"အ ... ဝူ ... အု ... "

မကျည်းတန်သည် ကပ္ပိယကြီးအား ကြွက်စုတ်လွန်ကြောင်း ပြောပြတိုင်တန်းနေသလို ဗလ၏ပြောပြချက်ကြောင့်လည်း ကြွက်စုတ်လွန်ကြောင်း ဦးကြာယုံသိလေသည်။ ဦးကြာယုံသည် ဒေါသထွက်နေဆဲဖြစ်သည့် မကျည်းတန်လေးအား ချော့မော့လျှက် တဲတွင်းသို့ ဝင်ခိုင်းလိုက်လေသည်။

ကြွက်စုတ်ခြေဖြင့်ကန်၍ ပွကြဲနေသော အမှိုက်များအား ကပ္ပိယကြီးသည် သူကိုယ်တိုင်ပြန်လည်လှဲကျင်းလေသည်။ ပြဿနာသည် ဤတွင် ပြီးမ



www.burmeseclassic.com

www.burmeseclassic.com



သွားပါ။ ညနေ နေဝင်ချိန်တွင် ကြွက်စုတ်တစ်ယောက် သရက်ပင်ပေါ်ကနေ ပြုတ်ကျလေတော့သည်။ သရက်ပင်မှာ မြင့်လည်းမြင့်သလို ကြွက်စုတ်သရက်ပင် ပေါ်သို့ သရက်သီးခူးရန်တက်သွားသည်ကို မည်သူမျှ မမြင်လိုက်ကြပေ။

ကြွက်စုတ် သရက်ပင်ပေါ်ကနေ ပြုတ်ကျသည့်အရှိန်ဖြင့် ပွဲချင်းပြီး သေဆုံးသွားလေတော့၏။ ဆရာတော် ချက်ချင်းပင် ရွာသားများအား အခေါ် လွှတ်ရလေ၏။ ကြွက်စုတ်မှာ မိဘမဲ့ကလေးတစ်ဦးဖြစ်ပါသော်လည်း ရွာထဲတွင် မူ မိခင်ဖခင်ဘက်မှ အမျိုးအဆွေတွေက ရှိလေသည်။ ကြွက်စုတ် သရက်ပင်ပေါ် က လိမ့်ကျသေဆုံးသည့်ကိစ္စသည် ဗလကနေတဆင့် မကျည်းတန်နှင့်ရန်ဖြစ် ၍ ပြုတ်ကျသေဆုံးရသည်ဟူသော စကားက ရွာတွင်းသို့ တောမီးပမာ ပျံ့သွား လေတော့သည်။

"ဟဲ့ ... ကြားပြီးပြီလား ... ကြွက်စုတ်သေပြီတဲ့ ... "

"အေးလေ ... အိမ်ကလူတောင် ကျောင်းကိုသွားနေတယ်၊ ရွာထဲက ပြောဆိုနေကြတာတော့ ကြွက်စုတ်သေအောင် မကျည်းတန်က ဖနောင့်ပေါက် ပြီး ကျိန်စာတိုက်လိုက်လို့ဆိုပဲ ... "

"အေးဟဲ့ ... "

"ငါလည်း အဲဒါကြားလို့၊ မနေ့မနက်က ကြွက်စုတ်နဲ့မကျည်းတန် လေး ရန်ဖြစ်ကြသတဲ့၊ အဲဒါနဲ့ ကျည်းတန်က ကြွက်စုတ်ကို မျက်ထောင့်နီကြီး နဲ့ကြည့်ပြီး ကျိန်တယ်ပြောတာပဲ၊ ဗလတို့ ပေတလူတို့လည်း အနားမှာရှိတယ် တဲ့ သူတို့ကြားတယ် မြင်တယ်တဲ့ ... ညနေကျ ကြွက်စုတ်သေရော"

"အမလေး ... ဟုတ်တယ်နော်၊ ရွာသူမို့လို့ စွမ်းတာသိလား၊ ဒုက္ခ ပါပဲနော် ... အိမ်က ကလေးတွေတောင် အဲဒီကောင်မလေး ရွာထဲပါလာရင် မုန်းခိုင်းထားရတယ်၊ ရွာသူဆိုတာ မုန်းရင်လုပ်တတ်သလို ချစ်ရင်လည်း ကျီစား တတ်တာပဲလေ"

"အဲဒါက ကိစ္စမရှိဘူးအေ ကြွက်စုတ်သေလို့ သူ့အမျိုးတွေက မကျေ နပ်ဘူး ပြောနေကြသံကြားတယ် ... "

"အို ... မကျေနပ်လို့လည်း သူတို့ ဘာတတ်နိုင်တာမှတ်လို့ ... ဟိုကရွာသူဥစ္စာ၊ ကိုယ်ပဲ ဒုက္ခရောက်သွားမှာပေါ့"

ရွာထဲ၌ မိန်းမချင်းတွေကြုံလျှင် ကြွက်စုတ်သေသည့်အကြောင်းနှင့် မကျည်းတန်လေးအကြောင်း အထိတ်တလန့် ပြောဆိုနေကြသလို ရွာဦးဆ...



www.burmeseclassic.com

www.burmeseclassic.com



တော်နှင့် ကပ္ပိယကြီးတို့မှာလည်း မကျည်းတန်ကြောင့် ရှာသားများအကြား ခေါင်းခဲနေရလေသည်။

ကြွက်စုတ်၏ ဆွေမျိုးသားချင်းများက ရှာဦးဆရာတော်အား မဖုံးမကွယ်ဘဲ လျှောက်တင်ကြ၏။

"ဆရာတော် ... အဲဒီ ဂြိုဟ်ကောင်မလေးကိစ္စ ဘယ်လိုစီစဉ်မလဲ"

"ဘယ်သူလဲ ... ဒကာကြီး"

"ဘယ်သူရှိရမလဲဘုရား ... ဟို ဆရာ့တော်မွေးစားထားတဲ့ စုန်းမလေးအကြောင်းပြောတာဗျာ၊ ခုကြွက်စုတ်သေတာလည်း သူကကျိန်စာဆိုလို့မဟုတ်လား ... "

"ဟိုတလောကလည်း ရှာထဲက ပေလုံးကိစ္စနဲ့ သူကြီးထင်ပေါ်တို့အဖြစ်တွေက ပူပူနွေးနွေးကြီးရှိသေးတာ၊ အခု ကြွက်စုတ်သေပြန်ပြီ"

"အင်း ... ဒကာတို့အတွေးအမခေါ်တွေ မှားနေပြီထင်တယ်၊ လူဆိုတာ ကံသာအမိ ကံသာအဖဆိုတဲ့ စီမံရာကိုနာခံကြရတဲ့သတ္တဝါတွေပဲ – ခု ကြွက်စုတ်ဆုံးပါးရတာ သူ့ကံနေ့စေ့လို့ ဖြစ်ရတဲ့ကိစ္စပါ"

"ဒါ ... မဖြစ်နိုင်ပါဘူး ဘုရား ... "

ရှာသားတစ်ယောက်ဝင်ပြောပြန်လေသည်။ ရှာဦးကျောင်းဝင်းထဲရှိ ယာယီအသုဘမဏ္ဍပ်ထဲတွင် ရှာသူရှာသားအတော်များများ ရှိနေကြသည်။ ယင်းတို့အထဲ၌ ကပ္ပိယကြီး ကြာယုံလည်းပါသည်။ အထူးသဖြင့် သေဆုံးသွားသည့် ကြွက်စုတ်၏ဆွေမျိုးသားချင်းများသည် အရက်သေစာသောက်စားလာကြ၍ ဗိုလ်ဒေါသတကြီးဖြစ်နေကြ၏။

ကပ္ပိယကြီး ဦးကြာယုံသည် မဖြစ်နိုင်ဘူးဆိုသော ရှာသားဖိုးတေအား လှမ်းကြည့်ကာ ...

"ဟေ့ ... ဖိုးတေ မဖြစ်နိုင်ဘူးဆိုတာ မင်းကဘာကိုပြောတာလဲ"

"ဟာ ကပ္ပိယကြီးပဲ စဉ်းစားကြည့်လေဗျာ၊ ကြွက်စုတ်က ကလေးသာပေမယ့် သန်သန်မာမာ ဖျတ်ဖျတ်လတ်လတ်ကြီးရှိသေးတဲ့ဥစ္စာ၊ ဘယ်လိုမှ မသေနိုင်ဘူး၊ အဲဒီစုန်းမလေး တစ်ခုခုလုပ်လို့ အခုလိုသေသွားတာပေါ့"

"ဟ ... လူဆိုတာ ကြီးတယ်ငယ်တယ် သန်မာတယ် ဖျတ်လတ်တယ်ရှိမလားကွ၊ သင်္ခါရတရားဆိုတာ နေ့မြင်ညပျောက်ပဲ ခုအင် ဆရာတော် မိန့်သွားတယ်မဟုတ်လား ... လူက ကံကုန်နေ့စေ့ရင် သေမှာပဲမှတာပဲ –"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘာသာသူ ရိုးရိုးသားသား သေတယ်ဆိုရင်တော့ ဟုတ်တာပေါ့ ကပ္ပိယကြီး ... ခုဟာက ရွာသူကြောင့် သေရတာဗျ ... "

ရွာသူရွာသားများ၏စကားသံသည် တစ်စတစ်စကျယ်လောင်လာသည်။ ရွာဦးဆရာတော်ကြီးသည် ရွာသားများဖြင့် ကပ္ပိယကြီး အချင်းမများစေရန်–

"ဟဲ့ ... ကြာယံ ... "

"မှန်လှပါ ဘုရား ... "

"နင့်နေရာကို နင်ပြန်တော့ တော်ကြာ အကျယ်အကျယ်မငြိမ်းဘွယ်တွေ ဖြစ်ကုန်မယ် ... "

ရွာဦးဆရာတော်သည် တစ်ခါတရံ စိတ်တိုစိတ်ဆက်သော ကပ္ပိယကြီး၏ စိတ်ရင်းအမှန်ကိုသိရှိနေ၍ မသိမသာလူစုခွဲလိုက်ခြင်းပင်၊ ကပ္ပိယကြီး ဦးကြာယံသည်လည်း ဆရာတော်၏ထံပါးကနေ ဖဲကျဉ်ခွာလာရသော်လည်း စိတ်တွင်းတမူ မကျေမချမ်းတာအမှန် ... "

"တောက် ... "

"ဘာမှအသိဉာဏ်မရှိတဲ့ကောင်တွေ ဘာပဲဖြစ်ဖြစ် ပြဿနာတစ်ခုခု ဖြစ်လာရင် မဆီမဆိုင် သခွတ်ပင်လာရမ်းသလို မိကျည်းတန်ပဲ – ဒီလောက် ကမြင်းကြောထတဲ့ကလေးတွေ မသေဘဲ ရှိပါ့မလား ဟွန်း ... "

မကျေမချမ်းရေရွတ်လိုက် တက်ခေါက်လိုက်နှင့် ကပ္ပိယကြီးသည် သူ၏ ဇရပ်သို့ ပြန်လည်ရောက်ရှိလာသည်။ ဇရပ်ပေါ်သို့ တက်လိုက်သည်နှင့် ဇရပ်ထောင့်လေး၌ ကွေးကွေးလေး အိပ်ပျော်နေသော မိကျည်းတန်အားကြည့်ကာ ကပ္ပိယကြီးကြာယံသည် လေးလံသောသက်ပြင်းတစ်ချက် ချလိုက်မိလေသည်။

ပင်ပန်းနွမ်းနယ်စွာဖြင့် မီးခွက်အလင်းအောက်မှာ အိပ်စက်ပျော်နေသော အကျည်းတန်လေးသည် အရုပ်ဆိုးလွန်းသည့်မျက်နှာ၌မူ အေးမြသော အရိပ်လေးများ ယှက်သန်းနေ၏။ ကပ္ပိယကြီးသည် မကျည်းတန်လေးအား ငယ်စဉ်ကလေးရွယ် နီတာရဲလေးဘဝကပင် ရွာတွင်းရှိ နွားရှိသူများထံကနေ နို့ကို ကိုယ်တိုင်ကြိုချက်၍ နို့တိုက်ပြီး ချေးသေးကလူပြုစုယုယ မွေးလာသည့် မြေးအရင်းကဲ့သို့ပင် ချစ်ခင်သံယောဇဉ်ကြီးလှ၏။

ယင်းအပြင် သူမ၏ မိမဲ့ဖမဲ့နုံချာလွန်းလှသော အတိတ်ကြောင့်လည်းပါလေသည်။ မကျည်းတန်အား ကပ္ပိယကြီးသည် ဘယ်သွားသွား ပန်းထမ်းကာ ခေါ်ဆောင်သွားတတ်၏။

www.burmeseclassic.com



သူမလေးအတွက် စားသောက်စရာများ ဟောင်းနွမ်းသော အဝတ်အစားများကို ရွာပေါက်စေ့ အိမ်ပေါက်စေ့လိုက်လံအလှူခံ တောင်းရမ်းရသည်ကိုလည်း ကပ္ပိယကြီးကြာယုံ မရှက်မကြောက်ပေ။ ဤသို့ဖြင့် မကျည်းတန်လေး အခုအရွယ်တိုင် ကြီးပြင်းလာခဲ့ရသည်မဟုတ်ပါလား ...

တစ်ခါက ပေလုံးခွေးကိုက်ခံရသောကိစ္စ ... မကြာသေးမီက သူကြီးထင်ပေါ်တို့မိသားစု မြို့ကိုအသွား စက်လှေမှောက်၍သေဆုံးခဲ့ကြသော ကိစ္စများနှင့် ယခုကြွက်စုတ်သရက်သီးတက်ခူးရင်း သစ်ကိုင်းကျိုးကာ ပြုတ်ကျသေဆုံးရခြင်းသည် တိုက်ဆိုင်မှုများသာဖြစ်ပေသည်။ သရက်ကိုင်းဟူသည် ဆက်သည့်ဆိုတာ ရွာသားများ ဘာကြောင့်မတွေးကြပါလိမ့် ...

အားလုံးကမူ မကျည်းတန်အား ရွာသူတစ်ယောက်ဟု ထင်မြင်စွပ်စွဲနေကြလေပြီ။

ကပ္ပိယကြီးအဖို့မူ ရွာသူတို့ စုန်းကဝေတို့ဆိုသည်မှာ ယခုအသက်အရွယ်ထိ သူကိုယ်တိုင်မြင်လည်းမမြင်ဘူး၊ ကြုံလည်းမတွေ့ကြုံဘူး၍ သူ့ကိစ္စမဟုတ်ပါချေ။ သို့သော် မကျည်းတန်သည် သူ့အနှီးပိတ်ထဲကတင် စထောင်၍ ဒုက္ခမျိုးစုံခံကာ မွေးဖွားလာခဲ့သည့် သူ့သွေးသူ့မြေးဖြစ်နေလေပြီ။

မကျည်းတန်သည် အများယိုးစွပ်ကြသလို ရွာသူဆိုလည်း ကပ္ပိယကြီး မမှုချေ။ မည်သည့်အတွက်ကြောင့်ဆိုသော် အတိတ်ဘဝကုသိုလ်ကံ အားနည်းလွန်းကာ ဆိုးရွားသော ရုပ်ရည်ဖြင့် ဆွံ့အသူလေးအဖြစ် လောကထဲရှင်သန်လာသော မကျည်းတန်သည် မြေပြင်ပေါ်၌ ရွာဦးဆရာတော်ကြီးပြီးလျှင် ဒုတိယမြောက် သံယောဇဉ်အရှိဆုံးလူသားပင် မဟုတ်ပါလား။

ယခုတော့ သူမလေးသည် သူ့အနားဝန်းကျင်၌ ဝိုင်းပတ်နေသည့် အန္တရာယ်မျိုးစုံတို့အား မသိရှာသူကဲ့သို့ နှစ်ခြိုက်စွာ အိပ်မောကျနေလေသည်။

ကပ္ပိယကြီးဦးကြာယုံသည် လေးလံသည့် သက်ပြင်းတစ်ခုအားချလိုက်လေသည်။ အတန်ကြာတော့ ကပ္ပိယကြီး ဦးကြာယုံသည် ဇရပ်ကနေ ရွာဦးဆရာတော်၏ သီတင်းသုံးကျိန်းစက်ရာကျောင်းဆီသို့ လှမ်းထွက်သွားလေတော့၏။

နောက်တစ်နေ့ မနက်ခင်းတွင်တော့ ရွှေသောင်မြေရွာလေးအတွင်း ထူးခြားသော သတင်းတစ်ခုသည် ပျံ့သွားလေတော့၏။ ယင်းသတင်းမှာ ကပ္ပိယကြီးကြာယုံနှင့် မကျည်းတန်လေးတို့ ပျောက်ချင်းမလှပျောက်ဆုံးသွားသည်



www.burmeseclassic.com

www.burmeseclassic.com



သတင်းပင်ဖြစ်လေတော့သည်။ ရွာသူရွာသားများကမူ အမျိုးမျိုးဝေဖန်ပြောဆိုကြလေသည်။

အချို့ကလည်း မကျည်းတန်သည် ရွာသူဖြစ်၍ ဘုန်းကြီးကျောင်းမှာ ဆက်မနေဝံ့တော့ဘဲ ထွက်ပြေးသွားသည်ဟူ၍လည်းကောင်း၊ မကျည်းတန်ရော ကပ္ပိယကြီးဦးကြာယံပါ ရေပေါ်ကျွန်းသို့သွားရောက်နေထိုင်ကြသည်ဟူ၍လည်း ကောင်း၊ ရွှေသောင်မြေရွာထိပ်မှ မြစ်ထဲခုန်ဆင်းပြီး သတ်သေသွားကြပြီဟူ၍ လည်းကောင်း ပြောဆိုနေကြလေတော့၏။

ရွာဦးဆရာတော်ကမူ မည်သူလာမေးမေး ဦးခေါင်းသာတွင်တွင်ရမ်း မြလျှက် တုံဏှိဘာဝေရှိနေလေတော့သတည်း ...



www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၂)

## ထူးဆန်းသောမီးရောင်များ

အနောက်ဂေါယာကျွန်းတွင် နေလုံးကြီးမေးတင်နေပေပြီ။ ပုစွန်ဆီရောင် နေလုံးကြီးဆီကနေ ယိုစီးနေသော အလင်းလက်ကျန်တွေက မြစ်ပြင်ပေါ် တဖိတ်ဖိတ်လက်ပနေစေသည်။ တံငါလှေအချို့ပင် ပင်လယ်ဘက်ကနေ ပိုက်သိမ်းပြန်လာကြပေပြီ။

မကြာမီ မှောင်လာတော့မည်ဖြစ်သည်။

ဖိုးတေသည် လှေဦးတွင် ဖက်ဆေးလိပ်ဖြူအား အထောင်းထောင်းဖွာလျှက်က လှေပဲ့ရှိ ဘခက်အား လှမ်းပြောလိုက်၏။

"ဟော့ကောင် ... ဘခက်"

"မြန်မြန်ခတ်ပါဟ၊ ဒီလိုခေတ်နေပုံမျိုးနဲ့ဆို ရွာကိုညရေလှည့်သင့်ချိန်မှ ရောက်လိမ့်မယ် ... "

"ခတ်နေတာပဲကွ ချီးတဲ့မှ မင်းမမြင်ဘူးလား ... မင်းကအေးအေးဆေးလိပ်ဖွာပြီးငြိမ်နေ ဒီမှာလက်မောင်းပြုတ်တော့မယ်"

လှေပဲ့ကနေ ခတ်တက်အား အားကုန်ကြိုးခတ်နေသော ဘခက်က လှေဦးကနေ အငြိမ့်သားထိုင်လျှက်လောနေသည့် ဖိုးတေအားပြောလိုက်ခြင်းဖြစ်သည်။ အမှန်က ဖိုးတေတင်မဟုတ် သူလည်းရွာသို့မမှောင်ခင် ရောက်ချင်နေသည်။ ယခုမှပင် ရေပေါ်ကျွန်းအားမြင်ရရုံပဲရှိသေးသည်။ ရေပေါ်ကျွန်းက



www.burmeseclassic.com

www.burmeseclassic.com



နေ ရွာသို့အတော်ပင် လျှော်ရပေဦးမည်။

ဘခက်ရော ဖိုးတေပါ ရွှေသောင်မြေရွာသားများဖြစ်ကြ၏။

ဒီနေ့ ရေပေါ်ကျွန်းဘက်သို့ ပိုက်မချဘဲ ပို၍ဝေးလံသောပင်လယ်ဘက်ဆီသို့ ရွာကနေ အစောကြီးသွားရောက်ပိုက်ချခြင်းဖြစ်သည်။ ငါးပိုက်ချ အသစ်ရှာရာ ယခင်နေ့များထက် ငါးများပိုရသည်။ လှေဝမ်းပင် ပြည့်လုနီးပါးဖြစ်နေ၍ မနက်ဖြန် ပင်လယ်မထွက်ရင်တောင် ရလေသည်။

ဖိုးတေက ရွာသို့စောစောပြန်ရောက်လျှင် စောစောအရက်သောက်ရမှာမို့ လောဆော်နေခြင်းဖြစ်သည်။ လှေက ဘခက်လှော်ခတ်လှည့်ဖြစ်သည်။ ဘခက်လှော်ခတ်လာရင်းမှ ရေပေါ်ကျွန်းကြီးအနီးသို့ ရောက်လာ၏။ သူတို့ တံငါလှေပိုက်လေးများသည် မြစ်ခွဆုံသို့ပိုက်ချထွက်လျှင် ရေကြောင်းအရ ရေပေါ်ကျွန်းကြီးအနီးကနေ လှော်ခတ်သွားရလေသည်။

ယခုနောက်ပိုင်း သူကြီးဦးထင်ပေါ် သေဆုံးပြီးသည့်နောက်ပိုင်းတွင် ရေပေါ်ကျွန်းကြီးတစ်ဝိုက် မည်သူမျှ ပိုက်ချငါးရှာမလုပ်ဝံ့ကြတော့ပေ။ ရေစစ်ရေကျချိန်များ၌ပင် အနီးဝန်းကျင်ရှိ ရွာများမှလည်း ရေပေါ်ကျွန်းသို့သစ်ခုတ် ခနိုခုတ်မသွားကြတော့သဖြင့် ရေပေါ်ကျွန်းကြီးသည် ပို၍ညို့မှောင်ကာ ချောက်ချားစရာများဖြစ်နေ၏။

နေက ပင်လယ်ပြင်မှာ စုန်းစုန်းဝင်သွားလေပြီ။ ဖိုးတေ၏ လှေဦးကနေ ဖက်ဖြူဆေးလိပ်ဖွာနေသည်ကိုသာ ဘခက်သည် ရဲခနဲ ရဲခနဲမြင်နေရသည်။ ဘခက်သည်လှေအားလှော်ခတ်နေရင်းမှ ရေပေါ်ကျွန်းကြီးဘက်ဆီသို့ အမှတ်မထင်လှည့်ကြည့်မိလိုက်သည်။

"ဟင် ... "

ဘခက်၏စိတ်ထဲ၌ ရေပေါ်ကျွန်းအလယ်လောက်ကနေ အနီရောင်မီးလုံးကြီးတစ်ခု တက်လာသည်ကို တွေ့မြင်လိုက်ရသလိုရှိလေသည်။ သူ၏မျက်စိပင်အမြင်မှားလေရောသလားဟုတွေးကာ စိတ်ထဲထင့်ခနဲ ဖြစ်သွားလေသည်။

"ဟေ့ကောင် ... ဖိုးတေ ... မြင် ... မြင်လား ... "

"ဟ ... ဘာတုန်း ဘာမြင်ရမှာတုန်း"

"ဟို ... ဟိုမှာလေ ... ရေပေါ်ကျွန်းက"

ဘခက်၏ပြောသံမဆုံးလိုက်ပါ။ ဖိုးတေသည် လှေဦးကနေ ရေပေါ်ကျွန်းဘက်သို့ ဖျတ်ခနဲလှမ်းကြည့်မိလိုက်စဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါ ... ဒါ"

ဖိုးတေ ဖြုန်းခနဲမြင်လိုက်ရသည်က ခေါင်းနပန်းပင်ကြီးသွားရလေသည်။ သူသည် အရက်ကိုကြိုက်နှစ်သက်၍ သောက်ပြီး တစ်ခါတရံ ရွာတွင်းသို့ ညဦးနက်သန်းခေါင် မူးရူးပြီးလျှောက်သွားတတ်ပါသော်လည်း တစ္ဆေသရဲကိုမူ ကြောက်လန့်တတ်သည်။

ယခု ဘခက်ပြော၍ သူလှမ်းကြည့်လိုက်စဉ် ရေပေါ်ကျွန်းပေါ်ရှိ မည်းမှောင်နေသော သစ်ပင်ရိပ်ကြီးများကြား လူလာခေါက်တုံ့ပျံ့ဝဲနေသော အနီရောင်မီးလုံးကြီးနှစ်လုံးအား သည်းထိတ်စဖွယ်မြင်လိုက်ရခြင်း ဖြစ်ပေသည်။

မီးလုံးကြီးနှစ်လုံးမှာ သပိတ်လုံးပမာခန့်ရှိပြီး သစ်ပင်များကြားကနေ တစ်ပင်ကနေ တစ်ပင်သို့ကူးသန်းသွားလာနေသယောင်ဖြစ်သည်။ ဖိုးတေ အထိတ်ထိတ်အလန့်လန့်ဖြင့် ...

"ဟာ ... ဒါ ... ဒါ ... စုန်း"

"စုန်းမီးဓောက်တာ ဘခက်"

"လှော် ... လှော် မြန်မြန်လှော်"

ဘခက်သည် ဖိုးတေ မပြောခင်ကပင် လှေအားကြိုးလှော်နေပြီဖြစ်လေသည်။

"ငါ ... ငါလည်း လှော်နေတာပဲ ... "

"ဗွမ်း ... ဗွမ်း ... "

ဖိုးတေလည်း ဘခက်ကြိုးလှော်နေသည့်ကြားကနေ တွေ့ကရာပျဉ်ချပ်ဖြင့် တဗွမ်းဗွမ်းစွတ်လှော်လေတော့၏။ သို့သော်လည်း သူတို့စိတ်ထဲ လှေမှာ တစ်ခုခုဖြင့်ငြိနေသလို ထင်မြင်မိသည်။ အမှောင်ထဲမှာ သူတို့ကြောက်ကြောက်ဖြင့် ချွေးတဒီးဒီးကျနေလေသည်။

"ဟ ... ဟ ... လုပ်ပါဦးဟ ... "

"ကြောက် ... ကြောက်စရာကြီးဟ"

ဘခက်သည် ကြောက်ကြောက်ဖြင့် စိတ်တွေလှုပ်ရှားကာ လှေဝမ်းထဲထိုင်နေတော့သဖြင့် လှေသည် မြစ်ရေစီးထဲတွင် ချာချာလည်နေသည်။ သူတို့နှယောက်တည်း သွေးပျက်အောင်ချောက်ချားနေကြစဉ် သူတို့လှေဆီသို့ ရှေ့သို့သွားနေသော ရေစီးကြောင်းတစ်ခုအား သတိမပြုမိကြချေ ...

"ဟာ ... လာ ... လာပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကြောက် ... ကြောက်ပါပြီဗျ"

"အမလေး ..."

"ဝုန်း ... ဖြောင်း ..."

"ဟာ ..."

ယင်းအချိန်မှာပင် ရှေ့ပွက်မှု ဝရုန်းသုန်းကားဖြစ်နေစဥ် လှေနဘေး ချောင်ထဲကနေ ဝေါခနဲကြီးမားသော အရာဝတ္ထုကြီးတစ်ခုသည် လှေထက်ရှိ ဘခက်အား အရှိန်ဖြင့် ရိုက်ချသွားလေတော့သည်။

"အား ..."



www.burmeseclassic.com

www.burmeseclassic.com

## သရဲစုန်းမီးနှင့် သေရွာပြန်ဖိုးတေ

ရွှေသောင်ခြေတစ်ရွာလုံးရှိရှိသမျှ မိန်းမ၊ ယောက်ျားမှန်သမျှ ဖိုးတေ၏ ယိုင်နဲ့နဲ့ဂေဟာထက် ပြိုကျမလောက် အားလုံးရောက်ရှိနေကြလေသည်။ ဖိုးတေ၏ မိန်းမ မိဖော့မှာလည်း မျက်နှာလေးငယ်ငယ်ဖြင့် ရှိနေ၏။

ဖိုးတေမှာမူ ယခုမှ သတိရလာခါစဖြစ်သော်လည်း သူ့တဲတွင်း၌ရှိသော လူတွေကိုကျိုးကြည့် ကြောင်ကြည့် မျက်ဝန်းတွေဖြင့်ကြည့်ကာ ပထမဆုံး မေးသည်မှာ ...

"ကျုပ် ... ကျုပ် မ ... မသေဘူးနော် ... "

"ဟာ ... မသေလို့ မင်းကိုတွေ့ရတာပေါ့ ဖိုးတေရ။ မင်းတို့လှေကို အခြားလှေသမားတွေတွေ့တော့ မင်းကိုသတိလစ်နေရက် တွေ့ခဲ့ကြတာလေ"

"ဒါ ... ဒါဆို ဘာခက်ရော ... ပြီး ... ပြီးတော့"

"စုန်းမီး ... စုန်းမီးတွေ ... "

"ဟော့ ဖိုးတေကို သောက်ရေတစ်ခွက် ခပ်တိုက်လိုက်စမ်း ... "

ရွာလူကြီးတစ်ဦး၏ စကားကြောင့် မိဖော့သည် သောက်ရေတစ်ခွက်ခပ်ကာ ဖိုးတေအား အလျင်အမြန်ခပ်တိုက်လိုက်လေသည်။ သည်တော့မှပဲ ဖိုးတေ၏ မျက်နှာပြင်နှင့်မျက်နှာထဲရှိ စိုးရိမ်ပူပန်ကြောင့်ကြနေသောအရိပ်များ ပျောက်ကွယ်သွားလေသည်။

အမှန်တော့ ဖိုးတေ၏ပိုက်လှေသည် ညတုန်းက တစ်ညလုံးရွာသို့ ပြန်မရောက်လာခဲ့ချေ။ ဖိုးတေမိန်းမ မိဖော့၏ငိုကြီးချက်မဖြစ်နေရကြောင့် ယခု

www.burmeseclassic.com



မနက်စောစောတွင် ရွာရှိတံငါလှေအချို့ အစောကြီးလိုက်ရှာရာမှ ဖိုးတေ၏ပိုက်လှေအား ရေပေါ်ကျွန်းအနီးတွင်တွေ့ရပြီး ဖိုးတေကိုမူ သတိလစ်နေတာတွေ့ရ၏။ ဘခက်ကိုမူ မတွေ့။

"ကဲ ... ဖိုးတေ"

"မင်းတို့ဘာတွေနဲ့ကြုံလို့ ဘာတွေဖြစ်ပျက်ခဲ့သလဲ ... ပြောစမ်းကွာ ငါတို့ သိချင်လှပြီ ... "

"ပြောပါမယ်ဗျာ"

"ဘ ... ဘခက်တော့သေပြီထင်တယ် ... ဒီလိုဗျ"

ဖိုးတေသည် တဲတွင်းရှိ ရွာသားအချို့အား မဝံ့မရဲကြည့်ကာ ဘခက်ဖြင့် သူငါဖမ်းပြီးပြန်လာစဉ် ... ရေပေါ်ကျွန်းမှ သရဲစုန်းမီးကြီးနှစ်လုံးအား စတင်တွေ့ရှိရာကနေ နောက်ဆုံးရင်ဆိုင်ကြုံတွေ့ရသည်အထိ တဆက်တည်း ပြောပြလိုက်၏။

"နောက်ဆုံးတော့ အဲဒါပါပဲဗျာ ... မြွန်းဆို ရေထဲကနေ မည်းမည်း အရာကြီးက ဘခက်ကိုရိုက်သွားတာပဲ"

"သ ... သရဲစုန်းမီး ဟုတ်လား ... "

"ဟုတ် ... ဟုတ်တယ်ဗျ ... အဲဒီမီးလုံးကြီးတွေ အရင်တွေ့တာ"

"တကယ်ပါဗျာ ... ကျုပ် တစ်သက်မှာ အဲသလောက်ကြောက်စရာ ကောင်းတာမျိုး တစ်ခါမှ မတွေ့ကြုံဖူးပါဘူး"

"ဖိုးတေတို့ကြုံခဲ့တာ ဟုတ်နိုင်တယ်ဗျ ... အဲဒီသရဲစုန်းမီးနဲ့ ကျုပ်တို့ လည်းကြုံဖူးတယ် ... လွန်ခဲ့တဲ့ လမိုက်ညကလည်း ကျုပ်ပိုက်ချနေတုန်း အဲဒီ ကျွန်းပေါ်က မီးလုံးကြီးတွေ တက်လိုက်ဆင်းလိုက်ဖြစ်နေတာ မြင်ရတာပဲ ရွာသားတွေမယုံမှာစိုးလို့ ကျုပ်မပြောပြခဲ့ပါဘူး"

ထိုင်းစကားကို ပြောသူမှာ ပိုက်သမားလှထွေးဖြစ်လေသည်။

"ဟဲ့ ... ဟဲ့ ... ဒီလိုနေလို့ မဖြစ်သေးဘူးဟေ့ ... တို့ဘခက်ကို လိုက်ရှာဖို့ လုပ်ရမယ် ... "

"အမလေး ... ကိုဘခက်ရယ် အဖြစ်ဆိုးလှချည်လား ... "

ဒီကြားထဲ ဘခက်၏မိန်းမမြရီကလည်း အော်ဟစ်ငိုယိုနေသေးသည်။ ရွာတွင်းရှိ မိန်းမအချို့ကလည်း ...

"ဖိုးတေ ပြောပုံအရဆိုရင်ဘခက်တော့သေပြီ ထင်ပါတယ်အေ"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... "

"ဒီလိုဆိုရင် ကျုပ်တို့အိမ်က ယောက်ျားတွေကိုတောင် မြစ်ထဲငါးရှာဖားရှာလွှတ်ရခက်နေပြီပေါ့ ... ရေပေါ်ကျွန်းက လူစားတယ်အေ့ ... တစ်နှစ်တစ်ယောက် နှစ်ယောက်မကတော့ဘူး ... တမြန်ကျန်ခဲ့တဲ့နှစ်ကပဲ သူကြီးတို့လင်မယားရော မောင်ခွေးရော ... နောင်နှစ်ကျ ရွာထဲကအရက်သမားပိုက်ထွေးဟော ... အခု ဘခက်လေ ... "

"ဟုတ်ပါ့တော် ... ရှင်ပြောမှ ကျုပ်တွေးမိတယ် ... ဒါရေပေါ်ကျွန်းသခင်မ မကျေနပ်လို့လုပ်နေတာထင်တယ်၊ ဟိုတုန်းက ဒီလောက်မဟုတ်ဘူးဒုက္ခပါပဲတော် ... "

ရွာသူရွာသားများပြောလည်း ပြောရလောက်အောင်ပင်။ ယခုနှစ်များအတွင်း၌ မည်သည့်ပိုက်သမား တံငါလေ့မဆို ရေပေါ်ကျွန်းဝန်းကျင်သို့ ပိုက်ချသွားလျှင် သိပ်မကြာခင် တစ်စုံတစ်ခုသောအန္တရာယ်ဖြင့် တွေ့ရှိရစမြဲ။

ကြာတော့ ရေပေါ်ကျွန်းကို ယခင်ကထက် ရွာတွေကလန့်လာကြသည်။ ယခု ဖိုးတေတို့ကြုံတွေ့လာရသည်မှာလည်း အဲဒီသရဲစုန်းမီးတွေပင်ဖြစ်သည်။

ဆွမ်းခံပြန်ချိန် မွန်းမတည့်မီမှာပင် ဘခက်အား လိုက်လံရှာဖွေနေကြသော ပိုက်လှေအချို့ ရွာပြန်ရောက်လာခဲ့ကြသည်။ မည်သူမှ မယုံကြည်နိုင်စရာအဖြစ် ဘခက်၏အလောင်းကို ရေပေါ်ကျွန်း၏ရေစပ်တွင် တွေ့ရှိရလေသည်။ သို့သော် အလောင်းမှာငါးကြီးများစားသလား မိကျောင်းကိုက်ထားသလားဆိုရအောင်ပင် ကိုယ်တစ်ခြမ်းက မရှိတော့ပေ။

ထူးဆန်းသည်မှာ ဘခက်၏အလောင်းသည် ပင်လယ်ထဲမျောမသွားယခင်သေဆုံးသူ ဦးထင်ပေါ်ကို အရက်သမားပိုက်ထွေးတို့ကဲ့ပင် ရေပေါ်ကျွန်းမှာ ပြန်တွေ့ရခြင်းပင်ဖြစ်သည်။ ဒါကပင် ရွာသူရွာသားတွေအဖို့ သာမန်ထက်ထူးခြားပြီး ရေပေါ်ကျွန်းသခင်မအပေါ် ပို၍ကြောက်ရွံ့ထိတ်လန့်နေကြခြင်းဖြစ်သည်။

အမှန်တကယ် သဘာဝမှာ လူတစ်ဦးတစ်ယောက်ရေနစ်၍ သေဆုံးသည်ဆိုပါက သဘာဝတရားအရ အနည်းဆုံးသုံးရက်ခန့်ကြာမှပင် ရေပေါ်သို့ပေါ်လာတတ်စမြဲပင် ... ယင်းသို့ပေါ်လာပြန်တော့လည်း ဆန်းကြယ်သော ရေမြန်၏သဘာဝအရ မိန်းမပက်လက် ယောက်ျားမှောက်ခုံပေါ်လာတတ်စမြဲပင်။



www.burmeseclassic.com

www.burmeseclassic.com



ယခုမှု သဘာဝတရားကိုဆန့်ကျင်လျှက် ရေပေါ်ကျွန်းအနီးတဝိုက် လှေမြှုပ် လှေမှောက်ပါက တစ်ရက်အတွင်း၌ပင်ပွဲပေးပြီး တောင်းပန်တိုးလျှိုး လျှက်အလောင်းကို ရှာဖွေပါက နေ့မကူးခင် ရေပေါ်ကျွန်းကြီး၏ တစ်နေရာ တွင် ပြန်လည်တွေ့ရှိရခြင်းကပင် ဆန်းကြယ်သောဂမ္ဘီရဖြစ်ရပ် ဖြစ်နေလေ ဘခက်၏အလောင်းရွာသို့ပြန်ရောက်လာသောအခါ ဘခက်မိန်းမ မြရီသည် မပဋ္ဌာမြေလူး ငိုပါလေတော့သည်။

ဘခက်၏သတင်းကြောင့် ကရင်ချောင်းရွာမှလူများ အနီးဝန်းကျင် တံငါများလည်းရောက်လာကြသည်။ ရွှေသောင်မြေရွာရှိ ပိုက်သမား၊ တံငါများ ရော ရွာရှိလူကြီးသူမများရော ရေပေါ်ကျွန်းကြီးအကြောင်း မပြောမပြီးပြောကြ ရလေတော့သည်။

"ကျုပ်တို့ ဒီကိစ္စကို အေးအေးဆေးဆေးနေလို့မဖြစ်တော့ဘူး"

"ဟုတ်တယ် ဘကြီးညို ... ကြာရင် ရွာထဲကပိုက်သမားတွေ တံ တွေ့မြစ်ထဲ ငါးဖမ်းမဆင်းရဲဖြစ်ကုန်တော့မယ်"

"ဟုတ်တယ်ဗျ ... ငါးကလည်း ရေပေါ်ကျွန်းက ပိုက်ဆို ငါးချို များရှိသလားမှတ်ရတယ် ... ထိမှထိပဲ တစ်ခုတော့ရှိတယ် ဘကြီးညို ..."

"ဘာရှိတာလဲ ... ပြောလေကွာ ..."

"အမှန်တော့ ကျုပ်တို့ရွာက တံငါလှေတွေ ရွာသား ... ဒုက္ခရော နေကြတာ ဒီရေပေါ်ကျွန်းကြီးမှာရှိနေတဲ့ ဟို ... ရုပ်တုကြီးကြောင့်ဗျ"

"အေးလေ ... အဲဒါ မင်းပြောမှလား တစ်ရွာလုံးသိကြတဲ့ဥစ္စာ"

"အဲဒီ ရုပ်တုကြီးကို ဖျက်ဆီးပစ်လိုက်ရင်တော့ ..."

"ဟင် ..."

"ဟာ ... ဒါ ... ဒါတော့ ..."

တစောက်ကန်း မြဟန်ကြောင့် ပိုက်သမားအချို့ အံ့သြမျက်လုံး သွားသလို အချို့တံငါသမားတွေကမူ ...

"မှန်တယ် ... မြဟန် ပြောသလို အဲဒီရေပေါ်ကျွန်းသခင်မရုပ် ကြီးက မကောင်းဆိုးဝါး ပူးကပ်နေတာပဲ ... ရွာလည်းဒုက္ခမရောက်အော ဝိုင်းပြီး ဖျက်ဆီးပစ်လိုက်တာအေးမယ် ..."

"အဲဒါတော့ လက်မခံဘူးဗျာ ... မဖြစ်နိုင်တာ ..."

ရွှေသောင်မြေရွာက တံငါသားများစကားကိုထ၍ ကန့်ကွက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကရင်ချောင်းရွာမှ ရွာသားကြီးဘပန်းထော်ဖြစ်လေသည်။ ဘပန်းထော်သည် ကရင်ချောင်းရွာရှိ လုပ်သက်အရင့်ဆုံး ရေလုပ်သားတစ်ဦးဖြစ်သလို ရွာအပေါ်၌လည်း ဩဇာလွှမ်းသူ ဖြစ်လေသည်။

"ဘာဖြစ်လို့လဲ ... ဘပန်းထော်ရ ... ဒီရုပ်တုကြီးဟာ ကောင်းကျိုးမပေးတဲ့ရုပ်တုကြီးဖြစ်သလို ... ဒီရုပ်တုကြီးကြောင့် လှေတွေမသွားရဲ မလာရဲဖြစ်နေရင် ထမင်းငတ်ကုန်ကြလိမ့်မယ် ... ပြီးတော့ ခုပဲဘခက်သေပြန်ပြီ"

"ဘခက်သေတာက သူ့အကြောင်းနဲ့သူရှိမှာပေါ့ကွာ ... ဒီရုပ်တုကြီးကိုမဖျက်ဆီးဖို့ တားတယ်ဆိုတာက ဘာကြောင့် ညာကြောင့်ရယ်လို့ မဟုတ်ပါဘူး ... ကျုပ်တို့နယ်မှာ ဒီရေပေါ်ကျွန်းသခင်မရုပ်တုကြီးဟာ သမိုင်းဝင်သက်ရာ ရှားရှားပါးပါးဖြစ်နေလို့ပဲ ... "

"ဟာ ... အဓိပ္ပာယ်မရှိတာ ... "

"ဒါ သမိုင်းဝင်မဝင် ဆုံးဖြတ်နေတာမှ မဟုတ်ဘဲဗျ။ လူတွေကို ဒုက္ခပေးမပေးစဉ်းစားနေကြတာ ... "

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကရင်ချောင်းရွာကတော့ ဒီအရုပ်ကြီးဖျက်ဆီးဖို့ကို သဘောမတူဘူး ... လက်မခံနိုင်ဘူး ... "

"ဟုတ်တယ် ... မဖြစ်နိုင်ဘူး ... "

ဘပန်းထော် အပါအဝင် ကရင်ချောင်းရွာသားများက တစ်ယောက်တစ်ပေါက်ပြောကြလေ၏။ ထိုအခါ ရွှေသောင်မြေရွာသား တစ်ဦးကထပြီး–

"နေစမ်းပါဦးဗျ ... ခင်ဗျားတို့က သဘောမတူဘူးဆိုရအောင် ရေပေါ်ကျွန်းကို ကရင်ချောင်းရွာက ပိုင်လို့လား ... "

"ဒါဆို ရွှေသောင်မြေရွာကရော အဲဒီကျွန်းကိုပိုင်တယ်ဆိုတဲ့ သဘောနဲ့ လုပ်ချင်တာလုပ်လို့ရမလားကွ ... "

"ဟာ ... ဟေ့ ... ဟေ့ နေ ... နေကြပါဦး ... "

ပြဿနာက မမျှော်လင့်ဘဲ ကြီးထွားလာ၍ ရွှေသောင်မြေရွာက လူကြီးအချို့ဝင်ပါရလေတော့သည်။ ဘခက်သေသည့်ကိစ္စက ဟို ... ဘာမဟုတ်တဲ့ ရွာနှစ်ရွာတုတ်တစ်ပြက် ဓားတစ်ပြက်ဖြစ်ကြရမည့် အကျယ်အကျယ်ငြင်းခုံဖွယ်အဖြစ် ...

နောက်ဆုံး ရွှေသောင်မြေရွာက လူကြီးများနှင့် ကရင်ချောင်းရွာက လူကြီးအချို့ အလယ်ကပင် ညှိနှိုင်းရလေတော့၏။ ရွှေသောင်မြေရွာရှိ ဘဆောက်



www.burmeseclassic.com

www.burmeseclassic.com



ကန်းမြှဟန်အပါအဝင် သရဲမယုံ နတ်မယုံ လေ့သားတစ်စုကလည်း ရွာသားတွေကို ကြောက်ရွံ့စေသော ထိုရေပေါ်ကျွန်းသခင်မရုပ်ထုကြီးအား ဖြိုဖျက်၍ ပင်လယ်ထဲ မျှောပစ်ရမည်ဆိုသည်။

ကရင်ချောင်းရွာကလည်း လုပ်ခွင့်မပြုဟူ၍ မာန်ကြိမ်းကြိမ်းသည်။

ရွှေသောင်မြေရွာသားအချို့ကလည်း မကျေနပ်။ သည်နောက် သတင်းလာမေးကြသော ကရင်ချောင်းရွာသား ဘပန်းထော်မှစ၍ တစ်ဘက်ကမ်းသို့ မြန်ကူးသွားကြလေသည်။ လတ်တလောပင် ရေပေါ်ကျွန်းသခင်မကြောင့် ရေးအစဉ်အဆက်က ခင်မင်ရင်းနှီးသောရွာနှစ်ရွာ တုတ်တစ်ပြက် မာန်တစ်ပြက်ဖြစ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com

## သုသာန်တွင်းမှ လျှို့ဝှက်ချက်

ညသည် အမှောင်နယ်ထဲ ချဉ်းနင်းဝင်ရောက်စပြုနေလေပြီ။

အမှောင်သည် တခြားနေရာဒေသများအတွက်တော့ မူလဘူတ သဘာဝမို့ မည်သို့မျှ မထူးဆန်းလှပါသော်ငြား ဤနေရာမျိုးအတွက်တော့ အမှောင်သည် ချောက်ချားသွေးပျက်ဖွယ်ရာ ကောင်းနေလေသည်။ မည်သည့် အတွက်ကြောင့်ပါနည်းဟု မေးခဲ့ပါသော ဤနေရာသည် ရပ်ရွာဖြင့် လူသူခြင်း ကင်းဝေးရာ သီးခြားနေရာလေးတစ်ခုဖြစ်နေ၍ပါပင်တည်း ...

ကန်ကြီးကုန်းရွာအစွန်ရှိ ကန်ကြီးကုန်း သုသာန်တစပြင်ဖြစ်နေ၍ပင် တည်း ...

ကန်ကြီးကုန်းသုသာန်သည် ရွာဖြင့်အတော်လှမ်းလှမ်းတောစပ်၌ တည် ရှိနေသလို နွေလယ်နွေခေါင်းပင် လူသူကင်းမဲ့ရသည့်ကြားထဲ ယခုကဲ့သို့ မှောင် မည်းစပြုသည့် ညအချိန် ပို၍ပင် ထိတ်လန့်ကြောက်မက်ဖွယ်ရာ တိတ်ဆိတ် နေလေသည်။

အဝေးကနေ ပြေးလွှားနေသော လေပြေရိုင်းတွေက ကျယ်ပြန့်သော သချိုင်းမြေထဲရှိ သစ်ပင်များ ဝါးရုံတောများအား တရှဲရှဲဖြင့် အော်မြည်သွတ် တိုးဝှေ့ဖြတ်သန်းသွားလေသည်။ သစ်ရွက်များ ဝါးကိုင်းဝါးရွက်များ ထိခတ်မှုတ် တရှဲရှဲ မြည်နေသံကပင် အကာလ ညန့်ရုံအား တစ္ဆေသရဲတစ်ကောင် ကုပ်ခြစ် နေသကဲ့သို့ ပို၍ချောက်ချားနေစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရံဖန် မည်သည့်နေရာကနေ လေပြေကြမ်းနှင့်အတူ လွင့်ပါလာသည် မှန်းမသိရသော ခွေးအူသံတွေကလည်း ကန်ကြီးကုန်းသုသာန်၏ သဘာဝ သရုပ်ကို ပို၍ပီပြင်ထင်ရှားနေစေသည်။

"အူ ... အူ ... အူ"

ဆွဲဆွဲငင်ငင် အူမြည်နေသော ခွေးအူသံသည် ရံဖန်တိုးတိမ်ကာ ပျောက်သွားလိုက် _ ရံဖန် တစ်ချက် တစ်ချက်ပျောက်သွားလိုက်ဖြင့် ညကို အသက်ဝင်နေစေ၏။ ယင်းအချိန်မှာပင် သေချာကြည့်ရမည်ဆိုပါက သုသာန် မြေတွင်းရှိ ဝါးပင်များအောက်တွင် မပီမသ လှုပ်ရှားနေသော အရိပ်သဏ္ဌာန် တစ်ခုအား တွေ့ရှိရသည်။

ယင်းအရိပ်သဏ္ဌာန်အား ညသည့် မိုက်မှောင်နေသည်ဆိုသော်ငြား မလင်းတစ်လင်း လင်းနေကြသည့် ကြယ်ပွင့်အစအနလေးများကြောင့် မပီဝိုး တဝါးလေးသာ မြင်နေရခြင်းဖြစ်လေသည်။ အရိပ်သဏ္ဌာန်သည် အမည်းရောင် ဝတ်စုံကြီးအား ဝတ်ရုံထားသဖြင့် လေပြည်အဝေ့၌ အနက်ရောင်ဝိညာဉ်တစ္ဆေ သရဲ နာနာဘာဝကြီးအလား ထင်မှတ်ရလေ၏။

သုသာန်တစ်စပြင်ဟူသည်မှာ မကောင်းဆိုးဝါး နာနာဘာဝဝိညာဉ် များသာ ပျော်ပါးမြူးထူး ကျက်စားရာ နေရာဌာနတစ်ခုပင် မဟုတ်ပါလား။ ယခုနယ် ညဉ့်နက်အချိန် မဆိုထားနှင့် နေ့လည်နေခင်းများပင် လူသူကင်းမဲ့ လွန်းလှသည့်နေရာ ...

ယခုမူ ထူးဆန်းလှစွာ အနက်ရောင်အရိပ်ကြီးတစ်ခုက ဟိုသည်လှုပ် ရှားရင်း သုသာန်တွင်းသို့ တရွေ့ရွေ့လှမ်းဝင်လာသည်။ သိပ်မကြာခင် ယင်း အနက်ရောင်အရိပ်သဏ္ဌာန်ကြီးသည် ယိုယွင်းပျက်စီးနေစ အုတ်ဂူပျက်ကြီးတစ်ခု နား မားမားကြီးရပ်လိုက်လေသည်။

ထိုအခါ မလတ်တလက်ကြယ်ရောင် မှုန်တိမှုန်မွှားအောက်၌ ယင်း အရိပ်မည်းမည်းကြီး၏ လက်တွင်း၌ အထုပ်သဏ္ဌာန်အရာဝတ္ထုတစ်ခု ကိုင်ဆောင် လာသည်ကို တွေ့ရ၏။ အရိပ်မည်းကြီးသည် ယင်းအထုပ်ကလေးအား အသေ အချာငုံ့ကြည့်နေပြီးမှ တစ်စုံတရာ ဆုံးဖြတ်လိုက်သလို အုတ်ဂူပျက်တွင်းသို့ ထည့်လိုက်၏။

"အူ ... အူ ... အူ ... "

ခွေးအူသံတွေက ဆူညံစွာထွက်ပေါ်လာလေသည်။ ချောက်ချား



www.burmeseclassic.com

www.burmeseclassic.com



ယ်ရာခွေးများ၏အူသံကြောင့် အနက်ရောင်အရိပ်သဏ္ဌာန်သည် ဆတ်ခနဲ ုပ်ရှားသွားကာ ယင်းနေရာကနေ အလျင်အမြန်သွက်လက်စွာ ဝိညာဉ်၏ ရိပ်ပမာ လွင့်မျောသွားလေတော့သည်။ တစပြင် အနက်ရောင်အရိပ်ကြီးသည် ုသာ်နဝတွင်ပျောက်ကွယ်သွားလေတော့၏။

ထိုအချိန်မှာပင် စောစောက ယင်းအနက်ရောင်အရိပ်သဏ္ဌာန်ကြီး ်နေခဲ့ရာနေရာသို့ အရိပ်သဏ္ဌာန်တစ်ခုသည် ဖြည်းညင်းစွာ ရွေ့လျားလာလေ ည်။ အရိပ်သဏ္ဌာန်မှာ လူသားအစစ်တစ်ယောက်ပေပဲလား ... သုသာန် ွင် မကျွတ်မလွတ်ဘဲ မှီတင်းနေထိုင်ကြသည့် ပရလောကသား နာနာဘာဝ ွေသရဲတစ်ကောင်ပေပဲလား မခွဲခြားနိုင်လောက်အောင်ပင် ဆံပင်ကြီးမှာ းလျားကြီးပြန့်ကျဲနေ၏။ ကြယ်ရောင်ဝိုးတဝါး မပီမသအောက်၌ ဖျတ်ခနဲ င်တွေ့ရသော မျက်နှာကြီးမှာလည်း ကြောက်မက်ဖွယ်ရာကောင်းအောင်ပင် ကျည်းတန်လှန်းနေ၏။

ယင်း တစ္ဆေသရဲမသည် အုတ်ဂူပျက်ကြီးတွင်းသို့ ငုံ့ကြည့်လိုက်ပြီး ်ချင်းပင် အထုပ်တစ်ခုအား ကောက်ယူလိုက်သည်။ ပြီးနောက် ယူ၍လာခဲ့ လမ်းလေးအတိုင်း ပြိုပျက်နေသည့် အုတ်ဂူအကျိုးအပဲ့ကြား မြေပုံမှတ်တိုင် ကြား ဝိညာဉ်အရိပ်တစ်ခုပမာ လှစ်ခနဲ ဖျတ်ခနဲ ပျောက်ကွယ်သွားလေ ာ့သည်။

သုသာန်တစပြင်သည် နဂိုမူလအတိုင်းပင် မကောင်းဆိုးဝါး နာနာဘာဝ လောကသားများ ညည်းတွားသံလို ရယ်မောသံရိုလို အသံများဖြင့် လွှမ်းခြုံ ဆဲ ...

"အူ ... အူ ... အူ ..."

"ဂစ် ... "

ခွေးအူသံသည် ညဉ့်ငှက်အော်မြည်သံသည် ပေါ်ထွက်နေဆဲ ...

✤

www.burmeseclassic.com

www.burmeseclassic.com

## ရွာချဉ်ပတ်

"ဟော့ ... "

"မင်းဒင်တဲ့ကွ ... တစ်ဒင်ပဲရှိတယ် ... ထိန်တောရွာမှာ မင်းဒင်နဲ့ ယှဉ်ပြီး မိုက်ဝံ့မိုက်ရဲတဲ့သူရှိရင် ထွက်ခဲ့ ... မင်းဒင်မှာ ကြောက်မွေးပါရင် ဓာဂနာနဲ့ ရှုတ်ပစ်မယ်ဟော့ ... "

အသံကြီးက ရွာထိပ်ကနေ ဟိန်းထွက်လာသဖြင့် ရွာလမ်းမပေါ် ဆော့ကစားနေကြသည့် ကလေးငယ်တချို့ ကြောက်လန့်တကြား အိမ်ခြံဝိုင်းများတွင်းသို့ ပြေးဝင်သွားကြလေသည်။ အချိန်က ညနေ နွားရိုင်းသွင်းချိန် နေဝင်ရီတရောအချိန်ဖြစ်လေသည်။ ရွာတွင်းရှိ ခြံဝိုင်းအချို့မှာ လူစုံစပြုနေလေပြီ။ စောစောက ဟိန်းထွက်လာသောအသံမှာ ထိန်တောရွာသူကြီးသား မင်းဒင်၏အသံမှန်း ရွာရှိကလေးများပင်သိကြ၏။ မင်းဒင်၏အသံဆိုလျှင် ကလေးများသာမက ခွေးများပါ ကြောက်ရွံ့ကြလေသည်။ "ဝုတ် ... ဝုတ်"

"အံမယ် ... ကြည့်စမ်း ... ဟော့၊ အဲဒီခွေး ဘယ်ခြံကခွေးလဲကွ၊ ငါ့ကိုပမာမခန့်နဲ့ ဓားစာမိချင်လို့ထင်တယ် ... ရွာထိပ်ထန်းတောက ဖိုးပြူးဆိုင်မှာ အမြည်းဖြစ်သွားမယ်အေ့ ... ကဲကွာ ... "

"ပြောင်း ... "

"ဂိန် ... အိုင် ... အိုင် ... "

"ဟော့ ... ဘမောင် ... ဘမောင် ... "

"ဗျာ ... ဘာ ... ဘာဖြစ်လို့လဲ ... ကိုကြီးဒင်"



www.burmeseclassic.com

www.burmeseclassic.com



မင်းဒင်ထံမှ မိုးခြိမ်းမတတ်အသံကြီးကြောင့် ဘမောင် ခြံနောက်ဘက်ကနေ ကမန်းကတန်း အပြေးလှမ်းထွက်လာကာ မင်းဒင်အား လေသံပြေပြေလေးဖြင့် မေးလိုက်၏။ ဘမောင်သည် မင်းဒင်ရေချိန်လွန်ကာ ရစ်တော့မည်မှန်း သိနေလေ၏။

"အေ့ … ခုန ငါ့ကိုစော်ကား မော်ကား ပြောင်တာ မင်းခွေးမတုတ်လား … ခွေးမွေးပြီး ခွေးမကြည့်တဲ့ကောင်"

"ပြောင်း … "

မင်းဒင်၏ လက်ပြန်ရိုက်ချက်သည်။ ဘမောင်အား ထိုင်သွားစေ၏။ ဘမောင်သည် မင်းဒင်မူးကာ ရစ်နေမှန်းသိသော်လည်း ဆယ်ရွာအုပ်သူကြီးသား ဟူသော အရှိန်အဝါကြောင့် ဘာမှပြန်မလုပ်ရဲရှာ …

"ဟေ့ကောင် … ကျေနပ်ရဲ့လားကွ … မကျေနပ်ရင်ပြော"

"ကျေ … ကျေနပ်ပါတယ်ဗျာ … "

"အေး … မင်းခွေးကို နောက်တစ်ခါ ငါထန်းတောကပြန်လာရင် ကြိုးနဲ့ချည်ထား ဒီတစ်ခါဆို ငါဂုက်ကြီးတောင်နဲ့ ပိုင်းပစ်မယ် … "

မင်းဒင် စိတ်ရှိသလောက် မကြားဝံ့မနာသာ ဆဲရေးကြိမ်းမောင်းသွားကာ ဘမောင်ခြံရှေ့ကနေ ဒယိမ်းဒယိုင်ဖြင့် ရွာလမ်းအတိုင်း လျှောက်လှမ်းသွားတော့၏။ ထိုစဉ် ဘမောင်၏ မိန်းမဖြစ်သူ ညိုပြာသည် အနီးသို့ ကမန်းကတန်းပြေးလွှားလာကာ …

"ကို … ကိုဘမောင် ဘာဖြစ်သွားသေးလဲ … "

"ဘာမှမဖြစ်ပါဘူးကွာ၊ တောက် သူကြီးသား ဖြစ်နေလို့ပေါ့ကွာ"

"ဘာလို့ ဘာမှမဖြစ်ရတာလဲ၊ ဒါသက်သက် ထန်ရည်မူးပြီး တမင်ရန်ရှာသွားတာရှင့် … ဒီထန်းရည်သမား အယုတ်တမာကောင် ရွာမှာရှိနေတာ မြေလေးတယ် … ဘယ်နေ့ ဘယ်သူ့ဓားချက်နဲ့ ဇာတ်ပြတ် မလဲမသိဘူး … မူးလည်း ကိုယ့်ဘာသာမူးပေါ့ … သူကြီးအရှိန်နဲ့ ဂျိုကြွနေတာတော့ ဟွန်း"

"ဟာ … ညိုပြာ ငါဘာမှမဖြစ်ပါဘူးဆို စကားနောက်တရားပါတော်ကြာ … သူ့ဘာသာသူ လူမှန်းမျှားလို့ အသတ်ခံရတောင် မင်းရဲ့စကားကြောင့် ငါစက်တိုင်တက်နေရပါဦးမယ်ကွာ … လာ … လာ"

"ခံပြင်းလွန်းလို့ပါတော် … ဒီလို လူမိုက်ဆန်ကုန်မြေလေး သေမှပဲ ရွာအေးချမ်းမှာ ခင်မွန်တို့ကိုလည်း … "



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ညိုပြာ၊ ဘာလို့ဒီအကြောင်းက ပါလာရတာလဲ၊ ကိုယ်နဲ့ မဆိုင်တာကွာ ... ကဲ လာလာ ... ဝင်ကြမယ်"

"ဘာလို့မဆိုင်ရမှာလဲရှင်၊ ခင်မှုန်ရော၊ မင်းမောင်ရော ကျွန်မရဲ့အချစ်ဆုံးသူငယ်ချင်းတွေ၊ ကျွန်မစိတ်ထဲကသိနေတယ်၊ ခင်မှုန်ကို အဖြစ်ဆိုးနဲ့ကြုံရတာ ဒီကောင်မစားရတဲ့အမဲ ဆားနဲ့ပက်တာနေမယ်ဟွန်း။ ကျက်သရေမရှိလို့ပေါ့ရှင်"

"တော်စမ်းပါဆိုကွာ ... မင်းကလည်း တမျောင့် ... ကဲ ... ထမင်းခူးချည်တော့ ... "

ဘမောင်သည် ညိုပြာ၏ပါးစပ်ပိတ်သွားစေရန် ရေပိတ်စကားပြောလိုက်လေသည်။ ညိုပြာသည် မင်းဒင်ဆိုလျှင် ဟိုတုန်းထဲက သိပ်ကြည့်ရသူမဟုတ်။ စောစောကလည်း သူမခြံထဲရောက်နေ၍ အကျယ်အကျယ်အငြိမ်းဖွယ်မဖြစ်လိုက်ခြင်းပင်။ ညိုပြာသည် သူနှင့်အိမ်ထောင်ကျခဲ့သော်လည်း ရွာကွမ်းတောင်ကိုင် အပျိုဘဝတုန်းက ဆတ်ဆတ်ထိမခံသည့်အကျင့်ကို မဖျောက်နိုင်သေးချေ။ ပြီးတော့ မင်းဒင်ကို မုန်းတီးနေသူလည်းဖြစ်သည်၊

ညိုပြာမှတင်မဟုတ်ပါချေ။ ထိန်တောတစ်ရွာလုံးရှိ မိန်းမယောကျ်ားမှန်သမျှ သူကြီးသား မင်းဒင်အား အနည်းနှင့်အများ ရွံရှာစက်ဆုပ်မုန်းတီးကြသူတွေချည်းပင်။ မင်းဒင်အား မဆက်ဆံ မခေါ်ပြောချင်ကြပါသော်လည်း မင်းဒင်၏ ဖခင် ဆယ်ရွာအုပ်သူကြီး၏ ဩဇာအာဏာစက်ကြောင့် အော်ကြောလန်သော်လည်း ဆက်ဆံနေရလေသည်။ မင်းဒင်သည် ရွာမှာ ကြက်တိုက်၊ ဖဲရိုက်၊ ထန်းရေမူးမကောင်းသည့် ကိစ္စမှန်သမျှ အကုန်မလုပ်တာမရှိ အဆိုးဝါးဆုံးကတော့ မိန်းမမှု ပွေရှုပ်ခြင်းပင် ဖြစ်သည်။ မင်းဒင် မိန်းမမှု ပွေရှုပ်ခြင်းကို ထိန်တောရွာတင်မက အနီးရှိ ရွာနီးချုပ်စပ်များဖြစ်သည့် ကရင်ချောင်းရွာ ရွှေသောင်မြေရွာများထိ သတင်းကြီးလေသည်။ ထိုစဉ် ...

"ဟဲ့ ... ညိုပြာ"

"ဘာတုန်း ... "

"ထမင်းခူးနေတာ ... မပြီးသေးဘူးလား လက်တောင်ပဲကြီးရေစိမ်ထွန့်တော့မယ် ... "

"ပြီးပြီတော်ရေ ... ဟို အကြောင်း သွားတွေးနေမိလို့ ဟွန်း ... "



www.burmeseclassic.com

www.burmeseclassic.com

## လောကဒုက္ခသည်များ

ညသည် လရောင်ရေးရေးလေး လင်းနေသည်။

ကန်ကြီးကုန်း သုသာန်သည် ထုံးစံအတိုင်း သစ်ပင်ကြီးများ ချောင်ပင်များ အုပ်ဆိုင်းလျှက် တိတ်ဆိတ်ငြိမ်သက်နေသည်။ အချိန်ကား လထွက်စပင်ရှိသေး၏။ တစ်ခါတရံတွင်မူ သုသာန်ဝင်းကြီးတွင်းရှိ သစ်ပင်ကြီးများထက်အိပ်စက်နေကြသော ဒီးဒုတ်ငှက်တစ်ကောင်တလေ အစာရှာထွက် ပျံသန်းသွက်ကြသံကိုသာ ကြားရ၏။

"ကွပ် ... ကီး ..."

လေကြမ်းများ တစ်ခါတရံ ဝေ့ရမ်းတိုက်ခိုက်လာသည့်အခါတွင် သစ်ပင်ရွက်ဖျားများ ဝါးရုံပင်ကြီးများ တကျွိကျွိ တဖြန်းဖြန်းအော်မြည်နေသံကသာ ချောက်ချားစဖွယ် ထွက်ပေါ်နေလေသည်။

ထိုအချိန်တွင် သုသာန်၏အစပ်ခြေလှမ်းလေးကတစ်ဆင့် သုသာန်၏နောက်ဘက်ရှိ ကုန်းမြင့်ကြီးတစ်ခုပေါ်သို့ အရိပ်မည်းမည်းကြီးတစ်ခုသည် ဖြည်းညင်းစွာသွားနေတာ မြင်တွေ့ရလေသည်။ ကန်ကြီးကုန်းသုသာန်သည် အရှေ့ဘက်တွင်သာ လူသေများမြှုပ်နှံသင်္ဂြိုဟ်ကျပါသော်လည်း အနောက်ဘက်ကုန်းမှာအခြေဖြင့် နီးကပ်နေခြင်း၊ သစ်ကြီးဝါးကြီးများ ပိုမိုထူထပ်စွာပေါက်ရောက်နေသည့်အပြင် မည်သည့်ခေတ်ကာလခန့်လောက်က တည်ထားခဲ့သည်မသိရသော စေတီပျက် ငှက်ဖိုလေးတစ်ခုကလည်း ရှိနေသည်မို့လည်း လူသူအသွား

www.burmeseclassic.com



အလာမလုပ်ကြပေ။ ရှေးမီနောက်မီ ရွာတွင်းရှိ လူကြီးသူမများ ပြောစကားအရ ဆိုလျှင် ရှေးက ဟံသာဝတီ ဘုရင်မကြီးတစ်ပါး စစ်ဘေးဒဏ်ပုန်းရှောင်လာရင်း တည်သွားခဲ့သော စေတီများစွာထဲက တစ်ဆူဖြစ်ပေသည်ဟု ဆိုကြ၏။

တစ်ဖန် ယင်းနေရာသည် သုသာန်စပ်တွင် တည်ရှိနေသကဲ့သို့ ဆိတ်ကုန်းလိုလို ကြက်ကုန်းလိုလို အစဉ်အဆက်ပြောဆိုလာခဲ့၍လည်း မည်သူမျှ အနားမသီရဲသော နေရာတစ်ခုပင်ဖြစ်၏။ အချို့ကလည်း ယင်းအောက်၌ ဂူပျက်ကြီးတစ်ခုရှိပြီး ယင်းမြေဂူကြီးအတွင်းကနေ ပင်လယ်ထဲထိ ဥမင်ပေါက်သည်ဟုလည်းကောင်း ...

ရွာအနီးတဝိုက်၌ လူအများကြောက်ရွံ့ကြသော ရေပေါ်ကျွန်းကြီးဆီလည်း သွားရောက်၍ ရသည်ဟု ပြောသူတွေက ပြောဆိုကြလေသည်။ ဟုတ်မဟုတ်တော့ မည်သူမျှ တပ်အပ်သေချာမပြောနိုင်ကြပါချေ။

အရိပ်မည်းမည်းကြီးသည် ယင်းစေတီပျက် အုတ်ပုံလေးရှိရာ ကုန်းကြီးပေါ်သို့ တက်ရောက်ပျောက်ကွယ်သွားလေတော့သည်။ သိပ်မကြာခင် အရိပ်မည်းမည်းကြီးသည် စေတီပျက်လေးအောက်ဘက်ရှိ သစ်ပင်ချုံနွယ်များကြားမှ မြေဂူကြီးတစ်ခုတွင်းသို့ လှမ်းဝင်သွား၏။

မြေဂူကြီးသည် အတော်အသင့်ကျယ်ဝန်းပြီး အပေါ်ဘက်မှသစ်ပင်ချုံနွယ်ကြီးများထူထပ်စွာ အုပ်ဆိုင်းနေသဖြင့်လည်း တောရုံတန်ရုံ ထင်းခုတ်ဝါးခုတ်သူများပင် မသိမမြင်နိုင်ပေ။ ဂူကြီးတွင်း၌ ရေနံမှန်အိမ်လေးသည် မှိန်ပျပျလေးလင်းနေ၏။ မြေဂူကြီးတွင်း၌ အရိပ်သဏ္ဍာန်တစ်ခုသည် ထိုင်နေရာက ဝင်ရောက်လာသည့် အရိပ်မည်းကြီးအား တွေ့မြင်လိုက်ရလျှင် ...

မျက်နှာ၌ ဝမ်းသာအယ်လဲ အရိပ်ပေါ်သွားလေသည်။ အရိပ်မည်းကြီးသည် ဂူကြီးအတွင်းရှိ အရိပ်သဏ္ဍာန်လေးဆီသို့ ဦးတည်လျှောက်သွားလိုက်လေသည်။ အရိပ်သဏ္ဍာန်လေး၏ နဘေးတွင် ပိတ်စလေးနှင့်ထွေးပိုက်ထားသော အရာလေးအား ချစ်ခင်မြတ်နိုးဟန်ဖြင့် စူးစိုက်ကြည့်နေ၍ အရိပ်မည်းကြီးသည် ပင့်သက်တစ်ခုအား လေးလံစွာ ချလိုက်မိလေ၏။

"အင်း ... သမုဒယဆိုတာ တယ်လည်းကြောက်မက်ဖွယ်ကွင်း ငြိတတ်ပါလား _ ဒုက္ခသင့်နေတဲ့ ဒုက္ခသည်က နောက်ထပ်ဒုက္ခသည်တစ်ဦးကို ကယ်တင်တာပါလား ... အင်း ... မေတ္တာ ... မေတ္တာ ..."

အရိပ်မည်းကြီးသည် သူ၏ပခုံး၌လွယ်ပိုးထားသည့် အဝတ်အိတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တွင်းမှ စားသောက်စရာအချို့နှင့် သီးနှံများကိုထုတ်ယူကာ မိန်းကလေးထံ ပေးလိုက်သည်။ မိန်းကလေးသည် စားသောက်စရာများကို ဆာလောင်မွတ်သိပ် နေဟန်ဖြင့် လှမ်းယူလိုက်လေသည်။ ပြီးလျှင် စားစရာအနည်းငယ်အားယူကာ အဝတ်အိတ်တွင်းရှိ တစ်နှစ်သားရွယ်ခန့်ရှိ ကလေးငယ်အားကျွေးမည်ဟန်ပြု သည်။

အရိပ်မည်းကြီးက ...

"မြေးလေး ကျည်းတန်ရယ် ... ငါ့မြေးရဲ့မောင်လေးက ငယ်ငယ် လေးရှိသေးတဲ့ဥစ္စာ ... ဒါတွေ သူဘယ်စားတတ်မလဲ၊ အဘာသူ့အတွက် ယူလာ ပါတယ်ကွယ့်"

"ရော့ ... ရော့ ... "

"အ ... ဘ ... "

အသက်ဆယ့်သုံးနှစ်ခန့်ရှိ မိန်းကလေးသည် နှုတ်ဖျားကနေ မပီမသ ပြောလျက် ဝမ်းသာသည့်အမူအရာဖြင့် လူကြီးလှမ်းပေးသည့် နို့ဘူးအား လှမ်း ယူလိုက်လေသည်။ ပြီးလျှင် ကလေးငယ်လေးအား တိုက်လိုက်၏။ ကလေးငယ် လေးသည် ခြေကားရား လက်ကားရားဖြင့် အလင်းပျပျအောက်၌ တပြွတ်ပြွတ် သောက်စို့နေသည်ကို ကြည်နူးစွာ ကြည့်နေလေသည်။

ကပ္ပိယကြီး ကြာယုံသည် မကျည်းတန်ဖြင့် ယင်းကလေးငယ်အား ကြည့်ကာ ပင့်သက်အား ရှိုက်မိလိုက်လေသည်။ သူ၏မြေးရင်းကဲ့သို့ ချစ်ခင် တွယ်တာရသော မကျည်းတန်အကြောင်း တွေးမိပါသည်။ မကျည်းတန်နှင့် ကပ္ပိယကြီးတို့ရွာကိုစွန့်ခွာခဲ့တာပင် သုံးနှစ်ကျော်ခန့်ရှိလာလေပြီ။ ကပ္ပိယကြီး ကြာယုံသည် ယခုအခါ ကပ္ပိယကြာယုံမဟုတ်တော့ ရသေ့ယောဂီ ဘဝသို့ကူး ပြောင်းလိုက်ပြီး ရသေ့ကြီး ဦးကြာယုံဘဝသို့ ရောက်ရှိနေလေပြီ။

ရသေ့ကြီး ဦးကြာယုံနှင့် မကျည်းတန်တို့အတွက် ဤနေရာသည် အန္တရာယ်ကင်း လုံခြုံစိတ်ချရသော နေရာလေးပင်ဖြစ်သည်။ သုသာန်တစပြင် ဖြစ်နေ၍လည်း တစ်ခါတရံ ထင်းခုတ်ဝါးခုတ်သူမှလွဲ၍ ကျွဲ၊ နွား လူသူကင်းမဲ့ သည့်နေရာဖြစ်သည်။ ရသေ့ကြီး ဦးကြာယုံအတွက်လည်း သူကျင့်ကြံနေသည့် အသုဘ ကမ္မဋ္ဌာန်းကျင့်ဆောင်ရာလည်း အဆင်ပြေ၏။

ရသေ့ကြီးသည် ရွာတွင် မကျည်းတန်၏အပေါ် မဟုတ်မမှတ် အထင် မှားလွဲမှုများကာ တရားသေ အစွဲအလမ်းကြီးလွန်းသောလူသားများအပေါ် အတော်



www.burmeseclassic.com

www.burmeseclassic.com



ပင် စိတ်ကုန်သွားခဲ့လေသည်။ ထို့ကြောင့် ရွာကနေ ညတွင်းချင်း မွေးစားမြေးမလေးဖြစ်သည့် မကျည်းတန်၏လက်ကိုဆွဲကာ နေရာအနှံ့လျှောက်လှည့်လာရာမှ နောက်ဆုံး ဤကန်ကြီးကုန်းသုသာန်သို့ ပြန်လည်ရောက်ရှိလာခြင်းပင်ဖြစ်သည်။

သူတို့ရောက်ရှိရာနေရာဒေသတွင်လည်း မြေးမလေးမကျည်းတန်၏ဆိုးရွားလှသော ရုပ်ရည်ရူပကာကိုမြင်သူတိုင်းသည် အပြောအဆို အဆက်အဆံမပြုလုပ်ဝံ့ကြချေ။ ကွယ်ရာရောက်ရာ၌လည်း အမျိုးမျိုးသော ကဲ့ရဲ့ပြစ်တင်ဝေဖန်ကြသည်။ ကြာတော့ ရသေ့ကြီးပင်လျှင် မေတ္တာကရုဏာတရား ကြီးမားလှပါသည်ဆိုသော လူတွေကိုရွံရှာစက်ဆုပ်လာမိတော့သည်။

မကျည်းတန်၏ ကြီးမားဆိုးရွားလှသော ဘဝကုသိုလ်ကံပင် ဖြစ်၏။

နောက်ဆုံး ရသေ့ကြီးကြာယုံသည့် ဤကန်ကြီးကုန်းသုသာန်ကိုသာ ရွေးချယ်လေတော့သည်။ ဤသည်မှာလည်း အကြောင်းရှိပေသည်။ ဒါကို မည်သူမျှ မရိပ်မိ မသိရှိကြပါပေ။ ယခုလည်း ကြည့်။ လူလောက လူ့အသိုင်းအဝိုင်း ဧရိယာအတွင်းမှ ငယ်စဉ်ကပင် အပယ်ခံ အကြဉ်ခံ ဖြစ်ခဲ့ရရှာသော အဲဒီ မိန်းကလေးသည် သူ၏ဘဝနှင့် ကိုယ်ချင်းစာလျက် သုသာန်တစပြင်ထဲ မည်သူမည်ဝါ လာရောက်စွန့်ပစ်ခဲ့သည်မသိရသော ကလေးငယ်တစ်ယောက်အား ကောက်ယူလာလေသည်။

ဓာတ်တူနံ့တူ ဆေးဖက်ယူသည်ဟုလည်း ဆိုရလေမလား ...ဂေါဏနပုလားမသိတော့ပါချေ။ မကျည်းတန် ကန်ကြီးကုန်းသုသာန်တွင်းမှ ကောက်ယူလာသော ကလေးငယ်သည် ယောကျ်ားလေးတစ်ဦး ဖြစ်ပါသော်လည်း ပီဘီလူသားစင်စစ်ဟူ၍ ကျိန်တွယ်ပြောဆိုရမလောက်ပင် အရုပ်ဆိုးလွန်းလှ၏။

သာမန်ပကတိ တွေ့မြင်လိုက်ရသူ မကောင်းဆိုးဝါး နာနာဘာဝတစ္ဆေမှင်စာလေးတစ်ကောင်ဟု ထင်မှတ်ပြီး လန့်ဖျန့်ထွက်ပြေးကြလေသည်မှာ အမှန်ပင်။ ကလေးငယ်သည် ညိုတုတ်တုတ်လေးဖြစ်သော်လည်း မျက်လုံးနှစ်လုံးသည် ဒေါင်းငယ်ကျဉ်းမြောင်းပြီး စွေစောင်း၍နေ၏။ နဖူးပြင်စေ့မှာလည်း ကျောက်ခဲငယ်ပမာလည်း အသားပိုဘုကြီးကြီးလည်း ရှိနေသည်။

ယင်းအပြင် အဆိုးရွားဆုံးမှာ ကလေးငယ်နှင့်မလိုက်ဖက်စွာ ရှိနေသည့်ကြီးမားပြီး တွဲ၍ကျနေသော နှုတ်ခမ်းကြီးများပင်ဖြစ်၏။ လက်နှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သိမ်ကွေးနေသယောင်ထင်ရသည်။ ပြောရလျှင် လူသားတစ်ဦးထက် တစ္ဆေမှင်စာမကောင်းဆိုးရွားလေးဟုပင် ထင်မြင်စရာရှိလေသည်။

မကျည်းတန်သည် သူနှင့်ဘဝတူ ကလေးငယ်လေးဖြစ်၍ သွေးသားရင်းချာမရှိသည့် သူ့ဘဝအတွက် မောင်အရင်းပမာခင်တွယ်တာနေခြင်းဖြစ်သည်။ ရသေ့ကြီး ဦးကြာယုံကမူ တစ်ပတ်လျှင် သုံးလေးရက်ခန့် အနီးဝန်းကျင်ရွာများသို့ လှည့်လည်၍ အလှူခံရရှိ၍ စားသောက်စရာ အခက်အခဲ သိပ်မရှိလှပါ။

သို့သော် … ကန်ကြီးကုန်းသုသာန်သို့ လာရောက်ချိန်၌ စားသောက်ရေးအတွက် တစ်ခါတရံ အသုဘလာရောက် မြေမြှုပ်သင်္ဂြိုဟ်သည်များမှနေ၍ ခါစာ … စားမြိန်ထုပ်များကိုပင် မကျည်းတန်သည် သွားရောက်ယူငင်၍ စားသောက်ခဲ့ရသေးသည်။ နောက်တော့ ရသေ့ကြီးဦးကြာယုံသည် ခွင့်မပြုချေ။

သူ … ရွာစဉ်လှည့်လည်၍ အလှူခံရရှိလာသော ရိက္ခာပစ္စည်းများသည် မကျည်းတန်နှင့် ရသေ့ကြီးတို့ တစ်ပတ်ဆယ်ရက်စားသောက်ရန် ဖူလုံလေသည်။ မြေဂူကြီးထဲတွင် ရသေ့ကြီးသည် အိုးခွက်ပန်းကန်များကိုလည်း အသင့်ထားရှိသည်။ ရသေ့ကြီး အတွေးစဖြတ်၍ မကျည်းတန်လေးအားကြည့်ရှုမိရာ စားသောက်ပြီးစီး၍ ဝမ်းပြည့်သွားဟန်ဖြင့် ကွေးကွေးကလေး အိပ်စက်သွားလေပြီ။

ရသေ့ကြီးသည် ထိုင်ရာကနေ ထလိုက်၏။ အချိန်ကအတော်လင့်နေပြီဖြစ်သည်။ မကျည်းတန်ရှိရာ တစ်ချက်လှမ်းကြည့်ပြီးလျှင် ရသေ့ကြီးသည် မြေဂူကြီးတွင်းရှိ ဥမင်လိုဏ်ခေါင်းသဖွယ် တည်ရှိနေသော ဥမင်ပေါက်ဝတွင်းသို့ ဆုမ်းဝင်သွားလေတော့၏။

✤



www.burmeseclassic.com

www.burmeseclassic.com

## အနာခေါ် ကျသည့်ဆေး

နေက အနောက်ဘက်တောင်တန်းတွေပေါ် မေးတင်စပြုနေလေပြီ။

ထိန့်တောရွာထိပ် ထန်းတောထဲ၌ ထုံးစံအတိုင်း နွားရိုင်းသွင်းချိန်ဖြစ်၍ အရက်နှင့်စည်းစိမ်ခံသူအချို့လည်း ထန်းပင်အောက်၌ ရောက်ရှိနေကြ၏။ ယင်းအထဲတွင် ထုံးစံအတိုင်း မပျက်မကွက်ရောက်ရှိနေသူကား သူကြီးသား မင်းဒင်တို့ပင်ဖြစ်သည်။ မင်းဒင်တို့ လူစုသည် အစွန်ဆုံးထန်းပင်အောက်၌ သောက်စားနေကြသည်။

"ဟေ့ကောင် ... ဖိုးထိန်"

"ဘာလဲ မင်းဒင် ... ပြောလေကွာ ... "

"မနက်ဖြန် ကရင်ချောင်းဘက်မှာ ဝိုင်းကောင်းတယ်ကွ ... ကရင်ချောင်းက နာမည်ကြီးတဲ့ရွှေနီနဲ့ ဘေးရွာက မဟာတို့ တိုက်ကြမှာ ကြေးလည်း ကြီးတယ်ကွ ... "

"အေး ... သွားကြတာပေါ့ ... ငါ မနက်ရွာက လာခဲ့မယ်လေ၊ ငွေလည်း ပိုယူလာမယ် ... ဒါမှ အားရပါးရကစားရမှာ ... "

"ဟာ ... ဖိုးပြူး နောက်တစ်မှုထပ်ပေးဦးဟေ့၊ ငါတို့မဝသေးဘူး"

မကြာမီ ဖိုးပြူးသည် ထန်းရည်တစ်မှု လာချပေးသည်။ ဖိုးထိန်က

"သောက်ကြကွာ ... ဒီတစ်မှုကုန်ရင်တော့ ငါပြန်မယ်"

"ဘာလဲကွ ... ဖိုးထိန်ရ မင်းကကြော့မကြော့ ထိုက်မချလို့လား ...



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှ မရှိဘဲကွာ … မင်းမယားကြော့မေလို ဘုတ်ဝိုင်းကြီးကိုလည်း ရွာက ဘယ်ကောင်မှ အချောင်မနိုက်ပါဘူးကွ … ဟဲ … ဟဲ … ”

“ဟော့ကောင် … ပေတူး”

“မင်းပြောတဲ့စကားက ကြော့မေက အမြှုမလိုဖြစ်နေပြီ ဒီကောင် ဖိုးထိန်မှာ သားတစ်ယောက်ရှိပါတယ်ကွ … အဟီး”

“ဘာလဲ … ဖိုးထိန်”

“မင်းမိန်းမ တစ်ခါမွေးတဲ့ တစ္ဆေသရဲ မှင်စာလေးလား”

“ဟား … ဟား … ”

မင်းဒင်ကပါ ဝင်ရောက်၍ ရယ်မောပြောဆိုလိုက်၍ ဖိုးထိန်မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

“ဟာ … ဟော့ကောင်တွေ မင်း … မင်းတို့ အဲဒီအကြောင်းတော့ မပြောကြနဲ့ကွာ … ”

“ဘာဖြစ်လို့လဲ … မင်းမိန်းမ ကြော့မေ ကြားသွားမှာစိုးလို့လား”

မင်းဒင်က ထပ်မံရယ်မောရင်း ပြောလိုက်လေသည်။ ဖိုးထိန်သည် ထန်းရည်ခွက်အား ဂွပ်ခနဲ မော့သောက်လိုက်ရင်း …

“ကြားမှာစိုးဆို၊ အဲဒီကိစ္စ ကြော့မေ ခုထိမရိပ်မိသေးဘူးကွ … သိသွားရင်တော့ ငါ့ကိုခွင့်လွှတ်မှာ မဟုတ်ဘူး။ ငါကလည်း မင်းဒင်အကြံပေးလို့ သာလုပ်လိုက်ရတာ စိတ်ထဲမှာတော့ … ”

“ဟော့ကောင် … ဖိုးထိန် … အေ့ … ”

“ဒီမှာ ငါက ရပ်အကျိုး ရွာအကျိုးရော မင်းတို့လင်မယား ရာသက် ပန်ပေါင်းရအောင် ကောင်းတဲ့အကြံပေးတာ၊ မင်းက ငါ့ကိုအပြစ်တင်ချင်နေတာ လား … မင်းက တစ္ဆေသရဲမွေးတာကိုးကွ … ”

“ဘာ … မ … မဟုတ်ပါဘူး မင်းဒင်ရာ … ဒီအကြောင်းတစ်ခါ တလေ ငါပြန်တွေးမိတိုင်း စိတ်ထဲမကောင်းဖြစ်မိလို့ပါ … ”

ဖိုးထိန်သည် ထိုစကားကိုတော့ အမှန်တကယ်ပင် ထန်းရည်မူးနေ ခြင်း မဟုတ်ဘဲ၊ စိတ်ရင်းထဲရှိသည့်အတိုင်း ပြောမိခြင်းဖြစ်သည်။ အတော ကြာတော့ ကြာလှပါပြီ။ သို့သော် …

ထိုအကြောင်းကိုပြန်တွေးတိုင်း ဖိုးထိန် တစ်ခါတရံ စိတ်မကောင်းဖြစ် မိသည်။ မိခင်ဖြစ်သူ ကြော့မေလည်း ထိုအကြောင်းကိုသိပါက သွေးအားနည်းသို့



www.burmeseclassic.com

www.burmeseclassic.com



မျှ ခွင့်လွှတ်မည်မဟုတ်မှန်း ဖိုးထိန်သိပါ၏။ သူ့အဖြစ်က မူးမူးဖြင့် ကမ္ဘာမီးလောင် သားကောင်ချနင်းခဲ့ရသည့်အဖြစ် ...

"ဟော့ကောင် ... ဘာမှစိတ်မကောင်းဖြစ်မနေနဲ့ သားသမီးဆိုတာ မိန်းမရှိရင် မွေးလို့ရတာချည်းပဲ၊ ငါက မင်းတို့လင်မယား ဒုက္ခရောက်မှာစိုးလို့ စွန့်ပစ်ခိုင်းတာကွ သိရဲ့လား ..."

"မင်းဒင်ပြောတာ ဟုတ်တယ်ကွ ဖိုးထိန်ရ ... ဖါးဆိုကြည့် သုံးယောက် ရှိနေပြီ မင်းဒင်ဆိုလည်းတစ်ရွာတစ်ကျိုမကဘူး သုံးလေးကျိုးဆောက်နေတာ သူနဲ့ပတ်သက်တဲ့ မိန်းမတွေသာ ကလေးယူရင် ရွာတစ်ရွာတည်လို့ရနေပြီ"

"ဟဲ ... ဟဲ ..."

"ဟုတ်တယ် ... ဟုတ်တယ်"

ဘထက်ကပါ ပေတူးစကားကိုဝင်ပြောသည်။ ဘထက်ပြောသလို မင်းဒင်သည် ကမ္ဘာပေါ်မှာရှိသမျှ မိန်းမတွေသည် သူ့အတွက်မွေးဖွားလာသလား ထင်မှတ်ရအောင် ထိုကိစ္စဖြင့် ပတ်သက်လျှင် လက်မနှေးပေ။ မင်းဒင်ရောက်ရှိသည့် ရွာနီးချုပ်စပ်တိုင်းတွင် မင်းဒင်ခြေတော်တင် မငြိစွန်းဘူးသော မိန်းမဟူ၍ မရှိချေ။ မင်းဒင်သည် မဆိုလျှင် ပျိုပျိုအိုအို မရှောင်သူဖြစ်သည်။

ဘဝကုသိုလ်အရ အကျင့်ဆိုးနှင့်မတန်စွာ ရုပ်ရည်ကယောက်ျားပီသ ချောမောသည့်အပြင် သူကြီးသား ငွေကိုရေလိုဖြုန်းနိုင်သူ လက်ညှိုးညွှန်ရာ ခြေဖြစ်သူဟူသော ဂုဏ်ပုဒ်ကလည်း ကျားကိုအတောင်ရော ချိုပါ တပ်ပေးထားသည်နှယ် ...

"မင်းဒင်က လိုတာရတယ်ဆိုပေမယ့် မင်းဒင်ဘဝမှာ မရခဲ့တာရှိပါတယ်ကွာ ... ဟဲဟဲ ... ခင်မှုန်လေ ခင်မှုန် ... မင်းဒင်တစ်ယောက် အပွဲပွဲနွှဲလာသမျှ ခင်မှုန်နဲ့ကျမှ နုပ်ပစ်ခံရတာကွ ..."

"ဟော့ကောင် ပေတူး ... မင်း ပါးစပ်ပိတ်စမ်း ..."

"အဟဲ ... ဘာလဲ မင်းဒင်ရ ငါကမှန်တာပြောတဲ့ဥစ္စာ ... ဘာလဲ မင်းက အနာပေါ်တုတ်ကျသွားလို့လား ... ဟား ... ဟား"

"ဘာကွ ... ကျဦးကွာ ... ကျဦး ... ကဲ ..."

"ဝုန်း"

"ခွပ်"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဒင် ... မလုပ်နဲ့ ... မလုပ်နဲ့"

ခုနငြိမ်သက်နေသည့် ထန်းရည်ဝိုင်းသည် ချက်ချင်း ဝရုန်းသုန်းကား ဖြစ်သွားလေသည်။ ထန်းပင်ခြေရင်း မြေပြင်တွင် ပေတူးသည် မင်းဒင်၏ လက်သီးချက်ကြောင့် လဲပြိုကျနေသည်။ မင်းဒင်သည် မျက်နှာကြီးနီရဲနေလေသည်။

ပေတူးသည် မင်းဒင်၏ တစောက်ကန်းဒေါသကို သိထားသူပီပီ–

"ဟာ ... မင်းဒင်ရာ ငါကနောက်တာပါကွာ ... မင်းကတကယ် ထိုးတာကိုးကွ ... "

"ဟေ့ကောင် ပေတူး ... ငါ့ကို ခင်မွန်နဲ့ပတ်သက်လို့ နောက် ဘယ်တော့မှ မနောက်နဲ့၊ ငါ ဒီကောင်မနာမည်လည်း မကြားချင်ဘူး ... တောက်"

ဖိုးထိန်ရော ဘထက်ပါ ဝင်ရောက်ပြောဆို၍ မင်းဒင် ထန်းရည်ဝိုင်း တနေ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

"ကောင်းတယ် ... မင်းက တကယ့်မီးခဲကိုမှ တတ်ဆီသွားဖြန်းတာ ကိုး ပေ တူးရ ... မင်းဒင်ရှေ့မှာ ခင်မွန်အကြောင်း တစ်စွန်းတစ်စတောင် ပြောလို့မရဘူးဆိုတာ မင်းမေ့သွားတာကိုးကွ ... "

"ငါကလဲ ဒီကောင် ဒီလောက်နှစ်တွေကြာတော့ ခင်မွန်ကို မေ့လောက်ပြီထင်လို့ပါကွာ ... နောက်ပြီး ခင်မွန်ကဖြင့် သေလို့ အရိုးဆွေးနေပြီ"

"မင်းကလဲ ပေတူးရာ မင်းဒင်က မိန်းမရှုပ်ချင်လို့သာရှုပ်သာ ခင်မွန် ကိုကျတော့ သူတကယ်ချစ်နှစ်ကာကာချစ်တာကွ ... အဲဒီမှာ ခင်မွန်က သူ့ရဲ့ မေတ္တာကို လက်မခံဘဲ ဆားကုန်သည်မင်းမောင်ကို ယူသွားလို့ အဲဒီတုန်းက ဒီကောင် ယမ်းပုံမီးကျ ဒေါသဖြစ်တာပေါ့ကွ ... မင်းဒင်ကို လျော့မတွက်နဲ့ ဟေ့ကောင် ... ဒီကောင်က အချစ်ကြီးရင် အမျက်ကြီးတယ်ဆိုတဲ့ လူစားမျိုး အငြိုးအတေးကလည်း ကြီးတယ်ကွ ... ခင်မွန်တို့ကိစ္စကို ကြည့်ပါလား"

ပေတူး၏ ဟိုဟိုဒီဒီကြည့်ကာ အထိတ်တလန့်ပုံစံကြောင့် ဘထက် ပြောလက်စ စကားရပ်သွားလေသည်။ ခဏအကြာတွင် ထန်းရည်ဝိုင်းမှလူများ သူတို့လူစု ဒယိမ်းဒယိုင်ဖြင့် လူစုခွဲသွားကြလေတော့သည်။ တစ်ရွာလုံး မှောင်မည်းနေလေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၃)

## အတိတ်က အရိပ်တစ္ဆေ

ထိန်တောရွာသည် ပင်လယ်ဝတွင်တည်ရှိသော ရွာပေါင်းများစွာထဲ အတော်အတန်ပင် စီးပွားရေးဖွံ့ဖြိုးသည့် ရွာတစ်ရွာပင်ဖြစ်သည်။ ကရင်ချောင် ရွှေသောင်မြေ၊ ကန်ကြီးကုန်း၊ မိုးညို့ စသည့် ရွာကြီးများဖြင့်လည်း တစ်ဆ တည်း တည်ရှိနေသလို ရေလုပ်ငန်း၊ ပိုက်လုပ်ငန်းများထက် ဆားလုပ်ငန်း အဓိကထား၍ လုပ်ကိုင်သောရွာပင်ဖြစ်လေသည်။

ရေထဲနေသူ _ ရေကြည်မသောက်ရဆိုသလို ပင်လယ်ဝမြစ်ဝ လျှောက်တည်ရှိနေသော ရွာကလေးများသည် ပင်လယ်ဖြင့်နီးသော်လည်း ဆ ကိုမူ အတော်ရှားပါးစွာ ဝယ်ယူကြရလေသည်။ မြို့ကြီးများသို့ ဖမ်းဆီးရမိသေ ငါးမျိုးစုံအား ရွာခံငါးဒိုင်များ ငါးရှဲများကနေ တင်ပို့ရောင်းချလေသော်လ အချို့ငါးများကိုမူ နေလှန်း၍ ငါးခြောက်၊ ငါးခြမ်းအဖြစ်လည်း ပြုလုပ်ကြသ ဆားချက်လုပ်ငန်း ဆားလှမ်းတွင်းများ ပိုင်သူများမှာ အလွန်ဝင်ငွေလမ်းဖြေ လေသည်။

ထိန်တောရွာလေးသည်လည်း ဆားလုပ်ငန်းကို အတော်လုပ် လေသည်။ ဆားတွင်းများမှထွက်သော ပင်လယ်နေလှန်းဆားများကို ဆားဒိုင်၊ ဆားကုန်သည်ကြီးများထံသို့လည်းကောင်း၊ ကမ်းရိုးတန်း ချောင် မြောင်းကြား ရွာစဉ်ရွာငယ်များသို့ ကိုယ်တိုင်လှည့်လည်၍ ရောင်းပေါ်မှာနေ

www.burmeseclassic.com



ခေါ်မှာအိပ်စားလျက် ဆားကုန်သည်ပေါက်စ လုပ်ကိုင်သူများလည်းရှိ၏။ ပင်ပန်းသလောက် ဝင်ငွေကောင်းလှသည့် လုပ်ငန်းဖြစ်၏။

မနက်ခင်း နေရောင်ခြည်အလင်းတို့သည် ထိန်တောရွာလေးပေါ်သို့ ဖြာကျလာလေပြီ။ ခင်မှုန်သည် မျက်နှာသစ်ပြီးသည်နှင့် အိမ်ရှေ့ဆင်ဝင်ထောင့်ရှိ ရေအိုးလေးအား ခေါင်းပေါ်ရွက်လိုက်ပြီးလျှင် မိခင်ဖြစ်သူ ဒေါ်မြမွှေးအား

"အမေရေ ခင်မှုန် မနက်သောက်ရေချိုး သွားခပ်လိုက်ဦးမယ်"

"အေး ... အေး"

ခင်မှုန်သည် မိခင်ဖြစ်သူအား နှုတ်ဆက်လျက် မြိုင်းထဲသို့ လှမ်းထွက်ခဲ့လေသည်။ သောက်ရေကန်သည် ရွာစွန်တွင်ရှိပြီး အတော်လေးသွားရလေသည်။ နွေရောက်စပြုနေပြီမို့ မြိုင်းများရှိ တွင်းရေများသည် အောက်သို့ဆုတ်သွားပြီး သုံးရေပင်သိပ်မလောက်ငှ၍ နွေပေါက်ပြီဆိုလျှင် ခင်မှုန်တို့ ထိန်တောရွာတစ်ရွာလုံး သောက်ရေကန်ကိုသာ အားကိုးရလေတော့သည်။

မနက်ခင်း၏ နေခြည်နုထွေးထွေးလေးသည် ဝင်းမှုန်နုညက်သော ခင်မှုန်၏ မျက်နှာထက်သို့ ရွှေဝါရောင်တွေ ဖြန်းပက်ထားသည့်အလား _

မျက်နှာသစ်ပြီး သနပ်ခါးပြစ်ပြစ်ကို ဘဲကြားလိမ်း ပါးကွက်ဝိုင်းကြီးများ ကွက်ကျဲထားပါးသော်လည်း စိမ်းမှောင်ထူထဲသည့် မျက်ခုံးတန်းကြီးများ ငြိစက်လဲ့ရွှန်းနေသော မျက်ဝန်းညိုကြီးတစ်စုံ ကော့သွယ်ရှည်လျားသည့် မျက်တောင်နှင့် ဖူးပွင့်ကာစ နှင်းဆီပွင့်ဖတ်နှယ် နှုတ်ခမ်းနီထွေးထွေးတို့၏အလှသည် ခင်မှုန်၏ ရွာကွမ်းတောင်ကိုင်ဟူသော ဂုဏ်ပုဒ်အား မပျက်စေပါ။

ဆင်စွယ်ပမာ လည်တိုင်လေးကလည်း ကြော့ရှင်းလျက် _

အချိုးအစားကျနစွာ သယ်နွဲ့ကြော့ရှင်းသော ကိုယ်ခန္ဓာအလှတွင် ငုံမှုတ်နုဖတ်နေသော အသားအရေက ခင်မှုန်၏အလှအား အနီးဝန်းကျင်ရွာများသို့တိုင် သတင်းဆောင်လေသည်။ အမှန်တော့ အလှတရားဟူသည်မှာ မိန်းသားအတွက် ရတနာတစ်ပါးဖြစ်သကဲ့သို့ အန္တရာယ်အခံဆိပ်ဆူးလည်း ဖြစ်နေသည်။

ပန်းတစ်ပွင့်၏အလှကို အခြားသောပန်းမျိုးဆက်များထံ ဝတ်မှုန်ကူးပေးသော လိပ်ပြာရောင်စုံများလည်း ပျံဝဲချဉ်းကပ်ကြသလို ပန်း၏အလှအား ဖျက်ဆီးမည့် ပျားပိတုန်းတို့၏ ရန်ကလည်း ရှိနေသေးသည်။ ခင်မှုန်သည် ဖခင်တာဝပေးကုသိုလ်နှင့်မိခင်၏ အမွေဖြစ်သည့်အလှကို ပိုင်ဆိုင်ထားရသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ယင်းအလှကြောင့်ပင် စိတ်ညစ်ညူးမိ စိတ်ရှုပ်ရလေသည်။

ခင်မှုန် ရွာလမ်းအတိုင်း လျှောက်လာရင်း ရှေ့ဆီကနေ လာနေသူအား လှမ်းမြင်လိုက်ရ၍ ခြေလှမ်းက မသိမသာရှုံ့သွားမိလေသည်။ ပြီးတော့ ရင်ထဲ တစ်နေရာမှလည်း လှိုက်ခနဲ ဖိုနွေးသွားသည့်ခံစားမှုတစ်ခုအား ခံစားလိုက်ရ သလို မျက်လွှာလေးကို မသိမသာချလိုက်မိလေသည်။

ရှေ့ဆီကနေလာနေသူမှာ ရွာစပ်ရှိ ခင်မှုန်၏သူငယ်ချင်းဖြစ်သူ မင်းမောင်ပင်ဖြစ်လေသည်။ မင်းမောင် ရွာပြင်ဆားလုပ်ကွင်းသို့ သွားတော့ မည်မှန်း ခင်မှုန်သိနေ၏။ မင်းမောင်သည် အနားသို့ရောက်သောအခါ ...

"ခင်မှုန် ... ရေခပ်လာတာလား ... "

"အင်း ... ဟုတ်တယ် နင်ရော ဆားကွင်းလား ... "

ခင်မှုန်၏အမေးကို မဝံ့မရဲလေးဖြေကာ တဆက်တည်းပြန်မေးလိုက် မိလေသည်။ အမှန်တော့ ခင်မှုန် မနက်စောစောသောက်ရေခပ်ချိန်တိုင်း မင်း မောင် ဆားကွင်းသို့သွားရာ ဤသောက်ရေကန်ဖျားမှာ ဆုံနေကြမှန်း ခင်မှုန် သိနေပြီးဖြစ်လေသည်။

မင်းမောင်သည် မည်သည့်စကားမျှဆက်မဆိုဘဲ မနက်ခင်းသစ်ပင် ကိုင်းခက်တွေကြားကနေ ထိုးဖောက်ဖြာကျနေသည့် နေခြည်အလင်းအောက်၌ ယဉ်နွဲ့စွာလှနေသောခင်မှုန်အား တရိုက်မက်မက် ကြည့်နေမိသည်။

မင်းမောင်၏အကြည့်ကြောင့် ခင်မှုန်သည် ရှက်ရဲရဲမျက်နှာလေးဖြင့်

"ဟဲ့ ... ဘာကြည့်နေတာလဲ"

"သြော် ... အဟင်း ... နင်ကလှလို့ ... "

"ဘာရယ် ... နင်နော် ... "

ခင်မှုန်၏ထံကနေလွင့်လာသော မျက်စောင်းကြောင့် မင်းမောင် ဟက်ခနဲ ပြုံးလိုက်မိသည်။

"ဟုတ်တယ် ... ခင်မှုန်ရ ငါ့မျက်စိထဲမှာ နင်ကတစ်နေ့တခြား အရမ်းလှလှလာတယ် ... ငါနဲ့နင်မတွေ့လို့ပဲလားမသိဘူး ... "

"အံမယ် ဘာလို့မတွေ့ရမှာလဲ၊ ငါမနက်ရေခပ်ဆင်းလာတိုင်း နင်နဲ့ ဒီနေရာမှာ အမြဲဆုံနေကျဥစ္စာ ... "

"ဟာ ... ဟုတ်လား ငါမေ့သွားလို့ ... ရွာထဲကလူတွေ ကာလသား တွေပြောပြောနေကြတဲ့ နင်လှတာကို ငါဒီမနက်မှ သတိပြုမိတာဟ ... "



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... ဟုတ်မယ်"

"နင့်ကိုလည်း ရွာထဲက အပျိုတွေ၊ လူတွေက ... ဆားကွင်းထဲက ဆားပုံပေါက်နေပြီလို့တောင် ပြောနေကြတယ်သိလား။ နင်ကမိုးလင်းက မိုးချုပ် ဆားကွင်းထဲမှာကိုး ..."

"ငါက မိုးလင်းမိုးချုပ် ဆားကွင်းထဲမသွားလို့ ငါနဲ့အမေ့ကို ဘယ်သူ ထမင်းလာကျွေးမှာလဲဟ ... ငါ့ဘဝမှာအလုပ်ပဲ ... ကဲ ငါသွားတော့မယ် ခင်မှုန်၊ ညနေကျမှ နင့်ဆီငါလာခဲ့မယ် ..."

"လာမယ် ... နင်က ဘာလာလုပ်မှာလဲ ... ဟွန်း တော်ကြာ ရွာထဲ ကလူတွေ ငါ့ကိုတစ်မျိုးထင်ကုန်လိမ့်မယ် ..."

"ထင်ပစေပေါ့ဟာ ... ထင်လည်းကောင်းတာပဲ ..."

"ဘာ ... နင် ... နင် ..."

ခင်မှုန်၏ စကားမဆုံးခင် မင်းမောင်သည် တစ်ချက်ပြုံးလိုက်ကာ ခေါင်းသောက်ရေကန် နဘေးမှဖြတ်ကာ ဆားကွင်းဘက်ဆီသို့ လျှောက်လှမ်း သွားလေပြီ။ ခင်မှုန်သည် ကျောခိုင်းသွားနေသော မင်းမောင်၏နောက်ကျော အား လိုက်ကြည့်နေရင်းက ရင်ထဲနွေးဖိုလျှက် ကျန်ရစ်ခဲ့သည်။

ကြည့် ပြောသွားပုံကိုက အမြင်ကတ် ကပ်ထုဖဲ့ရိုက်ချင်စရာ။ ရွာသား တွေတစ်မျိုးထင်မည်ဆိုတော့ ထင်ပစေတဲ့။ မည်မျှခံပြင်းဒေါသထွက်စရာပါလဲ။ ငယ်စဉ်ဘဝ ကလေးရွယ်ကစားဖော်ထဲက အတူတကွ ဆော့ကစားကြီးပြင်းလာ ခဲ့သည်မို့ မင်းမောင်၏စိတ်ရင်းကို ခင်မှုန် သူများထက်ပိုသိပါသည်။ တစ်ခါ တရံ မင်းမောင်၏ မျက်ဝန်းအိမ်ထဲကနေ ယိုဖိတ်နေသည့် အကြင်နာအရောင် အဆင်းများကိုလည်း ခင်မှုန် ဖတ်ရှုတတ်ပါသည်။

သို့သော် မင်းမောင်သည် ရိုးသားဖြောင့်မတ်သူပီပီ တည်ကြည်လေ သည်။ ခင်မှုန်၏အဖြစ်ကလည်း မြင်းကမလှုပ် ခုံကလှုပ်ရမည့်အဖြစ်မျိုး။ ခင်မှုန် သည် သောက်ရေကန်တွင်းမှရေကိုခပ်နေစဉ် မင်းမောင်၏အကြောင်း တွေး နေမိ၏။ ခင်မှုန်သည် မင်းမောင်၏အပေါ် ရွာတွင်းရှိမည်သူနှင့်မျှမတူသော သံယောဇဉ်ရှိပါသည်။

ဆက်တွေးနေပါလျှင် သိပ်ကြာလွန်း၍ အမေဆူနေမည်မို့ ခင်မှုန် ရေအိုးကိုပင့်ရွက်ကာ သောက်ရေကန်ဘက်ကနေ ခပ်သုတ်သုတ်ဆင်းလာ ခဲ့လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်မှုန် ... "

"ဟင် ... "

ရုတ်တရက် ရွာကန်စပ် မန်ကျည်းပင်ကြီးအရိပ်ကနေ ဖျတ်ခနဲလှမ်း ထွက်ကာ ခေါ်လိုက်သံကြောင့် ခင်မှုန် အလန့်တကြားလေးဖြစ်သွား၏။ ထွက် လာသူက ရွာတွင်းရှိသူကြီးသား မင်းဒင်ဖြစ်သည်။ ခင်မှုန်၏မျက်နှာလေးသည် စောစောကနှင့်မတူဘဲ ဖျတ်ခနဲ တည်သွားလေသည်။

စောစောစီးစီးပင် မင်းဒင်ပါးစပ်ကနေ ထန်းရည်နံ့က ခင်မှုန်ဆီသို့ တိုင် အော်ဂလီဆန်စွာ ပျံ့လွင့်လာလေသည်။ မင်းဒင်၏ မျက်နှာကလည်း ထုံးစံအတိုင်း ပက်ကျိ အရေခွံကျွတ်ပုံစံဖြင့် ပြုံးတီတီ ချွဲကျိကျိ—

"အဟဲ ... ခင်မှုန် သောက်ရေလာခပ်တာလား ... "

"ဟုတ်တယ် ... ကိုမင်းဒင်၊ ကဲ ... ရှေ့ကဖယ်ပါ ကြာလို့အမေက မျှော်နေရာ့မယ်"

"ခင်မှုန်ရယ် ... အရီးက ဘာလို့ကြာနေရသလဲမေးရင် ငါနဲ့စကား ပြောနေလို့လို့ ပြောလိုက်ပေါ့ ဘာများဆန်းလို့လဲ ... ဟင်း ဟင်း ... "

"အို ... မပြောနိုင်ပါဘူး ဘာဆိုင်လို့ပြောရမှာလဲ ... "

"အဟင်း ... ခင်မှုန်က မဆိုင်ချင်ပေမယ့်လည်း ကိုယ်ကဆိုင်ချင် နေသူလေ ... ခင်မှုန်က မာနကြီးပြီး ဆိုင်ခွင့်မပေးလို့သာ ... ဟင်း ... ဟင်း"

"ရွာထဲကတောင် ကိုယ်ခင်မှုန်အပါးမှာ အရိပ်လိုဖြစ်နေတာ တချို့ ရိပ်မိနေကြပြီ ... ဟဲ ဟဲ ... "

"အို ... သူတို့ဘာသာ ရိပ်မိရုံမကလို့ ထင်ချင်ရာထင် ကိုမင်းဒင်နဲ့ ခင်မှုန်က ဘာမှမသက်ဆိုင်သလို ပတ်လည်းမပတ်သတ်ဘူး ... ကဲ ဖယ်ပါ ခင်မှုန် သွားတော့မယ် ... "

"နေပါဦး ... ခင်မှုန်ရယ် ... "

ပြောပြောဆိုဆို ခင်မှုန်၏လက်အား မင်းဒင်က လှမ်းဆွဲထားလိုက်လေ သည်။ ခင်မှုန် ထိတ်ခနဲဖြစ်သွားပြီး သူမ၏လက်အား အလျင်အမြန်လွတ်အောင် ရုန်းလိုက်၏။

"အို ... "

"လွှတ်ပါ ... ရှင် ခင်မှုန်ကို အဲသလို လက်ရဲဇက်ရဲမလုပ်ပါနဲ့ ကိုမင်းဒင် ကျွန်မ မကြိုက်ဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



"လက်ကလေးပဲ ခင်မှုန်ရယ် ... ဘာများပဲ့ပါသွားတာမှတ်လို့ ဟဲ ဟဲ ... "

မင်းဒင်သည် တဟဲဟဲရယ်ရင်းပြောလေသည်။ ခင်မှုန်သည် ဒေါသ ထွက်လွန်း၍ အတတ်နိုင်ဆုံးချုပ်တည်းထားသော်လည်း အသားကမူ တဆတ် ဆတ်တုန်နေလေသည်။

"မိန်းမတစ်ယောက်ရဲ့တန်ဘိုးဟာ ကာယကြွေပဲလို့ ကျွန်မရဲ့အမေ ဆုံးမထားတယ်၊ ကိုမင်းဒင်အတွက် ပဲ့သွားတာမဟုတ်တဲ့သူတွေကို သွားကိုင် ချင်ကိုင်ပေါ့ ... ကျွန်မရဲ့အသား တစ်ဖဲ့တစ်စကို ကျွန်မလက်ထပ်မယ့်သူ ကျွန်မချစ်သူမဟုတ်တဲ့ ဘယ်သူမှ ထိပါးခွင့်မပြုနိုင်ဘူး ... "

"ကိုမင်းဒင်က ခင်မှုန်ကိုချစ်နေတာ ခင်မှုန်က မရိပ်မိပေမယ့် တစ်ရွာလုံးကတော့ ရိပ်မိနေပြီ၊ ဒါဆို ကိုယ့်ရဲ့အဖေကိုခေါ်ပြီး ခင်မှုန်မိဘတွေ ထံ လာနားဖောက်တောင်းရမ်းခိုင်းရင် ခင်မှုန်တစ်ကိုယ်လုံး ကိုယ်ပိုင်ပြီပေါ့ ဟင်း ... ဟင်း ... "

"အို ... ရှင့်ကို ခင်မှုန်ကချစ်ပါတယ်လို့ တစ်ခွန်းပြောတဲ့အမှုအရာ ပြခဲ့မိလို့လား ... ရှင့်ဘာရှင် စိတ်ကူးယဉ်မနေနဲ့ ကိုမင်းဒင် ... "

ခင်မှုန်၏စကားကို ရေပိတ်စကားဆိုတာ မင်းဒင်အပါးကနေ ချာခနဲ ရွာတွင်းသို့ လှမ်းလာခဲ့လေတော့သည်။ မင်းဒင်သည် ခင်မှုန်က သူ့အားရစရာ မရှိအောင် ပိုးစက်ပက်စက် ပြောသွားပါသော်လည်း ခင်မှုန်၏အလှသွေးများ ကြွယ်နေသည့် သွယ်ဝန်းပြည့်တင်းသော နောက်ကျောအလှအား မစားရဝခမန်း ကြည့်လျှက် မေးစေ့အားပွတ်၍ ကျန်ရစ်ခဲ့၏။

❖



www.burmeseclassic.com

www.burmeseclassic.com

## ငြင်းဆန်ခြင်းနှင့် လက်ခံခြင်း

"အို … မဖြစ်နိုင်ပါဘူး အမေ … မင်းဒင်ဆိုတဲ့ကောင်အကြောင်း လည်း အမေသိသားပဲ၊ ရွာစဉ်လှည့်ပြီး ဆန်းရည်မူး ကြက်တိုက်နဲ့ မိဘ လုပ်စာသုံးဖြုန်းနေတဲ့သူ … ဒီကြားထဲ အိုင်တွေ့တိုင်း ခြေဆေးလားဆေး ဟွန်း"

ခင်မှုန်သည် နေ့လယ်က သူမအိမ်မှာမရှိခိုက် ရွာထဲမှသူကြီးနှင့် ရင်းနှီးသော ဒေါ်ဖွားသက်ကြီးရောက်လာပြီး သူကြီးသားမင်းဒင်နှင့် ခင်မှုန် အား တောင်းရမ်းချင်ကြောင်း ရေလာမြောင်းပေး စကားလာရောက်ပြော သည်ဆိုသည်။ ထိုစကားကို မိခင်ဖြစ်သူပြန်ပြော၍ ခင်မှုန်သည် ခါးခါးသီးသီး ဖြစ်ရခြင်း ဖြစ်၏။

"အေးပါအေ … အမေလည်း ဒေါ်ဖွားသက်ကြီးလာပြောလို့သာ မယုတ်မလွန်လေး ပြောလိုက်ရတာပါအေ … သူကြီးရော သူကြီးသား အကြောင်းရော ရွာထဲမှာမကြားချင်မှအဆုံး အမေသိပါတယ် … သမီးလေး ခင်မှုန်က ပွင့်လင်းနေသူဆိုတော့ လာပြီးစပ်ဟပ်ပြောဆိုကြတာက ရပ်ရွာ ထုံးစံပဲလေ၊ ငြင်းလိုက်လို့ မကောင်းဘူးမို့လား … "

"သမီးကတော့ အပြတ်ပဲအမေ … မင်းဒင်ကို လုံးဝမယူနိုင်ဘူး"

"ခင်မှုန် သမီးက မင်းဒင်ကို ဒီလောက်ခါးခါးသီးသီးငြင်းဆန်နေတာ တွေ့တော့ သမီးမှာ အမေမသိဘဲ ရည်ရွယ်ထားသူများ နှင့်သက်ရည်ငံနေသ

www.burmeseclassic.com



များ ရှိနေပြီလားဟင် ... ”

“အို ... မရှိသေးပါဘူး အမေရဲ့ မင်းဒင်ဆိုတဲ့ကဖော်သမားကိုသာ မယူနိုင်ဘူးလို့ပြောတာပါ အမေရယ် ... ”

“အိုအေ ... မသိပါဘူးဟာ ... ညည်းစကားကြီးက အမေဖြင့် ရင်ထိတ်သွားတာပဲကွယ် ... မထိတ်သာမလန့်သာ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်လေ သမီးအနေနဲ့ မင်းဒင်ကိုတော့ အလိုက်အထိုက်ဆက်ဆံစေချင်တာယ်၊ ရန်သူ မဖြစ်စေနဲ့ သမီး ... ”

“အင်းပါ ... အမေရယ် စိတ်ချပါ ... ”

ခင်မှုန်သည် မိခင်ဖြစ်သူအား ကတိပေးလိုက်၏။ ထိုစဉ် ခြံဝိုင်းရှေ့ ကနေ သူမအား ခေါ်သံထွက်ပေါ်လာသည်။

“ခင်မှုန် ... ခင်မှုန်”

မင်းမောင်၏အသံမှန်း ခင်မှုန်သိလိုက်၏။ ရင်ထဲမှာလည်း လှိုက်ခနဲ ပျော်သွားသည်။ မိခင်ဖြစ်သူ ဒေါ်မြမေက ခြံဝသို့လှမ်းကြည့်ရင်း ...

“ဘယ်သူလဲ ... သမီး”

“မင်းမောင်ပါ အမေ”

“လာလည်တာ ... ”

“အေး ... ”

“မောင်မင်းမောင်လား ... ဒီကောင်လေးက မုဆိုးမသားဆိုပေမယ့် ရိုးသားကြိုးစားပြီး အလုပ်ကိုလည်း အရမ်းလုပ်တယ် ... သမီးတို့ချင်း ရည်ငံ နေကြပြီလား ... ”

“အို ... အမေကလည်း ... ဘာမှန်းမသိဘူး”

ခင်မှုန်သည် မိခင်ဖြစ်သူ၏စကားကြောင့် မျက်နှာကလေးရှက်ရဲကာ မိခင်ကြီး၏ရှေ့ကနေ အိမ်ရှေ့သို့လှမ်းပြေးထွက်လာမိသည်။ ခြံဝိုင်းတွင်းရှိ ပိတောက်ပင်ကြီးအောက်ရှိ သစ်သားခုံတန်းပေါ် ထိုင်နေသည့်မင်းမောင် အားလှမ်းတွေ့ရ၏။

“ဘာလို့ခြံဝကနေ အရမ်းအော်နေတာလဲဟဲ့ ... တကတည်း”

“နင် ... ရွာထဲများ သွားနေသလားလို့ပါဟာ ... ဘာလဲ အမေနဲ့ စကားပြောနေတာလား ... ”

ခင်မှုန်သည် ဖြည်းညင်းစွာပင် ခေါင်းညိတ်ပြလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းမောင်သည် ဘာမှဆက်မမေးကြဘဲ သက်ပြင်းချသံကြားလိုက်ရ၏။ ခင်မှုန်က ဆတ်ခနဲ မော့ကြည့်ရင်း ...

"ဟဲ့ ... ဘာဖြစ်လို့ သက်ပြင်းတွေဘာတွေ ချနေလဲ ... "

"ခင်မှုန်"

"အို ... ဘာဖြစ်လို့ ခေါ်နေရတာလဲ ... "

"နင့်ကို သူကြီးသားမင်းဒင် လာတောင်းရမ်းတယ်ဆို ... "

"ဟင် ... နင် ဘယ်လိုလုပ်သိ ... "

"ငါမေးတာဖြေစမ်းပါ၊ ငါကြားတဲ့သတင်း ဟုတ်သလား"

"ဟုတ်တယ်"

"ဟင် ... ခင် ... ခင်မှုန် အဲ ... အဲဒါဆို မင်းဒင်ကို နင်ရော အမိုး ရော ဘယ်လိုပြန်တုံ့ပြန်လိုက်သလဲ ... "

"ဘယ်လိုတုံ့ပြန်ရမလဲ ဟဲ့ ... ဒီလိုကောင်မျိုးကို ငါကလက်ခံရမှာလား ... အမေကတော့ ကြည့်ကောင်းအောင်ပြောလိုက်တယ်လေ ... "

"ဟာ ... ဒါ ... ဒါဆို ငါဝမ်းသာလိုက်တာ ခင်မှုန်ရယ် ... ငါ ဆားကွင်းက ပြန်လာလာချင်း ရွာထိပ်မှာ အဲဒီသတင်းကိုကြားတော့ ရင်ထဲ ထိတ်သွားတာပဲ၊ အဲဒါနဲ့ အိမ်တောင်မရောက်သေးဘူး ... နင့်ဆီတန်းဝင်လာ တာ"

"ငါ ... ဝမ်းသာသွားပြီ ခင်မှုန် ... "

"ဟင် ... "

ယခုမှပင် ခင်မှုန်သည် မင်းမောင်အားကြည့်လိုက်မိသည်။ မင်းမောင်သည် သူပြောသကဲ့သို့ အဝတ်အစားပေါင်းထည့်သည့်လွယ်အိတ်လည်း ပါလာသည်။ ခင်မှုန်သည် မင်းမောင်အပေါ် မဖြစ်ပေါ်စဖူး ကရုဏာမိုးတွေ ရွာသွားရလေသည်။

"ဒါထက် ... နေစမ်းပါဦး ... ငါ မေးပါဦးမယ် မင်းမောင်"

"ဘာလဲ ... ခင်မှုန်"

"မင်းဒင်အကြောင်း ရွာထဲကကြားတာနဲ့ နင်ကဘာလို့ရယ် မဆီမဆိုင် ရင်ထိတ်ရတာနဲ့ ဝမ်းသာရတာနဲ့ ဖြစ်ရတာတုန်း ...ဗွန်း . ... "

"ခင်မှုန် ... "

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ပြော"

"နင် ... နင် ငါဘာကြောင့် အရမ်းစိုးရိမ်သွားရသလဲ ရင်တွေပူလောင်သွားရသလဲဆိုတာ နင် ... နင် မသိဘူးလား ... မရိပ်မိဘူးလား"

"အို ... ငါက တန်ခိုးရှင်မှ မဟုတ်ဘဲ ဘာသိမှာလဲ ... "

"ငါ ... ငါ နင့်ကို အရမ်းမြတ်နိုးနေလို့ပေါ့ ... ခင်မှုန်ရယ်"

"အို ... "

ခင်မှုန်၏ နှုတ်ဖျားလေးကနေ ဤစကားလေးသာ ထွက်ပေါ်လာနိုင်လေတော့သည်။ မည်သည့်အတွက်ကြောင့်ဆိုသော် သူမ၏ခန္ဓာကိုယ်အိအိလေးသည် မချင့်မရဲဖြင့် နွယ်ဒါန်းကြီးများနှယ် သန်မာစွာ ရစ်ပတ်နှောင်ဖွဲ့ထားသည့် မင်းမောင်၏လက်ကြီးနှစ်ဖက်ကြား နစ်မြုပ်သွား၍ပင် ဖြစ်ပါလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ရည်းစားလူလုစ်ရသူ

ထိန်တောရွာ၏ ထန်းတောသည် မနက်ခင်းဖြစ်၍ လူမစည်ကားသော်လည်း ထုံးစံအတိုင်း မင်းဒင်တို့လူစုသည် မနက်ခင်းထဲကရောက်နေပြီး ထန်းရည်တစ်မြူ့ပြီးတစ်မြူ့ သောက်နေကြ၏။

"ဟော့ကောင် ... မင်းဒင်"

"မင်းကိုပြောစရာရှိတယ် ... "

"ဘာလဲ ပြော ... "

"ရွာထဲမှာ သတင်းတစ်ခုကြားနေတယ်နော် ... မင်းကသာ နေ့ရှိသရွေ့ ခင်မှုန် ခင်မှုန်နဲ့ တစ်မှုန်ထဲမှုန်နေ ခင်မှုန်က ဟိုမုဆိုးမသားမင်းမောင်နဲ့ ဘာလိုလိုဖြစ်နေကြတယ်တဲ့ ... "

ပေတူး၏စကားကြောင့် မင်းဒင်၏မျက်ခုံးနှစ်ဖက်က တွန့်သွား၏။ ထိုသတင်းကို ပေတူး ဘယ်ကကြားလာလေသနည်း။ လွန်ခဲ့သော တစ်ပတ်လုံးလုံး မင်းဒင်ရွာမှာမရှိပေ။ တခြားရွာတစ်ရွာမှာ အသုဘဖြစ်နေ၍ မင်းဒင်ဖဲသွားရိုက်နေပြီး ယခုမနက်မှ ရွာသို့ပြန်ရောက်လာခြင်းဖြစ်သည်။ ခင်မှုန်ဖြင့်ပင်မတွေ့ရသေးပေ။

"ဟော့ကောင် ... ပေတူး ... မင်းဒီသတင်း ဘယ်ကကြားတာလဲ ပြောစမ်း ... "

"ပေတူးက ကြားတာမဟုတ်ဘူး မင်းဒင်၊ ရွာထဲမှာ လူတိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းပြောနေကြတဲ့ဥစ္စာ၊ ဟိုတစ်နေ့ညနေက ငါတောင်ခင်မှုန်နဲ့ မင်းမောင်ကိုရွာထိပ်သောက်ရေကန်မှာ နှစ်ယောက်တွဲပြီး တွေ့လိုက်သေးတယ် ... ”

“တောက် ... ”

မင်းဒင်၏ မျက်နှာကြီးသည် နီရဲတင်းမာလျက် ကျယ်လောင်သည့် တောက်ခေါက်သံကြီးကပေါ်လာသည်။ မင်းဒင် လက်သီးအား ကျစ်ကျစ်ပါအောင်ဆုပ်ထားမိသည်။ မင်းဒင်၏မျက်လုံးအိမ်ထဲမှာလည်း မင်းမောင်၏မျက်နှာနှင့်ခင်မှုန်၏မျက်နှာက ပေါ်လာ၏။

“မင်းဒင် ... မင်း ဒီကိစ္စကို ပေါ့ပေါ့မထင်နဲ့နော် ... တော်ကြာခင်မှုန်ဆိုတဲ့ ဝက်သားတုံးအိအိကြီးက စားရခါနီး ပါးစပ်ဖျားရောက်မှ ပြွတ်ကျနေဦးမယ် ... ဟား ... ဟား”

“မင်းဒင်တော့ အပွဲပွဲနွှဲလာသမျှ ဒီပွဲကျမှ နုပ်ပစ်ခံရတော့မယ်နဲ့တူတယ် ... ”

“ဟေ့ကောင်တွေ မင်းတို့ပါးစပ်တွေ ပိတ်ထားပေါ့ကွာ တောက် ... ဆော့ကောင် ပေတူး ပိုက်ဆံရှင်းလိုက် သွားမယ်”

စကားဆုံးသည်နှင့် မင်းဒင်သည် ထိုင်ရာကနေ ဝုန်းခနဲ ထလိုက်၏။

“ဟာ ... အေ့ ... ဟေ့ကောင် မင်းဒင် ... ဘယ်သွားမလို့လဲ”

“ဘယ်သွားရမှာလဲကွ ... မင်းမောင်နဲ့စာရင်းသွားရှင်းရမှာပေါ့၊ ဒီလက်ထဲကနေ ခင်မှုန်ကို ဒီကောင်လုမှန်းသေချာရင် မှတ်လောက် သားလောက်အောင် ပညာပေးရမှာပေါ့ကွ ... ခင်မှုန်ဆိုတဲ့ ပန်းကလေးဟာ ... ငါနမ်းရှိုက်ဖို့ကလွဲပြီး အခြားလူတွေအတွက်မဖြစ်စေရဘူး ... ”

“ဒါ ... ဒါဆို ငါတို့ ဆားကွင်းသွားကြမှာလား ... ”

“အေး ... ဟုတ်တယ် ... ”

မင်းဒင်သည် ခံပြင်းလျက် စကားကိုတုံးတိဆိုရင်း ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွားလေတော့သည်။

❦

www.burmeseclassic.com

www.burmeseclassic.com

## မစားရတဲ့အမဲ

"ဖြစ်မှဖြစ်ရလေ မင်းမောင်ရယ်၊ ဒါ — အဲဒီ အယုတ်တမာကောင် မစားရတဲ့အမဲ သဲနဲ့ပက်တာပဲ သိလား ... တောက် ..."

"ငါ — ဘာမှ မဖြစ်ပါဘူး ခင်မှုန်ရာ ... ဒီလောက်လည်း ခံပြင်း မနေစမ်းပါနဲ့ ..."

ခင်မှုန် ချစ်ရသူ မင်းမောင် အားကြည့်လျက် မျက်ရည်ဝိုင်းမိသည်။ မင်းမောင် ဘာမှမဖြစ်ဘူး ဆိုပါသော်လည်း မျက်နှာတစ်ခုလုံးဖူးယောင်ညိုမည်း နေလေသည်။ မင်းမောင်ပြောပြ၍ ခင်မှုန်အကြောင်းစုံသိရခြင်းဖြစ်သည်။ မနက်က မင်းဒင်တို့လူစု ထန်းရည်မူးမူးဖြင့် မင်းမောင်အလုပ်လုပ်နေရာ ပင်လယ်ကမ်းစပ် ဆားကွင်းသို့ရောက်ရှိလာကြပြီး ရန်စကာ ထိုးကြိတ်လွှတ် လိုက်ခြင်းဖြစ်သည်။

တကယ်တော့ မင်းမောင်သည် သတ္တိသွေးနည်းသူတော့ မဟုတ်ပါ ချေ။ သို့သော်လည်း မင်းဒင်၏ဖခင်သူကြီး ထင်ပေါ်၏ အရှိန်အဝါဖြင့် ဒုက္ခ ပေးမည်ကိုစိုးရိမ်၍သာ ငြိမ်ခံနေလိုက်ခြင်းဖြစ်သည်။

ယခု မင်းဒင်၏လက်ချက်ကြောင့် မင်းမောင်၏ အညိုအမည်းစွဲနေ သော မျက်နှာအားကြည့်ကာ ခင်မှုန် စိတ်မကောင်းဖြစ်နေရခြင်းဖြစ်သည်။ သည်ဒဏ်ရာများကြောင့် မင်းမောင် ဆားကွင်းသို့သုံးလေးရက် သွားနိုင်တော့ မည်မဟုတ်ပေ။ ပြီးတော့ မိမိကြောင့်ဖြစ်ရသည်မို့ ခင်မှုန် ပို၍စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရသည်မှာ အမှန်ဖြစ်သည်။

ယခုနှစ် ဝါလကင်းလွတ် သီတင်းကျွတ်ရင်တော့ ခင်မှုန်အား တောင်းရမ်းနိုင်ရန် အလုပ်အားကြိုးစားပြီး လုပ်ကိုင်နေလေ၏။ ခင်မှုန်အား လက်ထပ်ပြီးပါကလည်း ရှာစဉ်လှည့်ကာ ဆားကုန်သည်လုပ်မည်ဟု တိုင်ပင်ထားကြ၏။ ယခု မင်းဒင်၏မစားရသည့်အမဲ သဲဖြင့်ပက်သလို ယုတ်မာသောအကြံအစည်ဖြင့် မင်းမောင်အား အကြောင်းမဲ့မှုးရှူးပြီး ရန်စကာ ထိုးကြိတ်လွှတ်လိုက်ခြင်းဖြစ်လေ၏။

"ခင်မှုန်"

"ရှင်"

"ငါ အမှန်တကယ်ဆိုရင် ဒီကောင်ကို မမှုပါဘူး။ ဒါပေမဲ့ ဒီကောင်စိတ်ဓာတ်က ဝံပုလွေလိုစိတ်ဓာတ်မျိုး ... ပြီးတော့ သူကြီးရဲ့တပည့်တွေရန်ကလည်း ရှိသေးတယ်၊ ဒါကြောင့် ဘာမှလက်တုံ့မပြန်ဘဲ ငုံခံလာခဲ့တာပဲ ခင်မှုန် ... "

"တစ်ခုတော့ရှိတယ် ... မင်းမောင်"

"ဘာလဲ ... ခင်မှုန် ... "

"မင်းဒင် နင့်ကိုပြဿနာရှာတာ ... သူတို့လာကြောင်းလမ်းတာကို ခင်မှုန်လက်မခံလို့ ရှက်ရမ်းရမ်းပြီး နင့်ဘက်ကို မြားဦးလှည့်သွားတာပဲ၊ ဒီကောင်က ယုတ်မာတဲ့စိတ်ရှိတော့ နင် ဒီရက်ပိုင်းတွေမှာ သွားတာလာတာကအစ သတိထားပါဟယ် ... နင့်ကို ငါ စိတ်ပူတယ် ... "

"ကိစ္စမရှိပါဘူး ... ခင်မှုန်ရယ် ငါ သတိရှိပါတယ်၊ ဒါပေမဲ့ ... ခင်မှုန်ပြောသလို ဒီကောင်အကောက်ကြံမှာ စိုးရတယ်၊ တတ်နိုင်ရင် ဝါမဝင်ခင်ဘဲ ခင်မှုန်ကို ငါတောင်းရမ်းနိုင်အောင်ကြိုးစားမယ်ကွာ ... ပြီးတော့ ခင်မှုန်ကိုလည်း စိတ်မချဘူး ... "

"ဘာကိုစိတ်မချတာလဲ ... ဟွန်း ... "

"ခင်မှုန်က သိပ်လှနေတာကိုး၊ ခုတောင် မင်းဒင်က ခင်မှုန်ကို အသေရရ အရှင်ရရ လိုချင်နေတာ ... "

ခင်မှုန်သည် အမှန်တကယ်ပင် မင်းဒင်၏နာမည်အား မကြားချင်အောင်ပင် နားခါးလွန်းလို့ ရွံရှာနေမိသည်။ သည့်နောက် မင်းမောင်သည် သူ၏ ကတိစကားအတိုင်း အလုပ်ကိုပိုကြိုးစားကာ ဝါမဝင်ခင်မှာပင် ခင်မှုန်



www.burmeseclassic.com

www.burmeseclassic.com



အား တောင်းရမ်းလက်ထပ်လိုက်တော့၏။

သို့သော် ထူးဆန်းနေသည်က ခင်မွန်အား အသေရရ အရှင်ရရ လိုချင်သည်ဟု မှူးမှူးဖြင့် ကြွေးကြော်ခဲ့သည့် မင်းဒင်သည် ခင်မွန်နှင့်မင်းမောင် တို့၏ မင်္ဂလာညည်းခံပွဲသို့ပင်တက်ရောက်၍ လက်ဖွဲ့ခဲ့သေးသည်။ ရွာသူရွာသား အများစုသည် မင်းဒင်၏ဗီဇစရိုက်အား သိနေသည့်မို့ မင်္ဂလာပွဲအားဖျက်ဆီး ပစ်မှာကို စိုးရိမ်နေခဲ့ကြ၏။

သို့သော်လည်း ခင်မွန်နှင့်မင်းမောင်တို့သည် အေးချမ်းစွာပင် အကြွင် လင်မယားဘဝသို့ ရောက်ရှိခဲ့ကြလေသည်။

ယင်းနောက် သိပ်မကြာမီမှာပင် မင်းမောင်သည် သူ၏အကြံအစည် အတိုင်း စီးပွားကိုတိုးဖက်ရန် ခင်မွန်ကိုပါခေါ်၍ စပါးငါးဆယ်ခန့်လှေကြီးဖြင့် ရွာစဉ်လှည့်ကာ ခဲ့ကုန်သည် လုပ်ကိုင်လေတော့၏။ တစ်လကိုးသီတင်းနေမှ သာ ရွာသို့တစ်ခေါက်ပြန်လာကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ကန်ကြီးကုန်းသချိုင်းထဲက တခန်းမ

ဖိုးတုတ်သည် ထန်းတောမှ မင်းဒင်ကို ပေတူးတို့နှင့်လမ်းခွဲပြီးနောက် သူ့ရွာသို့ထန်းရည်မူးမူးဖြင့် တစ်ယောက်တည်းပြန်လာခဲ့ခြင်းဖြစ်သည်။ လျှောက်လာရင်းက ညနေက ထန်းရည်ဝိုင်းတွင် ပေတူးအားထိုးကြိတ်သည်အထိ မင်းဒင်ပေါက်ကွဲသွားရသည်ကို တွေးမိရာကနေ လွန်ခဲ့သောဆယ်နှစ်ကျော်က မင်းဒင်၊ ခင်မှုန်နှင့်မင်းမောင်တို့အတိတ်ဖြစ်ရပ်များကို ပြန်လည်စဉ်းစားလာခဲ့မိခြင်းဖြစ်သည်။

ခင်မှုန်သည် သူကြီးသူဌေးသားဖြစ်သူ မင်းဒင်အား ဖုတ်လေသည့်ငပိရှိသည်ဟုမမှတ်ဘဲ ဘာမဟုတ်သည့်မင်းမောင်လို မုဆိုးမသားကွင်းသမားအား လက်ထပ်သွားသည့်အတွက် မင်းဒင်သည် ရွာတွင်သာမက ရွာနီးချုပ်စပ်ထိ အရှက်ရခဲ့စေတာတော့ ဖိုးတုတ်လည်းသိနေ၏။ မင်းဒင်သည် ခင်မှုန်အား အသေရရ အရှင်ရရ လိုချင်မှန်း ဖိုးတုတ်တို့ရော ရွာကပါရိပ်စားမိကြသည်။ ခင်မှုန်ကို မဂ်လာပွဲပြီးတော့ မင်းဒင်သည် မြို့ပေါ်သို့ တစ်လကိုးသီတင်းသွားရောက်နေထိုင်လေသည်။ တစ်လကျော်ကြာမှသာ ရွာကိုပြန်လည်ရောက်ရှိလာ၏။

ထိုအခါ ခင်မှုန်နှင့်မင်းမောင်တို့သည် ရွာစဉ်လှည့်ကာ ဆားရောင်းချနေပြီဖြစ်သလို မင်းဒင်မှာလည်း ခင်မှုန်အကြောင်း ဘာမှမပြောဘဲ ယခင်တာအတိုင်း ထန်းရည်သောက်လိုက် ကြက်တိုက်လိုက်မပျက်ပေ။ ရွာသူရွာသားများ

www.burmeseclassic.com



လည်း ကြာတော့ ခင်မှုန်တို့ မင်းဒင်တို့အကြောင်း မေ့လျော့၍ သွားလေသည်။ သို့သော် ခင်မှုန်တို့လင်မယား ကံမကောင်းရှာပါ။ တစ်နေ့ ခင်မှုန်ကိုယ်ဝန်ကြီး နေ့စေ့လစေ့ဖြင့် ဆားရောင်းသွားကြရာ နာမည်ကြီးရေပေါ်ကျွန်းကြီးနားအရောက် မိုးသည်းလေထန်ကာလှေမှောက်ပြီး ဆုံးပါးခဲ့ကြသည်ဟု ဖိုးတုတ်ကြားရ၏။ ခင်မှုန်၏ အလောင်းကိုမူ ရေပေါ်ကျွန်းကြီးအလယ်ရှိ ရုပ်တုကြီးရှေ့တွင် ပြန်လည်တွေ့ကြရသည်ဆိုသော်လည်း မင်းမောင်အလောင်းကိုမူ ပြန်လည်ရှာဖွေတွေ့သည်ဟုမကြားရပေ။ တချို့ကလည်း ပင်လယ်ထဲသို့မျောသွားပြီဟု ဆိုသူဆိုကြသည်။

နောက်တော့လည်း ထိန်တောရွာသူရွာသားများ ယင်းအဖြစ်ကို မေ့ပျောက်သွားလေသည်။ ဒါတွေသည် ကြာတော့ ကြာညောင်းခဲ့ပြီဖြစ်သောအဖြစ်တွေဖြစ်သည်။ ဖိုးတုတ်သည် သူ၏ခေါင်းထဲ မဆီမဆိုင် ဟိုရောက်ဒီရောက် အတွေးများကို မောင်းနှင်ထုတ်ကာ ခြေလှမ်းကို ခပ်သွက်သွက်လှမ်းမိသည်။

သူ ... ရွာသို့အမြန် ပြန်ရောက်ချင်နေပြီ။

သူတို့ ကန်ကြီးကုန်းရွာနှင့် ထိန်တောရွာ နှစ်ရွာကြား အတိုဆုံးလမ်းကနေ ဖိုးတုတ်ပြန်လာခြင်းဖြစ်သည်။ သည်လမ်းသည် ဖိုးတုတ် အမြဲတမ်းဖြတ်ပြန်နေသောလမ်းဖြစ်ပြီး ရွာသို့အမြန်ရောက်သော်လည်း ကန်ကြီးကုန်းတောစပ်ရှိ သုသာန်ရှေ့ကမူ ဖြတ်သွားရလေသည်။

ရှေ့တွင် လရောင် ကြယ်ရောင်ပျပျ‌ေ‌ားအောက်၌ ကန်ကြီးကုန်းသုသာန်အစပ်ရှိ သစ်ပင်ရိပ်မည်းမည်းကြီးများကိုပင် မထင်မရှားလှမ်းမြင်နေရပြီ။ ကန်ကြီးကုန်း သုသာန်ကြီးကိုမြင်တော့ ဖိုးတုတ်၏ခြေအစုံသည် တုန့်ခနဲဖြစ်သွားရလေသည်။ ဖိုးတုတ်သည် ထန်းရည်မူးမူးဖြင့် ရွာသို့အမြန်ဆုံးရောက်စေရန် ဤကန်ကြီးကုန်းသုသာန်ဖြတ်လမ်းကနေ ဖြတ်ပြန်မိတာပင် မှားယွင်းလေပြီလားဟု သူ့ကိုယ်သူထင်မိလေသည်။

ဖိုးတုတ်သည် သုသာန်ကြီးနှင့်မလှမ်းမကမ်း လှည်းလမ်းဟောင်းပေါ် တခဏ်မှရပ်နေမိရင်း သူ့စိတ်တွင်း၌ ရှေ့ဆက်သွားသင့် မသွားသင့် ဒွိဟအတွေးများပြည့်နေ၏။ ချက်ချင်းလိုလိုမူးနေသော သူ၏ဦးခေါင်းထဲ အရိပ်တစ်ခုသည် လွန်ခဲ့သောနှစ်က ညတစ်ညအား ပြန်သတိရလာမိသည်။

ယင်း _ ညသည် သူ့အဖို့ မမေ့ပျောက်နိုင်သော ညတစ်ညပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အပွင့်လင်းဆုံးပြောရပါလျှင် သူ့ဆံနွယ်ရှိသည့်ကြေးမ မီးစွာသည့်ည ပင်ဖြစ်လေသတည်း။ တွေးရင်းဖြင့် ဖိုးတုတ်စိတ်တွေသည် မကောင်းမှုအချိန် ကြောင့် ချောက်ချားလာလေသည်။ သည်တုန်းက ဖိုးတုတ်မှုမူးဖြင့်မင်းခင်၏ စကားကို နားထောင်ခဲ့မိခြင်းဖြစ်သည်။

"အို ... ဒါတွေပြန်တွေးနေလို့ ဘာအကြောင်းထူးမှာလဲ၊ ပြီးတာတွေ တပြီးခဲ့ပြီ ... ငါ ငါမမှားဘူး။ ဟုတ်တယ် ငါမမှားဘူး"

ဖိုးတုတ်သည် သူတစ်ပါးမကြားအောင် တိုးတိုးတိတ်တိတ်ရေရွတ် လိုက်ကာ စိတ်ကိုအားတင်းလိုက်ပြီး ရပ်နေရာကနေ ခြေစလှမ်းလိုက်စဉ် ...

ရုတ်တရက်

"အု ... အု ... အု ... "

"တာ ... "

ရုတ်ခြည်း

သုသာန်ဝင်းဘက်ဆီကနေ ချောက်ချောက်ချားချား ခွဲခွဲငင်ငင် အူလိုက်သည့် အမင်္ဂလာ ခွေးအူသံကြီးကြောင့် ကြက်သီးတဖြန်းဖြန်းထသွား မိလေသည်။ ခွေးအူသံကြီးကြောင့် ကြက်သီးထသွားရသည့်ကြားထဲ သူရပ် နေရာအနီးရှိ ဝါးရုံပင်ကြီးသည် လေကြောင့်လား တစ်စုံတစ်ရာကြောင့်လား မသိတဲ့အရွက်များ တဖျတ်ဖျတ် တရှဲရှဲအော်မြည်သွားသံကြောင့် ဖိုးတုတ် ခေါင်းနပန်းကြီးသွားရလေသည်။

ညသည် အတော်ပင်ညဉ့်နက်နေပြီဟု ဖိုးတုတ်တွေးမိသည်။ ပြီးတော့ အမှန်တကယ်ပြောလျှင် ဟိုရွာ ဒီရွာ ညဉ့်နက်သန်းခေါင် ဖဲဝိုင်းကနေ ပြန်လာ နေကျမို့ ဖိုးတုတ် တစ္ဆေသရဲ နာနာဘာဝများကို မကြောက်တတ်ပါချေ။

သို့သော် ...

မနေ့ညကျမှ ဖိုးတုတ်တစ်မူထူခြားပြီး ကြက်သီးမွေးညင်းများထင် ထနေရသည်။ ဖိုးတုတ်ကိုယ်တိုင်ပင် သူကိုယ်သူဘာတွေဖြစ်နေမှန်းမသိခဲ့ တတ်အောင်ပင်။ ဖိုးတုတ်စိတ်တင်းကာ ရှေ့သို့ဆက်၍ရောက်လာခဲ့သည်။ စော စောကကြားရသော အမင်္ဂလာခွေးအူသံကြီးသည် ပျောက်ခြင်းမလှ ပျောက်သွား လေပြီ။

"ဂစ် ... ဂစ် ... "

"ဖလပ် ... ဖလပ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒီငှက်စုတ်တွေကလဲ ..."

ရုတ်တရက်ဆိုသော် ဖိုးတုတ်လန့်သွားလေသည်။ သုသာန်ကုန်းစပ် ခြုံရှိုင်းတောထဲကနေ မြေဝပ်ငှက်တစ်ကောင် ရုတ်တရက် ရူးရူးရှာရှာ အော်မြည်ရင်း ထပျံသွားသောကြောင့် ဖြစ်သည်။ ဖိုးတုတ် အသံတိုးတိုးဖြင့် သူ့အားလန့်အောင် လုပ်သွားသည့် ငှက်ဆိုးအားဆဲရေးလိုက်ရင်း အမှတ်မထင် သုသာန်ဝင်းကြီး ဘက်သို့ လှမ်းကြည့်မိလိုက်စဉ် ...

"ဟင် ..."

ဖိုးတုတ်၏ ရင်အစုံသည် ထိတ်ခနဲလှုပ်ရှားသွားရ၏။ သူ၏မျက်စိအမြင် ပင် မှားနေလေရော့သလားဟု တွေးမိရင်း ဖိုးတုတ်မြင်ရသောအရာကို ထပ်မံ လှမ်းကြည့်လိုက်သည်။ ဖိုးတုတ်၏ဦးခေါင်းတစ်ခုလုံး ချက်ချင်းလက်ငင်း ပွယောင်း သွားသည့်နှယ် ခံစားလိုက်ရ၏။

လရောင် ကြယ်ရောင်ပျပျလေးအောက် သူ၏မျက်စိရှေ့မှာပင် ထင်ရှား စွာမြင်နေရသောအရာမှာ ရှည်လျားဖြန့်ကျဲနေသည့် ဆံပင်ဖားလျားကြီးဖြင့် သုသာန်စပ်ရှိ မြေပုံမှတ်တိုင်တစ်ခုဘေးတွင် ရပ်နေသည့် မိန်းကလေး တစ်ယောက် ...

ဖိုးတုတ် တဒင်္ဂကြက်သေ သေသွားမိလေသည်။ ထိုစဉ်မှာပင် ယင်း ပရလောကသား ဆံပင်ဖားလျားဖြင့် မိန်းမတစ္ဆေသည် သုသာန်စပ်ကနေ သူ့ရှိရာသို့ လှမ်းလာ၏။

"အဟင်း ... ဟီး ... ဟီး ..."

"ဟာ"

လရောင်အောက်၌ ဖိုးတုတ် ဖျတ်ခနဲ မြင်တွေ့လိုက်ရသည်မှာ ကြောက်မက်ဖွယ်ရုပ်ပျက်ဆင်းပျက် မျက်နှာကြီးဖြစ်နေသည်။

"အမလေးဗျ"

"သ ... သရဲ ... သရဲမကြီး ..."

"ကြောက်ပါပြီဗျာ ..."

"အဟင်း ... ဟီး ... ဟီး ..."

ဖိုးတုတ်သည် အသံနက်ကြီးဖြင့် အော်ဟစ်လိုက်သံသည် ကန်ကြီး ကုန်းတစ်ပိုက် ဟိန်းညံဆူပွက်သွားလေတော့သည်။ ဖိုးတုတ်သည် ကြောက်မက် ဖွယ်ရာ ဆံပင်ဖားလျားတစ္ဆေမထံကနေ ညည်းတွားသံလိုလို ရယ်မောသံလိုလို

www.burmeseclassic.com

www.burmeseclassic.com



ကိုပင် သရုပ်မခွဲနိုင်တော့။

ဖနောင့်နှင့်တင်ပါး တစ်သားထဲကျအောင် လှည်းလမ်းဟောင်းအတိုင်း ကန်ကြီးကုန်းရွာဘက်သို့ ပြေးသွားလေတော့သည်။ သုသာန်တစ်ခုလုံး ကျီးငှက်များ တဝေါဝေါဖြင့် ညကြီးမင်းကြီး ပွဲလေတော့သည်။

"အာ ... အ"

"အ ... အား ... "

"အား ... "

ကျီးများ အလန့်တကြားပြိုသံ ခွေးအူသံ လေပြင်းများတဝေါဝေါတရွှဲရွှဲ တိုက်ခိုက်သံများဖြင့် တစ်ခုလုံးငြိမ်သက်နေသည့် ကန်ကြီးကုန်းသုသာန်သည် ဆူညံလှုပ်ရှားသွားလေတော့သည်။

ဆံပင်ဖားလျားကြီးဖြင့် နာနာဘာဝစီညာဉ် အရိပ်သဏ္ဍာန်သည် သုသာန်ကုန်းမြေတွင်းသို့ ပြန်လည်ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

❖



www.burmeseclassic.com

www.burmeseclassic.com

## တစ္ဆေမှင်စာ မွေးဖွားသူ

မနက်အရုဏ်လင်းလာခဲ့လေပြီ။

ကန်ကြီးကုန်းရွာကလေးသည် ထုံးစံအတိုင်း မနက်လင်းနှင့်ယခင်နေ့များနှယ် ညည်းသံ၊ နွားဟောက်သံများ သိပ်မကြားရဘဲ ရွာလယ်ခြံဝိုင်းတစ်ခုထဲရှိ မိန်းမသူတွေ ရုန်းစုရုန်းစုဖြစ်နေကြလေသည်။ ယင်းတို့အထဲတွင် ကန်ကြီးကုန်းရွာစွန်မှ ပဲပြုတ်သည် ဒေါ်တုတ်ကြီးလည်း ပါဝင်သည်။

"ဒေါ်တုတ်ရယ် ... ဒေါ်တုတ်ကြားခဲ့တာ ဟုတ်မှဟုတ်ရဲ့လားရှင်"

"အိုအေ ... ကျုပ်က မဟုတ်ဘဲနဲ့ ရွာရိုးကိုးပေါက်လျှောက်ပြီး မဟုတ်တမ်းတရား ပြောပါ့မလား ... ဖိုးတုတ်တစ္ဆေခြောက်ခံရတာကို သူ့မိန်းမ မိကြော့ကိုယ်တိုင်ပြောပြတာအေ့ ... "

"ဒေါ်တုတ် ... ဘာဖြစ်လို့လဲ ... "

နဘေးခြံမှ နောက်မှရောက်လာသည့် ညိုညိုသည် မလုံလေးအား ပဲပြုတ်ချိန်တွယ်ကြည့်ရန် လှမ်းပေးရင်း မေးလိုက်၏။

"ဖိုးတုတ်အေ ... မနေ့ညတုန်းက မူးမူးနဲ့ထိန်တောရွာကအပြန် ကန်ကြီးကုန်းသုသာန်ထဲက ဆံပင်ဖားလျားနဲ့တစ္ဆေမထွက်ခြောက်လို့လေ"

"ဟင် ... တကယ် ... တကယ် ... အဟုတ် ... "

"အိုတော် လာပြန်ပြီတစ်ယောက် ... ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လားလို့မေးနေပြန်ပြီ မယုံရင်လည်း မိကြော့ကို ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



သွားမေးကြည့်ကြအေ ... ”

ဒေါ်တုတ်သည် ချိန်ပြီးသားပဲပြွတ်ကို ဇလုံတွင်းသို့စောင့်ခနဲ ပစ်ထည့်ရင်း စိတ်တိုသွားသည်နှယ်ပြောလေသည်။ ပဲပြွတ်ဝယ်ပြီးသူ ခင်မြကလည်း

“ဒေါ်တုတ်ပြောတာ ဟုတ်မယ် ... စောစောက မိကြော့ရယ် ရွာအရှေ့ဖျား ကမန်းကတန်းသွားတာ တွေ့လိုက်တယ်တော့် ... ”

“အဲဒါ ရွာအရှေ့ဖျားက ဗိန္ဓောဆရာ ဦးသာရှင်ကြီးကို သွားခေါ်တာလေ၊ ကျုပ်လည်း ဖိုးတုတ်ကို တွေ့ခဲ့ရတာ အပမိနေသလိုလို ငုတ်တုတ်ကြီး ကြောင်စီစီရယ် ... ”

“ဟုတ်မယ်၊ အဲဒီသုသာန်ကုန်းက ဟိုတလောကလည်း ရွာထဲက မြသီတို့ ပွေးလှတို့ရယ် ထင်းခွေသွားကြတာ နေ့လယ်ခင်းကြီး သုသာန်ကုန်းပေါ်က ရယ်သံလိုလိုစကားပြောသံတွေလိုလို ကြားရလို့ ပြန်ထွက်ပြေးလာကြသတဲ့၊ တန်ကြီးကုန်းသုသာန်က ခုမှခြောက်တာမှ မဟုတ်တာ ဟိုတုန်းထဲက နာနာဘာဝတွေပေါတဲ့ဥစ္စာ ... ”

“ဒါမျိုးက ကံနိမ့်ရင် နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ် တွေ့တတ်မြင်တတ်တာမျိုးအေ့ ... ဖိုးတုတ်က အမြဲသောက်စားမူးယစ်နေတဲ့ဥစ္စာ အခြောက်မခံရနေရိုးလား”

“မိကြော့တို့အိမ် သွားမေးရဦးမှ ကျုပ်ကတစ်ခါခါ အဲဒီသုသာန်စောင်းက မယ်ဇလီဖူးတွေ သွားသွားခူးနေကျ ... ကဲ ကဲ ကျုပ်လည်း ရွာထဲ ဈေးဆိုက်ရောင်းလိုက်ဦးမယ် ... ”

“ဖိုးတုတ်လိုကောင် သရဲခြောက်ခံရတာ နည်းတောင်နည်းသေး အမှန်ဆိုရင်သရဲမက ကုပ်ချိုးသတ်ပစ်ဖို့ကောင်းတာ ... ”

“ဟယ် ... ညည်းကလည်း ဟိုကဖြင့် မူးကြောင် ရူးကြောင်ဖြစ်နေပါတယ်ဆို ... ”

“ညည်းက မေတ္တာပို့နေပြန်ပြီ၊ ဘာလဲ ညည်းနဲ့မိကြော့နဲ့ မတည့်တာနဲ့ ဖိုးတုတ်ကို မမြင်ချင်တော့တာလား ... ”

“မဟုတ်ရပေါင်တော် ... ကျုပ်ကမိကြော့ကို သနားလို့ပါ၊ မိကြော့အလေးသိပ်လိုချင်နေတာ ... ကျုပ်တို့ ညည်းတို့အသိပဲလေ ... ”

“အဲဒါနဲ့ ဖိုးတုတ်ကို သေစေချင်တာနဲ့ ဘာဆိုင်လို့လဲ နှမ်းမျှရဲ့”

“ဟင် ... ညည်းတို့မသိဘူးလား၊ ဟိုး တမြန်နှစ်က မိကြော့ကလေး



www.burmeseclassic.com

www.burmeseclassic.com



မီးဖွားတုန်းက အဖြစ်လေ ... ”

“ဟင် _ အဲဒါ ဘာဖြစ်လို့လဲ၊ မိကြော့ မီးဖွားတာ ကျုပ်တို့သိသား ပဲ လက်သည်ဒေါ်ဖွားမြကြီးမွေးတဲ့ဥစ္စာ _ အဲဒီတုန်းက မိကြော့က ကလေး သိပ်လိုချင်တာ၊ ဒါပေမဲ့ မွေးတာက အသေလေးဆိုတော့ ... ”

“ကျုပ်က အဲဒါကိုပြောမလို့တဲ့ _ မိကြော့မွေးတဲ့ကလေးက အသေ လေးမဟုတ်ဘူးဟဲ့ ... ဖိုးတုတ်က သချိုင်းထဲ သွားမြှုပ်တာတဲ့ မွေးလာတဲ့ ကလေးက တစ္ဆေမှင်စာလေးဖြစ်နေလို့တဲ့ ... ”

“ကျွန်မလည်း ပထမတော့ မသိဘူးရှင့်၊ သိပ်မကြာခင်ကမှ ဒေါ်ဖွားမြ ကြီးက စိတ်မကောင်းဖြစ်လို့ တစ်စွန်းတစ်စပြောလို့သိရတာ၊ အဲဒီကလေးကို မိကြော့မြင်ရင် သွေးတက်ပြီးသေမှာစိုးလို့ မိကြော့ကို အသေမွေးတယ်ဆိုပြီး ဖိုးတုတ်ကိုယ်တိုင် သချိုင်းထဲ သွားစွန့်ပစ်တာတဲ့ ... ဘယ်သူမှ မသိကြဘူး ပြောတယ် ... ”

“ဟယ် ... ”

ရွာသူရွာသားအချို့ နှင်းမြ၏စကားကြောင့် အရမ်းအံ့သြသွားကြရ လေသည်။ ဟိုးလွန်ခဲ့သည့်တမြန်နှစ်က ဖိုးတုတ်မိန်းမ မိကြော့က မီးဖွားခဲ့လေ သည်။ မိကြော့သည် သားသမီးလိုချင်လွန်း၍ ဗေဒင်မေး ယတြာချေ ဟိုနတ် စင်သွား ဒီရုက္ခစိုးစင် မီးထွန်းနှင့် နောက်ဆုံးကိုယ်ဝန်ရရှိလာလေတော့သည်။ သိပ်မကြာခင်မှာပင် ကိုယ်ဝန်က မွေးဖွားလေတော့၏။

သို့သော် ...

ကိုယ်ဝန်သည် မွေးဖွားလာသောအခါ အခြားသူများလို ချောမောလှ သော သားသမီးရတနာမဟုတ်ပေ။ အရုပ်ဆိုးအကျည်းတန်လွန်းသော တစ္ဆေ မှင်စာကလေးသဖွယ် မွေးဖွားခဲ့သည်။ ထိုညက ဖိုးတုတ်လည်း ထိန်တောရွာက မင်းဒင်တို့ရောက်ရှိနေခိုက်မို့ သောက်ကြစားကြရင်း အတော်မူးနေပြီဖြစ်သည်။

မွေးလာသောကလေးသည် လူမဟုတ်တဲ့ အရုပ်ဆိုးအကျည်းတန်ကာ တစ္ဆေမှင်စာသဖွယ် ကြည့်ရှု၍ မရအောင် အရုပ်ဆိုးလွန်း၍ ဖိုးတုတ်သည် အရှက်ရခဲ့သလို ခံပြင်းမိသည်။ ထိုအခါ မင်းဒင်က ...

“သွားစွန့်ပစ်လိုက်ကွာ ... ဟော့ကောင် ဖိုးတုတ် မင်းကမွေးတော့ လည်း လူမဟုတ်ဘဲ တစ္ဆေမှင်စာမွေးပါလား ... ရွာထဲကိုဘယ်လိုမျက်နှာပြ မလဲ၊ အဲဒါကအကြောင်းမဟုတ်ဘူး၊ မင်းမိန်းမဟာသွေးနုသားနုနဲ့ ခုတောင်



www.burmeseclassic.com

www.burmeseclassic.com



သတိလစ်နေလို့ ဒေါ်ဖွားမြပြုစုနေရတယ် မဟုတ်လား ... ဒါလေးသာ သူမြင်ရင် ချက်ချင်း သွေးတက်ပြီး သေသွားမယ် ...”

“ဟာ ... ဒါ ... ဒါတော့”

“ဒါတော့ မနေနဲ့ ဘယ်သူမှသိတာမဟုတ်ဘူး ဖိုးတုတ် ... ဒေါ်ဖွားမြကြီးပဲ သိသေးတယ်၊ ဒီမှင်စာသဘက်လေးကို မင်းမစွန့်ပစ်ရင် ရွာထဲ ဘယ်လိုမျက်နှာပြရမလဲကွ ပိုင်းကဲ့ရဲ့ကြမှာပေါ့ ... သားသမီးပဲ နောက်ထပ်မွေး ရပါတယ်ကွာ ...”

မင်းဒင်က အတင်းတိုက်တွန်းနေ၍ ဖိုးတုတ်အတန်ငယ်တွေဝေသွားမိသည်။ သည့်နောက် သိပ်မကြာခင် ဖိုးတုတ်သည် တစ်စုံတစ်ခုအား ယတိပြတ်ဆုံးဖြတ်လိုက်ဟန်ဖြင့် တဲတွင်းကနေ အမှောင်တွင်းသို့ လှမ်းထွက်သွားလေတော့သည်။

ယင်းအဖြစ်ကို မိကြော့အား မွေးဖွားပေးသူ လက်သည်ဒေါ်ဖွားမြကြီးပင်လျှင် မသိရှိလိုက်ပေ။ ယခုနောက်ပိုင်းမှသာ ဒေါ်ဖွားမြကြီး၏နှုတ်ကနေ ဟိုတစ်စသည်တစ်စပြောလာကြ၍ ရွာကရိပ်မိလာခြင်းဖြစ်၏။ မိကြော့၏ နားသို့မူ မပေါက်ကြားသေးပေ။ ကြော့မေသာ ယင်းကိစ္စအားသိသွားပါက ဖိုးတုတ်နှင့် ပြဿနာအကြီးအကျယ် ဖြစ်သွားနိုင်၏။ ကြော့မေသည် ရင်ဖြင့်လွယ်ကာ မွေးခဲ့ရသည့်မိခင် မဟုတ်ပါပေလား ...



www.burmeseclassic.com

www.burmeseclassic.com

## ရေပေါ်ကျွန်းမှအရိပ်သဏ္ဍာန်

ညသည် ဆန်းသလို လရောင်လေးက ရေပေါ်ကျွန်းကြီးပေါ်သို့ ဖြာကျနေလေသည်။ သစ်ပင်ကြီးများ ဝါးတောကြီးများအား မြစ်ဘက်ဆီမှ အဆီးအတားမဲ့ တိုက်ခိုက်လာနေကြသော လေကြမ်းကြောင့် ညကြီးမင်းကြီး တစ္ဆေသရဲ နာနာဘာဝကောင်ကြီးများ လက်တံကြီးတွေ လှုပ်ရှားယိမ်းနွဲ့နေသလို ထင်မှတ်နေရလေသည်။

"ဝေါ ... ဝေါ ..."

မြစ်ဘက်ဆီက ကြမ်းတမ်းသောလေကြမ်းများကလည်း တဝေါဝေါ တဖျောဖျော တိုက်ခတ်နေ၍ ရေပေါ်ကျွန်းပေါ်မှာ သစ်ပင်ကြီးများ ချုံနွယ်ပိတ်ပေါင်းများ လှုပ်ရမ်းနေကြလေသည်။ ယင်းအထဲတွင် အရိပ်မည်းကြီးတစ်ခုက ရွေ့လျားလှုပ်ရှားနေ၏။ အရိပ်သဏ္ဍာန်ကြီးသည် ကျွန်း၏အလယ်တည့်တည့်ရှိ ရေပေါ်ကျွန်းသခင်မ ရုပ်တုကြီးအနီးသို့ ရောက်ရှိလာသည်။ အရိပ်သဏ္ဍာန်ကြီးသည် ရုပ်တုကြီး၏ရှေ့မှောက်သို့ရောက်သော် တခဏမျှ ငြိမ်သက်စွာရပ်နေပြီးနောက် နှုတ်ကနေ တီးတိုးရေရွတ်လိုက်လေသည်။

"အင်း ... သံတ္တာဝါတွေဆိုတာ ဘဝ အနန္တရမှာ ဖြစ်လိုက်ပျက်လိုက်နဲ့ မွေးလိုက်သေလိုက်နဲ့ သံသရာကမရပ်မနားပါလား၊ ဒါတွေဟာလည်း ငါနဲ့ ဘဝပေါင်းများစွာက ဆွေတွေမျိုးတွေ တော်စပ်ခဲ့ကြမှာပဲ၊ ဒီသခင်မရုပ်တုကြီးကလည်း၊ တစ်ချိန်ကဘယ်လောက်ကြီးကျယ်ခမ်းနားခဲ့တယ်ဆိုတာ သူတို့



www.burmeseclassic.com

www.burmeseclassic.com



မသိကြလို့ ဖျက်ဆီးဖို့ကြံနေတာကြတာပဲ ... အင်း ... ဒုက္ခ ... ဒုက္ခ ဆင်းရဲခြင်းပါပဲလား''

အရိပ်မည်းမည်းကြီးသည် တီးတိုးရေရွတ်လိုက်ပြီးနောက် သစ်ပင်ချုံနွယ်များကင်းရှင်းသော လမ်းလေးအတိုင်း ရေစပ်ဘက်ဆီသို့ ဆင်းသက်လာခဲ့သည်။ ရေစပ်တစ်လျှောက် ကျယ်ပြန့်သော ရွံ့ပြင်ကြီးနှင့်သဲသောင်ကမ်းတွေကလည်း ရှိနေ၏။ အရိပ်မည်းကြီးသည် သဲသောင်စပ်တစ်ခုတွင် ရပ်တန့်လိုက်ပြီး နှုတ်ကနေ တစ်စုံတစ်ရာအား တီးတိုးရေရွတ်လိုက်ပြန်လေသည်။

''အင်း ... ကုမ္ဘီရနဲ့ဒေဝီတို့ ဘယ်ရောက်နေပါလိမ့်''

''ဝေါ်''

သိပ်မကြာခင်မှာပင် ရေပြင်ထဲကနေ လှိုင်းတွန့်ကလေးများ လွင့်လူးသွားကာ အမည်းရောင်သစ်တုံးကြီးနှစ်ခုသည် ကမ်းစပ်သောင်ခုံဆီသို့ တရွေ့ရွေ့တိုးကပ်လာလေသည်။ ကြီးမားလှသော မိကျောင်းကြီးနှစ်ကောင်ပင်ဖြစ်သည်။

မိကျောင်းကြီးများသည် အရိပ်မည်းမည်းသဏ္ဌာန်ကြီး၏ရှေ့ရှိ သောင်ခုံအစပ်ရေထဲ၌ လူးလာခေါက်တုံ့ ကူးယက်နေကြပြီး အတော်ကြာသောအခါ အရိပ်မည်းမည်းကြီး၏ ရှေ့နားတွင် တရွေ့ရွေ့လူးလွန့်တက်လာပြီး ငြိမ်သက်စွာ ရပ်တန့်လဲလျောင်းနေကြ၏။ မိကျောင်းနက်ကြီးနှစ်ကောင်မှာ ကြီးမားရှည်လျားလှပြီး တစ်ကောင်လျှင် ဆယ်တောင်ကျော်ရှည်လျားလေ၏။ တစ်ခုထူးခြားမှုမှာ ဤမျှ ရေပြင်ဇဗ္ဗလာဝယ် ရေလုပ်သားတိုင်း၊ တံငါတိုင်းကြောက်ရွံ့ကြသည့် မိကျောင်းကြီးများမှာ ယခုအရိပ်မည်းမည်းကြီး၏ရှေ့မှောက်၌ ပကတိအိမ်မြှောင်တောက်တဲ့ကလေးများသဖွယ် ငြိမ်သက်နေခြင်းပေတည်း ...

''ကျန်းမာချမ်းသာကြပါစေကွယ် ... ကဲ ... ကဲ သွားကြတော့''

အရိပ်မည်းကြီး၏ တီးတိုးရေရွတ်ပြီး ဆုပေးသံအဆုံး၌ သဲသောင်စပ်၌ငြိမ်သက်စွာ လဲလျောင်းနေသည့် မိကျောင်းကြီးနှစ်ကောင်သည် ရေစပ်သို့ ပြန်လည်ဆင်းသက်ပြီး ငုပ်လျှိုးပျောက်ကွယ်သွားလေတော့သည်။ အရိပ်မည်းမည်းကြီးသည် ကျွန်းပေါ်မှနေ၍ ကျွန်းကြီးပေါ်သို့ ပြန်လည်တက်လာလေ၏။ ကျွန်းကြီးတစ်ခုလုံး လေပြင်းများ တိုးဝှေ့သံတဝေါဝေါ တဟဲဟဲသာဆူညံနေသည်။

အရိပ်သဏ္ဌာန်သည် ကျွန်းကြီး၏အလယ်ရှိ ရေပေါ်ကျွန်းသခင်မ၏ နန်းတော်ကြီးအပါးသို့ ပြန်လည်ရောက်ရှိလာသည်။ အရိပ်သဏ္ဌာန်ကြီးသည် နန်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းသခင်မဟာ လူအများကိုပြောဆို သမုတ်ထားကြသော ပျက်စီးယိုယွင်းနေသောရုပ်တုကြီးအားကြည့်လျှက် နှုတ်ကနေ ...

"အင်း ... "

"ဒီနေရာ ဒီဌာနဟာ တစ်ချိန်က အလွန်ကြီးမားခမ်းနားခဲ့တဲ့နေရာထူးတစ်ခုဖြစ်သလို ဒီရုပ်တုကြီးဟာလည်း တစ်ချိန်က ဟံသာဝတီက ထင်ရှားတဲ့မင်းသမီးတစ်ဦးက ထုလုပ်ခဲ့တဲ့သမိုင်းဝင်တဲ့အနုပညာရုပ်တုကြီးမှန်း ဉာဏ်ပညာနုံနဲ့တဲ့ ရွာသူရွာသားတွေ မသိရှိကြတာပဲ စိတ်မကောင်းစရာပါပဲလေ"

အရိပ်သဏ္ဌာန်သည် ရုပ်တုကြီး၏ရှေ့ကနေ လှမ်းထွက်ခွာမည့်အပြုအနီးရှိ ချုံတောတွင်းကနေ အရိပ်တစ်ခုကထွက်ပေါ်လာ၏။ ပထမအရိပ်သဏ္ဌာန်သည် ခြေအစုံ ဖျတ်ခနဲရပ်သွားပြီးလျှင် တိုးညင်းစွာဖြင့် ...

"ကပ္ပိယကြီး" ... "

"မှန်လှပါ ... ဘုရား ... "

ဒုတိယအရိပ်မည်းကြီးသည် ပထမ အရိပ်သဏ္ဌာန်ရှေ့ ဒူးထောက်ဝတ်ဖြည့်လိုက်၏။

"အင်း ... သံသရာထဲမှာ သတ္တဝါတွေဟာ တွေ့ဆုံကြေကွဲဖြစ်မြဲဓမ္မတာပါပဲလေ _ ကပ္ပိယကြီးနဲ့ ကျုပ်မတွေ့တာတောင် အတော်ကြာပြီပဲ၊ ကဲကဲ ကျောင်းဘက်ကို လိုက်ခဲ့ချည်ဦး ... "

"မှန်လှပါ ... ဘုရား ... "

ယင်းနောက် အရိပ်သဏ္ဌာန်နှစ်ခုသည် တောလမ်းလေးအတိုင်းရွှေသောင်မြေရွာဘက်သို့ လရောင်ကြယ်ရောင်အောက်၌ တရွေ့ရွေ့လျှောက်လှမ်းသွားလေတော့သည်။ ရေပေါ်ကျွန်းကြီးမှာမူ မည်သည့်သက်ရှိသက်မဲ့တို့၏လှုပ်ရှားသံကိုမျှ မကြားရလောက်တော့အောင်ပင် လရောင်ထဲ၌ အုပ်ဆိုင်းစွာကျန်ရစ်ခဲ့လေတော့၏။

⚜



www.burmeseclassic.com

www.burmeseclassic.com

## သုသာန်မြေမှ လူများ

ညနေခင်းဘက်ဆီသို့ပင် နေရောင်က ကူးပြောင်းစပြုလာပြီဖြစ်သည်။ ကန်ကြီးကုန်းသုသာန်သည် ငြိမ်သက်နေရာက ဆူညံသည့်ဝိုယိုသံ လူသံများကြောင့် အသက်ဝင်လှုပ်ရှားလာသကဲ့သို့ ရှိလေသည်။ ရွာထဲမှ အသုဘလာ ရောက်ပို့ဆောင်ကြခြင်းဖြစ်သည်။

အသုဘဟုသာဆိုရပါသော်လည်း လူကသိပ်ပြီး ပို့ဆောင်သူမဟုတ်လှပါချေ။ တစ်ဆယ့်လေးငါးယောက်ခန့်သာရှိပေ၏။ သေသူမှာ ရွာတွင်းမှ အသက်ရှစ်ဆယ်နီးပါးရှိ ဒေါ်နှင်းပင်ဖြစ်သည်။ လူကြီးရောဂါဖြင့် ကံကုန်နေ့စေ့သေဆုံးခြင်းဖြစ်၍ သားသမီးအနည်းငယ်ဖြင့် အသုဘကိုစွဆောင်ရွက်ရန် ရွာသားလေးငါးဆယ်ဦးခန့်သာ လိုက်ပါလာကြ၏။

သုသာန်ထဲသို့ရောက်သောအခါ ရွာသားအချို့က ဒေါ်နှင်း၏အလောင်းအားမြှုပ်နှံရန် ကျင်းတစ်ခုတူးနေကြ၏။ ရွာသားအချို့က ဒေါ်နှင်း၏သားသမီးများအား ...

"ကဲ ... ဟေ့"

"ဟဲ့ ... ရေအိုးခွဲမယ် ... နောက်ဆုံး ကန်တော့ကြ"

"အမလေး ... အမေရဲ့ သမီးတို့ကို ခွဲသွားပြီလား ..."

"ဟီး ... ဟီး ... "

"ခွမ်း"



www.burmeseclassic.com

www.burmeseclassic.com



ရေအိုးခွဲသံ ငိုသံယိုသံတွေ ဆူညံပွက်လောရိုက်သွားလေသည်။ အစောပိုင်းက တိတ်ဆိတ်နေသည့်သုသာန်ဝင်းကြီးမှ လူသူများကြောင့် ဆူညံသက်ဝင်လာ၏။ ဒေါ်နှင်း၏ သားတစ်ယောက်သည် ဒေါ်နှင်း၏အခေါင်းအား မြေမမြှုပ်ခင် သူယူလာသည့်အဝတ်ထုပ်ကလေးအား အခေါင်းတွင်းသို့ ထည့်ပေးလိုက်ကာ ...

"အမေရေ မေဝတ်နေကြ အဝတ်အစားတွေပါ ထည့်ပေးလိုက်ပါတယ်၊ နောင်ဘဝမှာ အမေ အဝတ်အစားပေါ်များအောင်ပါ ... အဟီး ဟီး ဟီး ... "

"ကဲ ... မောင်လှ ဖယ်တော့ ... အချိန်မရှိဘူး သင်္ဂြိုဟ်တော့မယ်"

လူတစ်ယောက် နောက်ဆုံးသွားရာခရီးက အချိန်သိပ်မကြာလိုက်ပါချေ။

သည်နောက် ...

"ကဲဟေ့ ... သွားကြမယ်ဟေ့ ... တော်ကြာ ရွာအပြန်မှောင်သွားဦးမယ် ... "

ယင်းနောက် မကြာမီမှာပင် အသုဘပို့လာသောလူစုက သုသာန်ကုန်းကြီးပေါ်ကနေ ပြန်လည်ထွက်ခွာသွားကြလေတော့သည်။ ယင်းအသုဘအား လိုက်လံပို့ဆောင်ပေးသော လူများထဲ၌ ကန်ကြီးကုန်းရွာသား အရက်သမား အရှည်ကြီးလည်းပါလေသည်။ အရှည်ကြီးသည် ရွာတွင်းရှိမည်သည့်အသုဘမဆို အရက်သာသူ့အားတိုက်လျှင် ထင်းခွဲရေခပ် အောက်ခြေသိမ်းအလုပ်မှစ၍ အလောင်းပြင် ရေချိုး ကျင်းတူး စသော စန္ဒာလအလုပ် အခမဲ့လုပ်ကိုင်လေ့ရှိသူဖြစ်သည်။

ယခုလည်း ဒေါ်နှင်း၏သားမောင်လှ အကူအညီတောင်း၍ အရှည်ကြီးလိုက်ပါလုပ်ဆောင်ပေးခြင်းဖြစ်သည်။ ဒေါ်နှင်း အခေါင်းထဲသို့ မောင်လှထည့်ပေးလိုက်သော အဝတ်ထုပ်ကြီးမှာ အဝတ်ဟောင်းများသာမက မဝတ်ရသေးသော ပါတိတ်လုံချည် အသစ်စက်စက်နှစ်ထည်ပါ,ပါမှန်း အရှည်ကြီးသိသည်။ အဝတ်ဟောင်းတွေနှင့် လုံချည်သစ်ကြီးနှစ်ထည်ကိုပါ အရှည်ကြီးမျက်လုံးပါ မြင်ယောင်နေ၍ ရွာသို့ပြန်သာလာခဲ့ရသော်လည်း ခြေလှမ်းက ခပ်တုံ့တုံ့ဖြစ်နေသည်။ လုံချည်သစ်နှစ်ထည်သူရလျှင် ယူပြီးမြို့က အဟောင်းဈေးသို့သွားရောင်းလျှင် သူ့ငွေကြေးရ၍ သုံးလေးရက်စာမက အရက်ဖိုး ဖူလုံမည်ဟုတွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်း၏အလောင်းကိုတူးကာ အဝတ်အစားများယူပြီးပြန်မြှုပ်ဖို့ လိုက်လျှင် မည်သူမျှ ခြေရာလက်ရာပျက်သည်ဟုထင်မှာ မဟုတ်ပေ။ သေပြီးသည့်လူသည် သေပြီးနောက် မည်သည့်အဝတ်အစားဝတ်နေစရာလိုပေတော့မည်နည်း ... ဒါက အပိုအလုပ်တွေ ...

မသေခင် သားသမီးများသည် မိဘများအား ကောင်းကောင်းကျွေးမွေးပြုစုဖို့ပဲလိုသည်ဟု အရက်သမားအရှည်ကြီးတွေးနေလေသည်။ သို့သော် တွေးမယ်သာတွေးနေရသည်။ အရှည်ကြီးသည် မမြင်ရသော ဝိညာဉ်တစ္ဆေသရဲများအား ကြောက်လန့်သူဖြစ်သည်။ ကိစ္စမရှိပေ။ ရွာထဲမှာ သူနှင့်သောက်ဖော်သောက်ဖက် အရက်သမားပေါ့ရှိလေသည်။ သူ့အား အဖော်စပ်ပြီး မှောင်စပျိုးလောက်တွင် ဤသုသာန်သို့ ပြန်လာမည်ဟု အရှည်ကြီးတွေးမိလေသည်။

"ဟေ့ကောင် အရှည်ကြီးလာလေကွာ ... ဘာလို့နောက်ကျကျန်နေရတာလဲ နေ့းတုံ့ နေ့းတုံ့နဲ့ တကတည်းကွာ ..."

"ဟာ ... လာပါပြီကွ ..."

"လာပြီ ..."

ရှေ့ကသွားနေကြသော ရွာသားအုပ်စုထဲက ရွာသားတစ်ယောက်က လှည့်၍ အော်လိုက်သဖြင့် အရှည်ကြီး ကမန်းကတန်းအော်ရင်း ခြေလှမ်းအား ခပ်သွက်သွက် လှမ်းလိုက်တော့၏။ နေက ညိုစပြုလာပေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## တစ္ဆေအစစ်မြင်ရခြင်း

သုသာန်ကုန်းကြီးတစ်ခုလုံး အမှောင်ကဖြန့်ယှက်လွှမ်းခြုံစ ပြုနေလေပြီ။ နေဝင်ပြီးမှ အမှောင်ပျိုးလာချိန်မို့ သုသာန်ဝင်းတွင်းရှိ သစ်ပင်ကြီးများ ဝါးရုံများ၌ အိပ်တန်းတက် ဆူညံနေကြသော ကျေးငှက်သရက်ာများပင် တိတ်ဆိတ်သွားကြလေပြီဖြစ်သည်။

လူသူကင်းမဲ့သည့် သုသာန်တစပြင်ဖြစ်သောကြောင့်လည်း နေဝင်စ အမှောင်လွှမ်းလာသည်နှင့် တစပြင်သည် ကြောက်မက်ဖွယ်ချောက်ချားဖွယ် အရိပ်အယောင်များ ထင်လာလေတော့သည်။ သုသာန်ကုန်းပတ်ဝန်းကျင်ရှိ သစ်ပင်ကြီးငယ်များ ဝါးရုံပင်များသည် လေအဟုန်မှာ တစ္ဆေလက်တံကြီးများသဖွယ် လှုပ်ရှားယိမ်းထိုးနေကြလေသည်။

"အော့ ... ဟော့ ... ဟော့ကောင် အ ... အရှည်ကြီး၊ မင်းခေါ်လို့သာ ငါကလိုက်လာခဲ့ရတာ ... ငါ တစ္ဆေသရဲကြောက်တယ်ကွ"

"ဟာ ... ငါလဲ မင်းလိုပဲပေါ့ကွာ၊ ဒါ ... ဒါပေမဲ့ လမ်းမှာမင်းကို ငါပြောပြခဲ့တာပဲ၊ လုံချည်တွေက အသစ်ကြီးကွ ပြီးတော့ ဒေါ်နှင်းမှာ ရွှေ ရွှေသွားတစ်ချောင်းရှိတယ်ကွ ... "

"ဟာ ... အဲ အဲဒါတော့ ... ငါ ... ငါမလုပ်ရဲဘူး ... အရှည်ကြီး ခုတောင် အရက်သောက်ရမယ်ဆိုလို့ ကြောက်ကြောက်နဲ့လိုက်ခဲ့ရတာ"

အရှည်ကြီးသည် စကားဆက်မပြောတော့ဘဲ သုသာန်ကုန်းကြီးပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်လာခဲ့လေသည်။ သုသာန်အတွင်းရှိ လရောင်မလင်းတလင်း အမှောင်ပါး ပါးထဲမှာ ဝိုးတဝါးမြင်နေရသော အုတ်ဂူအကျိုးအပဲ့များ မို့မောက်နေသည့်မြေပုံ များ မှတ်တိုင်ငုတ်တိုများကလည်း အမှတ်တမဲ့ဆိုပါလျှင် ချောက်ချားသွေးပျက် စရာပင်ဖြစ်သည်။

"မင်း ... မင်းဉစ္စာက ဘယ်နားမှာလဲကွ ... လိုသေးလား"

"ရှေ့နားမှာပါကွာ ... မင်းကလည်း ကြောက်နေရပြန်ပါပြီ"

"အူ ... အူ"

"ဟာ ... အ ... အရှည်ကြီး"

"မင်းကလည်းကွာ ... မကြောက်စမ်းပါနဲ့ ... "

ခွေးအူသံကြီးသည် မရပ်မနားအူနေဆဲ အရှည်ကြီးသည် နေ့လယ်ခင်း ကပင် သူကိုယ်တိုင် ကျင်းတူးမြှုပ်နှံခဲ့သော ဒေါ်နှင်း၏မြေပုံသစ်ရှိရာသို့ လျှောက်လာခဲ့၏။ ချုံတောများ မြက်ရိုင်းပင်များသည် ယင်းမြေပုံအနီးတဝိုက်တွင် ထူထပ်လျှက်ရှိသည်။

ရုတ်တရက် အရက်သမားအရှည်ကြီး၏ နားထဲတွင် တရှေ့ရှည်သံ ကြီးအား လူညည်းသံကြီးလား မကွဲပြားသောအသံကြီးတစ်ခုအား ကြားလိုက်ရ လေ၏။

"အဟီး ... ဟင်း ... ဟင်း ... "

"ဟင် ... "

"ဟာ ... ရယ်သံကြီးကွ ... "

ပြေူးလည်း သူကဲ့သို့ပင် ကြားလိုက်ရသည့်နှယ် အထိတ်တလန့် ထစ်ငေ့ါစွာပြောလေ၏။ အရှည်ကြီးသည် ချုံဖုတ်တစ်ခုအကွယ်ကနေ ရယ်သံကြီး ထွက်ပေါ်လာရာသို့ အကြည့် ...

"ဟာ"

"ဟင် ... "

"ဗုဒ္ဓေါ ... "

လရောင် မလင်းတလင်းအောက်မှာ ကြောက်မက်ဖွယ်ရာအရုပ်ဆိုး အကျည်းတန်လွန်းသော မျက်နှာကြီးအား မြင်လိုက်ရလေသည်။ ယင်းအခိုက် မှာပင် အရှည်ကြီးနှင့် ပြေူးတို့ရှေ့မှောက်သို့ အုတ်ဂူနဘေး ခြုံရှုပ်ထဲကနေ တစ်စုံတစ်ရာက ဖျတ်ခနဲ ထိုးထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်တစ်ယောက်ပင် ဖြစ်သည်။

သို့သော် သူတို့မြင်လိုက်ရသောကလေးငယ်မှာ လူသားစင်စစ်မဟုတ်။

အလွန်ကြောက်မက်ဖွယ်ကောင်းသည့် ရုပ်ပျက်ဆင်းပျက်မျက်နှာကြီးဖြင့် မှင်စာတစ္ဆေလေးဖြစ်နေလေတော့သတည်း။ ထိုမှင်စာလေးသည် ဆံပင်ဖားလျားဖြင့် တစ္ဆေမဆီသို့ လှမ်းသွားစဉ် အရှည်ကြီးတို့ ပုန်းခိုနေရာဘက်သို့ လှည့်ကြည့်လိုက်လေ၏။

"အား ... အ ... အမယ်လေး ... "

"ကြောက် ... ကြောက်ပါပြီဗျ ... "

"သ ... သရဲ ... "

"အား ... "

အရှည်ကြီးရော ငပြူးပါ သူတို့ခေါင်းထဲရှိ အရက်ရှိန်များ ဘယ်ဆီဘယ်သို့လွင့်ပျောက်သွားလေသည်ပင် မသိတော့တဲ့ အသံနက်ကြီးများဖြင့်အော်ကာ ကန်ကြီးကုန်းသုသာန်ကုန်းကြီးထဲကနေ တစ်ချိုးတည်း ခွေးပြေးဝက်ပြေး ထွက်ပြေးကြလေတော့သည်။

ကန်ကြီးကုန်းသုသာန်ကြီးထဲ ကျီးပြိုသံတွေက ဆူညံသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## သက်န်းစည်းပေးလိုသူ

မြေတိုက်ဂူကြီးသည် လရောင်အလင်းကြောင့် ရိပ်ပျပျလေးလင်းနေ၍ အရာဝတ္ထုတွေကို ထင်ရှားစွာမြင်နေကြရသည်။ ဂူကြီး၏ထောင့်တွင် မကျည်းတန်သည် ထိုင်နေသော ကလေးငယ်အား လက်ဟန်ခြေဟန်ဖြင့် အမူအရာများ လုပ်ပြနေသည်။

ပြီးတော့ ညတုန်းက သူမသုသာန်ထဲ၌ အသုဘလာပို့သည့် မြေကျင်းကို ကြည့်ပြီး သွားရောက်ပြန်လည်တူးဖော်ကာ ယူလာခဲ့သည့် လုံချည်အင်္ကျီသစ်များဖြင့် ဝတ်ဆင်ထား၏။ မြေတိုက်ဂူကြီးမှာ တစ်ချိန်တုန်းက လူသူအများ နေထိုင်သုံးစွဲခဲ့ကြဟန် လုံခြုံပြီး သပ်ရပ်လေသည်။ ကလေးငယ်မှာ မကျည်းတန် သုသာန်တွင်းမှကောက်ယူရလာသော ဘဝတူမောင်ရုပ်ဆိုးလေးပင်ဖြစ်သည်။

မကျည်းတန်သည် ထိုရုပ်ဆိုးလေးအာ အရမ်းချစ်ခင်တွယ်တာလေသည်။ ယခုဆိုလျှင် ကလေးငယ်ပင် လမ်းလျှောက်တတ်နေလေပြီဖြစ်သည်။ သူမ လူသေမသာဆီက တူးဖော်ထားသော အဝတ်အစားအချို့အား ဝတ်ဆင်ပေးထား၍ ဖိုးရိုးဖားရားကြီးဖြစ်နေလေသည်။

"မမ ... မောင်လေးကို ရွာထဲကသူများတွေလို ရှင်ပြုပေးမလို့ ပိုက်ဆံတွေစုထားတာ အများကြီးရနေပြီ၊ ဒီမှာကြည့် ... "

မကျည်းတန်သည် သူမ၏လက်တွင်းရှိ ငွေအကြွေစေ့များအား ကလေးငယ်အား ပြလိုက်၏။ ယင်းငွေများသည် ရွာထဲကနေ မသာလာချ၍



www.burmeseclassic.com

www.burmeseclassic.com



မသာရှင်တွေပြန်သွားကြသည့်အခါ ညည့်နက်သန်းခေါင်များ၌အလောင်းကိုပြန်တူးဖော်ကာ အဝတ်အစားနှင့်ပါးစပ်ထဲမှရသော ငွေအကြွေစေ့လေးများအား စုဆောင်းထားခြင်းဖြစ်သည်။ သူမသည် ငယ်စဉ်အခါက ရွာကျောင်းတွင် နေထိုင်ခဲ့ရဖူး၍ ရှင်ပြုပွဲနှင့် ကိုရင်လေးများအား မြင်တွေ့ဖူး၏။

သူမမှာ ယင်းသို့ ငွေကြေးများရရှိလာလျှင် မောင်ငယ်ရုပ်ဆိုးလေးအား သင်္ကန်းလေးဝယ်ကာ ကိုရင်စည်းပေးရန် စိတ်ကူးဖြင့် စုဆောင်းနေခြင်းဖြစ်သည်။ ဘရသေ့ကြီးကိုပင် မပြောပြပေ။

"မောင်လေး ရုပ်ဆိုးကို မမကိုရင်လေး လုပ်ပေးမယ်နော် အဟီး။ အဲဒီကျရင် မောင်လေး ဘာမှမလုပ်ရတော့ဘူး။ အရမ်းလှမှာ ဟီး ... ဟီး"

မကျည်းတန်သည် သူမ၏ရင်ထဲမှပြောချင်နေသည့် စကားများကို ခြေဟန်လက်ဟန်ဖြင့် ပြောဆိုနေခြင်းဖြစ်သည်။ ဒါကို မောင်ရုပ်ဆိုးလေးကလည်း ခေါင်းတညိတ်ညိတ်ဖြင့် ဝမ်းသာပျော်ရွှင်နေလေသည်။ မကျည်းတန်သည် ဖွံ့ထွားသောကိုယ်ခန္ဓာကြောင့် အပျိုဖြန်းလေးသဖွယ်ဖြစ်နေပြီဖြစ်သည်။

ထိုစဉ် အရိပ်တစ်ခုသည် မြေဂူကြီးအတွင်းသို့ ထိုးကျလာသဖြင့် မကျည်းတန်လေး ဝမ်းသာသွားရလေသည်။ မြေဂူကြီးအတွင်းသို့ဝင်ရောက်လာသူမှာ ရသေ့ကြီးကြာယံပင်ဖြစ်လေသည်။

"ဘ ... ဘ ... "

မကျည်းတန်သည် ထိုစကားတစ်ခွန်းကိုတော့ မပီမသခေါ်ဆိုပြီး ဘရသေ့ကြီးထံသို့ ပြေးသွားလိုက်လေသည်။ ရသေ့ကြီးသည် ယူဆောင်လာသော စားသောက်စရာများအား ပေးလိုက်လေသည်။ ပြီးတော့ ထိုင်ချလိုက်ကာ သူ၏ရှေ့တွင် အစားအသောက်များအား အားရပါးရစားသောက်နေသော မကျည်းတန်နှင့် မောင်ရုပ်ဆိုးတို့မောင်နှမနှစ်ယောက်အား ကြည့်ကာမျက်နှာက ပြုံးရွှင်နေလေသည်။

"ကောင်းရဲ့လား ... ငါ့မြေးတို့ ... "

"ဘ ... ဘ ... "

မကျည်းတန်သည် ပေရေနေသောလက်ဖြင့် ခေါင်းကိုတဆတ်ဆတ်ညိတ်ပြလေသည်။ ရသေ့ကြီးသည် သက်ပြင်းတစ်ချက်အားချလိုက်ပြီး မကျည်းတန်၏ခန္ဓာကိုယ်ပေါ်က အဝတ်အစားသစ်များကို သတိပြုလိုက်မိသည်။ ချက်ချင်းလည်း သိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မြေး ကျည်းတန် ဒီနေ့လာမြှုပ်တဲ့ မသာကို ရုပ်ဆိုးနဲ့သွားတူးပြန် ပြီထင်တယ် ... "

"အ ... ဘ ... "

မကျည်းတန်သည် ဟုတ်ကြောင်းခေါင်းညိတ်ပြကာ သူမတို့အဝတ် အစားတွေသွားယူနေစဉ် သူမတို့နှစ်ယောက်အား အမှတ်မထင် မြင်တွေ့သွား သည့်လူသားနှစ်ယောက် ကြောက်လန့်တကြား ထွက်ပြေးသွားသည်ကို ရေယက် မဝင်အောင် အမူအရာမျိုးစုံဖြင့်ပြောပြ၏။ ရသေ့ကြီးမှာ ငယ်စဉ်ထဲကမြေး သဖွယ် ကျွေးမွေးလာခဲ့သူမို့ မကျည်းတန်ပြောဆိုသမျှ အကုန်နားလည်သည်။ ထို့အတွက်ကြောင့်လည်း မကျည်းတန်လေးအတွက် ရင်မောပြီး သက်ပြင်းချ လိုက်မိပြန်၏။

"မြေးလေး ... ကျည်းတန် နောက် အဲလိုအလောင်းတွေဖော်ပြီး အဝတ်အစားတွေမယူနဲ့တော့နော် ... အဘတစ်ခြားကနေ ရှာဖွေပေးမယ်၊ အဲဒီအလုပ်က မြေးလေးတို့အတွက် အန္တရာယ်များလွန်းတယ် ရွာထဲမှာလည်း မြေးလေးတို့ကို အမှတ်မထင်မြင်တွေ့သွားတဲ့သူတွေက သရဲတစ္ဆေဆိုပြီး အထင် များ အမြင်မှားဖြစ်နေကြတယ်ကွယ့် ... ကြာရင်ခက်လိမ့်မယ် ... ကိုယ့်ဘာ သာကိုယ်ပဲ ဒီဂူကြီးထဲမှာနေ၊ ဒီနေရာက လုံခြုံစိတ်ချရတဲ့လူဆိုတာ လောကမှာ သူတော်ကောင်းစိတ်ရှိသူက နည်းနည်းရယ်၊ ယုတ်မာပက်စက်ကောက်ကျစ်သူ တွေကများလွန်းတယ် ... အဘပြောတာတွေက မြေးလေးတို့အန္တရာယ်မဖြစ် မကျရောက်အောင်လို့ပါ ... "

"နောက်ပြီး ... ဘရသေ့လည်း ဒီအရပ် ဒီနေရာထက်ကောင်းမွန် တဲ့ တောရတစ်ခုကို ရှာတွေ့ထားပါပြီ၊ ဒီနေရာကြီးမှာပဲ မြေးတို့သိပ်မနေရတော့ ပါဘူး၊ ဘရသေ့က ဆရာတော်ရဲ့အမိန့် မလွန်ဆန်ချင်လို့သာနေရတာ ... "

"ဘ ... ဘ ... "

ရသေ့ကြီး၏စကားဆုံးသောအခါ မကျည်းတန်သည် သူ၏ခါးမှာ အမြဲ ဆွဲထားသော အိတ်ရှုံ့ကလေးကို ရသေ့ကြီးအား လှမ်းပေးလိုက်၏။ ရသေ့ကြီး ကဖြည်ကြည့်သောအခါ များပြားသော ငွေအကြွေစေ့လေးများကို တွေ့ရသည်။ ထိုငွေအကြွေစေ့များသည် ဤသုသာန်သို့ လာရောက်မြှုပ်နှံကြသော လူသေသော များ၏ ခံတွင်းကနေ နှိုက်ယူထားသည့် ကူးတို့ခ ခေါ် ငွေအကြွေစေ့များဖြစ်မှန်း ရသေ့ကြီး ရိပ်စားမိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီငွေတွေက ဘာလုပ်ဖို့လဲ ငါ့မြေး ကျည်းတန် ... "

"အူ ... အူ ... အူ"

မကျည်းတန်လေးသည် နဘေးရှိမောင်ငယ်ရုပ်ဆိုးအား လက်ညှိုးထိုးပြလျက် ဆံချဟန် သက်န်းဖြင့် ဆွမ်းခံဟန်တို့အား အမူအရာလုပ်ပြ၍ ရသေ့ကြီးဦးကြာယံ့ ရင်ထဲ လှိုက်ဆို့နင့်သွားရလေသည်။ သူမဆိုလိုသည့်အဓိပ္ပါယ်မှာ ထိုငွေစလေးများမှ မောင်ရုပ်ဆိုး ရှင်ပြုသက်န်းစည်းရန် စုထားခြင်းဟု ဆိုလိုခြင်းပင်တည်း။ ရသေ့ကြီး ဦးကြာယံ့၏ နှလုံးသားသည့် နင့်သည်းထိခိုက်လျှက် ဝမ်းနည်းကြေကွဲသွားရလေသည်။

မကျည်းတန်၏ ဖြူစင်သော နှလုံးသားလေးကိုလည်း ပြေးမြင်လိုက်သည်သို့ရှိသည်။

"ဒီ _ ဒီငွေတွေက မြေးလေးရဲ့မောင်လေး ကိုရင်စည်းဖို့ဟုတ်လား။ အဘမြို့ရောက်ရင် သက်န်းဝယ်ခဲ့မယ် ဟုတ်လား ... "

"အ ... အူး ... "

မကျည်းတန်၏ မျက်နှာလေးသည် ပျော်ရွှင်သွားမှုမှာ ဖော်မပြနိုင်အောင်ပင်ဖြစ်သွားလေ၏။ ရသေ့ကြီးသည် သူ၏ရင်ခွင်ထဲသို့ ဒုက္ခသည်လေးနှစ်ဦးအား ညင်သာစွာ ပွေ့ဖက်လျှက် ကြေကွဲဝမ်းနည်းမိသည်။ ရသေ့ကြီးသည် မကြာခဏ ဤမြေတိုက်ဂူကြီး၏ ဥမင်လိုဏ်ခေါင်းကြီးကနေတဆင့် ရေပေါ်ကျွန်းကြီးပေါ်သို့သွားရောက်၍ တရားကျင့်တတ်၏။ ရသေ့ကြီးသည် ရေကာသိုင်းကျင့်ကြံအားထုတ်နေခြင်းဖြစ်၏။

တစ်နေ့တွင် မမျှော်လင့်ဘဲ ဤရေပေါ်ကျွန်းတဝိုက် နေထိုင်ကျက်စားနေသည့် မိကျောင်းနှစ်ကောင်နှင့်အတူ ရသေ့ကြီးကြာယံ့သည် ဆရာတော်အားတွေ့ရသည်။ ယခင်ကလည်း ရသေ့ကြီးသည် ရွှေသောင်မြေ ရှာဦးဆရာတော်နှင့်မကြာခဏ တွေ့ဆုံလေ့ရှိပါသည်။ သူကပ္ပိယကြီးဘဝဖြင့် နေထိုင်ခဲ့စဉ်ကလည်း ဆရာတော်၏ မိန့်မှာချက်အရ သူမကျည်းတန်လေးအားခေါ်ဆောင်၍ နောင်ရေးအတွက် အန္တရာယ်မရှိစေရန် ကျောင်းကနေ ထွက်ခွာလာခဲ့ရခြင်းဖြစ်သည်။

ဆရာတော်သည် အရွယ်ရောက်စပြုနေပြီဖြစ်သည့် မကျည်းတန်အားလူ့အသိုင်း လူ့ဝန်းကျင်တွင် ပြန်လည်ဝင်ဆန့်စေရန် ရသေ့ကြီးအားမှာကြားပြီးဖြစ်၏။ ဆရာတော်သည် ထိုညက ရသေ့ကြီးကြာယံ့အား မည်သူတစ်ဦးထံ



www.burmeseclassic.com

www.burmeseclassic.com



ယောက်မျှ မသိရှိသည့် အလွန်ရက်စက်ယုတ်မာသည့် ကြေကွဲဖွယ်လုပ်ကြံမှု ကြီးတစ်ခုအား ဖွင့်ဟပြောပြခဲ့သည်။ မကျည်းတန်လေး၏ ဘဝဇာတ်ကြောင်း တည်း ...

ထိုစဉ်က ရသေ့ကြီးကြာယုံသည့် အံ့သြစွာနားထောင်နေခဲ့ရ၏။

ရသေ့ကြီးသည် သက်ပြင်းရှည်ကြီးတစ်ခုအား လေးပင်စွာချလိုက်မိ လေတော့၏။ မြေတိုက်ဂူကြီးအတွင်းကား မကြာမီ မှောင်ပိန်းငြိမ်သက်သွားလေ တော့ပေ၏။



www.burmeseclassic.com

www.burmeseclassic.com

## လူသေလေးလား ဝိညာဉ်လား

မပီဝိုးတဝါးလေးလင်းရီနေသည့် လရောင်အောက်မှာ အရိပ်တချို့သည် လက်နက်ကိုယ်စီဖြင့် သုသာန်မြေဘက်ဆီသို့ ဒယီမ်းဒယိုင်လှမ်းလာနေကြသည်။ အရိပ်သဏ္ဍာန်မှ စုစုပေါင်းငါးယောက်ဖြစ်၏။ ရှေ့ဆုံးမှ အရိပ်သဏ္ဍာန်က လေးတွဲ့တွဲ့အသံကြီးဖြင့် ...

"ဟော့ကောင် ပေတူးနဲ့ပြူး မင်းတို့ဟိုရောက်လို့ အဲဒီတစ္ဆေမနဲ့တွေ့ရင် မကြောက်ကြနဲ့သိလား အေ ... "

"ဟာ ... ဒါ ... ဒါတော့"

အရိပ်သဏ္ဍာန်တစ်ခုဆီမှ တုန်ချိချိအသံက ထွက်ပေါ်လာစဉ် ရှေ့ဆုံးမှလူရိပ်က ...

"ဟော့ကောင် ပြူး ... မင်းတို့က ငါကိုယ်တိုင်ပါလာတာတောင်ကြောက်နေရသေးသလား ... အဟား မင်းတို့အဲသလောက်သွေးမရဲရင် မင်းဒင်ဆိုတဲ့ငါနဲ့ မပေါင်းကြနဲ့ ... အဲဒီသရဲမအကြောင်း ရွာထဲမှာလူပြောပြောများလို့ ငါကတွေ့ချင်နေတာကွ ... ဟိုး လွန်ခဲ့တဲ့တစ်နှစ်လောက် ဖိုးတုတောင် အခြောက်ခံရဖူးတယ် ... ငါကျတော့ ကြောက်လို့လားမသိဘူး ခြောက်ကိုမခြောက်ဘူး ... "

"ကျုပ် ... ကျုပ်ကို ကန်ကြီးကုန်းသုတ် ... သုသာန်က နာမည်ကြီးဗျ ... "

www.burmeseclassic.com



“အေး _ မင်းဒင်ဆိုတဲ့ကောင်ကလဲ နာမည်ကြီး ငါ့ကိုတွေ့ချင်နေတာ ဘယ်သုသာန်မဆို ငါကမြေပုံခေါင်းအုံးပြီး အိပ်လာတာကွ _ အေး ဒီည မင်းတို့ရွာသုသာန်ထဲ ငါနေပြရဲရင် မနက်ခင်းတော့ လောင်းကြေးငွေတွေရပြီပေါ့ ... အဟား ... ဟား ... ”

ယင်းလူရိုင်းစုစုများ ရွာထဲကနေ အရက်သောက်လာကြသည့် မင်းဒင်ဦးဆောင်သော ရွာဇော်များဖြစ်သည့် ပေတူး၊ ပြေပြူး၊ အမဲ့နှင့် ဖိုးတုတ်တို့ဖြစ်သည်။ ရွာထဲရှိ အရက်ဝိုင်းတွင် ယခုတလော ကန်ကြီးကုန်းသုသာန်ထဲမှာ မကြာခဏ မြင်တွေ့နေရသည့် ဆံပင်ဖားလျားတစ္ဆေမ၏ ဝိညာဉ်ဖြင့် မကြာသေးမီက အရက်သမားပြေပြူးနှင့် အရှည်ကြီးတို့ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခြောက်လှန့်ခံခဲ့ကြရသည်မှာ ဤသုသာန်တို့ရောက်လာကြခြင်းဖြစ်သည်။ လောင်းကြေးစားကြေးကြောင့်ဖြစ်သည်။

မင်းဒင်သည် ခါတစ်ရံ ကန်ကြီးကုန်းရွာသို့ ရောက်တိုင်း မကြာခဏ ကန်ကြီးကုန်းသုသာန်တွင် ကျက်စားမြူးထူးနေသည့် ဆံပင်ဖားလျားနှင့် အရုပ်ဆိုးလွန်းလှသော သရဲမအကြောင်း ကြားရဖန်များလာ၍ မခံချင်ဖြစ်ပြီး ကန်ကြီးကုန်းရွာသားများနှင့် လောင်းကြေးထပ်စိန်ခေါ်ကာ အရက်ပုလင်းများဖြင့် ရောက်ရှိလာကြခြင်းဖြစ်လေသည်။ မင်းဒင်သည် ဒီရက်ပိုင်းမှာ ငွေကြေးအဆင်မပြေ၍ စိတ်ညစ်နေသည်။

ရွာရှိ သူ၏ဖခင်သူကြီးသည်လည်း မင်းဒင်၏မူးရူးသောင်းကျန်းဆိုးသွမ်းမှုများအား မခံနိုင်တော့၍ ရွာမှလည်း နှင်ထုတ်လိုက်လေပြီ။ ထို့ကြောင့် အကြံကုန် ဂဠုန်ဆားချက်ဆိုသကဲ့သို့ ကန်ကြီးကုန်းသချိုင်းသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

“ဟော့ကောင်တွေ မင်းတို့မကြောက်ကြနဲ့နော် ... ”

“ကဲ ဟိုအပင်အောက်မှာ အရက်သောက်ကြရအောင် _ မင်းတို့တစ္ဆေသရဲမက လာတောင်လာဦးမှာမဟုတ်သေးဘူးကွ ... ဟီး _ ဟီး”

“ဟုတ်တယ် ... အရက်အရင်သောက်ကြမယ် ... ”

မကြာမီ တောင်သလဲပင်ကြီးအောက်တွင် သူတို့လူစုအရက်ဝိုင်းဖွဲ့ကြလေသည်။ ဤည ကျန်သူများ သုသာန်စပ်တွင်နေခဲ့ကြပြီး မင်းဒင်သာ သုသာန်ကုန်းအလယ်တွင် တစ်ယောက်ထဲသွားရောက်ရမှာဖြစ်၏။ ထိုစဉ် _

“အူ ... အူ ... အူ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟော ..."

"ဟာ ... ခွေးတွေက အူလာပြီ"

"တ ... တစ္ဆေမ လာပြီထင်တယ် ..."

ရုတ်တရက်ထွက်ပေါ်လာသည့် ခွေးအူသံကြီး မကြာခင် အရက်ဝိုင်းမှာ အတူထိုင်နေကြသော တချို့ကထိတ်လန့်တကြား ညှိမှိုင်းနေသည့် သုသာန်ကြီးထဲသို့ လှမ်းကြည့်ပြီး ချောက်ချားသလိုပြောသည်။ ခွေးအူသံသည် ပို၍ဆူညံလာတော့သည်။

ခွေးအူသံနှင့်အတူ သုသာန်ကုန်းကြီးအတွင်းတွင်လည်း သစ်ပင်များ၊ ဝါးပင်များကလည်း လေကြမ်းကြောင့် ကဝုန်းဝုန်းတဖြုန်းဖြုန်း လှုပ်ခတ်သွားကြပြန်သည်။ မင်းဒင်နှင့် ပေတူးကင်ႈ၍ အချို့ကျန်သူများ ကြက်သီးတဖြန်းဖြန်းထကာ နားရွက်များဝင် လေးသွားကြသလို ...

"ကျုပ် ... ကျုပ်တော့ ကြောက်လာပြီ ..."

"ကြောက်ရင် မင်းဘာသာရွာ့ပြန်ကွာ ..."

"ဘာ ... ကျုပ် ... ကျုပ်တစ်ယောက်ထဲတော့ ..."

"ကဲ ... တော်ကြစမ်းကွာ ... ပေး အရက် ငါမင်းတို့ပြောတဲ့တစ္ဆေလား သရဲလားသိရအောင် သွားပြီဟေ့"

မင်းဒင်သည် အရက်ပုလင်းအားဆွဲကာ သုသာန်တွင်းသို့ ဒယိမ်းဒယိုင်ခြေလှမ်းများဖြင့် လှမ်းဝင်သွားလေတော့၏။ မင်းဒင်သည် သုသာန်တွင်းမြေပုံများ မှတ်တိုင်များကို ရှောင်ရှားသွားနေရင်းမှ သူ၏ခါးပုံစကြားထဲမှ ဝှက်ယူလာသည့် ဓားမြှောင်အား စမ်းကြည့်လိုက်သည်။

သူ ...

သုသာန်ထဲသို့တစ်ယောက်ထဲဝင်ရောက်ရခြင်းမှာ လက်နက်အားကိုးဖြင့်ဖြစ်လေသည်။ မင်းဒင်အရက်ပုလင်းအား မော့လိုက်ပြီး သုသာန်အလယ်သို့ ရောက်ရှိလာစဉ် ...

"ဟင်း ..."

သူ၏ ရှေ့မလှမ်းမကမ်းတွင် အရိပ်သဏ္ဍာန်ကြီးတစ်ခု လှုပ်ရှားသွားသလိုစိတ်ထဲထင်လိုက်မိသည်။ သို့သော် မင်းဒင်မျက်လုံးပွတ်သက်ကြည့်လိုက်မိရိုက် သစ်ပင်ချုံနွယ်များကိုသာ တွေ့လိုက်ရလေသည်၊ မည်သည့်အရိပ်သဏ္ဍာန်မှ ရှိမနေပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

"အဟီး ... "

"ဂစ် ... ဂစ် ... "

"ခစ် ... ခစ် ... "

"ဟာ ... "

မင်းဒင် ခေါင်းနပန်းကြီးသွားသည်။ သူ၏ပတ်ဝန်းကျင်တွင် လရောင်က သစ်ပင်ကြီးများကြောင့် မှောင်ရိပ်ကျနေသော်လည်း မြေပုံမှတ်ကိုင် အငြိ အပျက်များကလွဲ၍ မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရသော်လည်း ရယ်မောသံတွေသည် ဘယ်ကဘယ်လိုထွက်ပေါ်နေသလဲ မသိပေ။

တစ္ဆေသရဲဆိုရင် ဖုတ်စားမည် ကင်စားမည်ဆိုသောမင်းဒင်ပင်လျှင် အနည်းငယ်ခေါင်းနပန်းကြီးသွားရ၏။ မင်းဒင် ဖျတ်ခနဲ ခိုဝင်လာသည့်ကြောက်စိတ်အား ရဲဆေးတင်းသည့်အနေဖြင့် အရက်ဇာကို တဂွပ်ဂွပ် ထပ်မော့သောက်လိုက်လေသည်။

သူ၏ခေါင်းထဲသို့ အရက်ရှိန်က ဆောင့်တက်လာ၏။ မင်းဒင် အတော်ပင်မူးနေလေပြီ။ ပတ်ဝန်းကျင်တစ်ခုလုံး မြင်မြင်ကရာ အရာဝတ္ထုများသည် သူ၏မြင်ကွင်းထဲ၌ တစ္ဆေကြီးများ ဝိညာဉ်သရဲ နာနာဘာဝ အရိပ်များ မှိုတိုင်းမှိုင်းတိတ် ပြေးလွှားနေကြသလို ထင်နေမိသည်။

မင်းဒင်သည် ဒယိမ်းဒယိုင်ဖြင့် အုတ်ဂူတွေကြားလှမ်းနေမိ၏။

"ဝေါ ... ပရော ... "

"ဖလတ် ... "

"ဖျတ် ... ဖျတ် ... "

"အဟင်း ... ဟီး ... "

"ဟား ... ဟား ... "

မင်းဒင်သည် အသံပလံမျိုးစုံ ကြောက်မက်ဖွယ်ရာအဆင်းသဏ္ဌာန်မျိုးစုံတို့ သူ၏ပတ်ဝန်းကျင်မှာ မြူးတူးလှုပ်ရှားနေသလို ပို၍ချောက်ချားလာလေ၏။ ထိုစဉ် မင်းဒင်သည် သူ၏ရှေ့သို့ရောက်လာသော ဆံပင်ဖားလျားကြီးဖြင့် အရိပ်မည်းကြီးတစ်ခုအား ...

"ဟိတ် မပြေးနဲ့ ... မင်းလားကွ ဒီသုသာန်မှာနေတဲ့ သ ... သရဲဆိုတာ သေစမ်း ... "

www.burmeseclassic.com

www.burmeseclassic.com



မင်းဒင်သည် ကြိုးဝါးလိုက်၍ ဒယိမ်းဒယိုင်ဖြင့် ဓားမြှောင်ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လျက် ပြေးလိုက်၏။ သို့သော် ဆံပင်ဖားလျားဖြန့်လျက် ကြောက်မက်ဖွယ်မျက်နှာပိုင်ရှင် အရိပ်သဏ္ဍာန်သည် ချာခနဲ လှည့်ပြေး၏။

ဆံပင်ဖားလျားဖြင့် အရိပ်မည်းမည်းပြေးရင်းလွှားရင်း မြေပုံတစ်ခုအားဝင်ရောက်တိုက်မိပြီး အရှိန်ဖြင့်ပြိုလဲသွားလေတော့၏။

ထိုအချိန်တွင် မူးရူးပြီး မြင်မိမြင်ရာမြင်နေသော မင်းဒင်၏ဓားမြှောင်ကလည်း ဆံပင်ဖားလျားဖြင့် ကြောက်မက်ဖွယ်ရာ နာနာဘာဝ၏ ကိုယ်တွင်းသို့နစ်စူးဝင်သွား၏။

"အား ..."

"မင်းဒင်သည် တစ်ချက်တည်း နောက်လှည့်မကြည့်တော့ဘဲ ချာခနဲလှည့်ပြေးလေသည်။ ယင်းအချိန်မှာပင် မင်းဒင်နှင့်ပါလာသူများသည် သုသာန်တွင်း၌ မင်းဒင်၏ အော်ဟစ်ဆဲဆိုနေသံများကြောင့် တုတ်ဓားများဖြင့်ပြေးလာကြ၏။

"မင်းဒင် ... ဘာ ... ဘာဖြစ်လို့လဲ ..."

"သ ... သရဲလား ..."

"အေး ... ဟုတ်တယ် ... ဟိုဘက်နားမှာ ..."

ပေတူးတို့ ဖိုးတုတ်တို့ပါ ပြေးသွားကြသည်။ သူတို့မှာ လက်နှိပ်ဓာတ်မီးများပါလာကြသည်မို့ ဝေ့ရမ်းထိုးကြည့်ရာ ...

"အား"

"ဟင် ... ဟို ဟိုမှာလည်း မှင် ... မှင်စာကလေး ..."

"ကဲကွာ ... ကဲ ..."

"ခွပ် ... ဘုတ် ..."

မင်းဒင်တို့လူစုသည် အရက်ရှိန်ကြောင့်ရော ညဉ့်၏အမှောင်ကြောင့်ရော သူတို့မြင်တွေ့ရသော မည်းမည်းသဏ္ဍာန်အရုပ်ဆိုးလွန်းလှသော အကောင်ငယ်လေးကိုပါ တုတ်များခဲများဖြင့် ဝိုင်းဝန်းရိုက်နှိပ်စက်ကြစဉ် ဘီလူးသဘက်ပေါက်စလေးသည် ဆံပင်ဖားလျားနှင့်တစ္ဆေမ၏နဘေး ခွေခနဲ လဲပြိုကျသွားလေသည်။

မင်းဒင်တို့လူစုသည် ကြောက်ကြောက်ဖြင့် ဓာတ်မီးဖြင့်အမှောင်ထဲဝိုင်းထိုးကြည့်ရာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟော့ ... ဟော့ကောင် ... ဒါ ... ဒါ ဒါလူ ... လူပဲကွ"

"ဟာ ... ဟုတ်တယ် ... တစ္ဆေတွေမှမဟုတ်ဘဲ လူအစစ်တွေကွ"

"ဟာ ... "

"ငါ ... ငါတို့တော့ ပြဿနာပဲ၊ ဒါ ... ဒါထက် ... သူတို့ကလူတွေဆိုရင် ဒီအချိန်ကြီး သုသာန်ထဲ ဘယ် ... ဘယ်လိုရောက်လာတာလဲကွ"

ယင်းအချိန်မှာပင် သုသာန်အစပ်ကနေ ဆူညံသောလူသံများနှင့် အတူ မီးရောင်များသူတို့ရှိရာ ရောက်လာသည်။ မင်းဒင်တို့လူစု အလန့်တကြား သူပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။ ရွာသူကြီးနှင့်ရွာသားများ ဖြစ်ပေသည်။

"ဟာ ... ဒါ ... ဒါ ကျုပ်တို့သတ်တာ မဟုတ်ဘူး"

"သူ ... သူတို့က မကောင်းဆိုးဝါးတွေ ဝိညာဉ်တွေဗျ ... "

"ဟာ ... ဟုတ်တယ် ဆံပင်ဖားလျား သရဲမ ... "

သေအံ့မူးမူး အကျည်းတန်အားကြည့်လျက် ရွာသားတစ်ယောက်က ပြောသည်။

"သူ ... က ဝိညာဉ် မကောင်းဆိုးရွား မဟုတ်ပါဘူး၊ သူတို့နှစ်ယောက်စလုံးဟာ တစ်ဦးကိုတစ်ဦး သွေးမတော်သားမစပ်ဘဲ သိပ်ချစ် သိပ်ခင်တွယ်ကြတဲ့ လူသားစစ်စစ်ပါကွယ် ... "

ယင်းစကားကို ကြေကွဲဆို့နင့်သံကြီးဖြင့်ပြောလိုက်သူမှာ အုတ်ဂူများကြားထဲကနေ လှမ်းထွက်လာသည့်ရသေ့ကြီး ဦးကြာယုံပင်ဖြစ်လေတော့သည်။ ရသေ့ကြီးဦးကြာယုံအား မြင်လိုက်သောအခါ သွေးအိုင်ထဲမှ ကြောက်ဖွယ်ရာ ရုပ်ဆင်းအင်္ဂါဖြင့် ဆံပင်ဖားလျားသရဲမလေး၏ မျက်ဝန်းအစုံက ရောင်အောက်၌ လက်ခနဲ တောက်ပသွား၏။

"အကျည်းတန် မြေးလေးရယ် ဖြစ်ရလေ ... ဒီမှာ ဘရသေ့ မြေးမှာတဲ့ သက်နှင်းလေး ဝယ်လာတယ်လေ"

ရသေ့ကြီးသည် နင့်ဆို့ကြေကွဲစွာဖြင့် ကြောက်မက်ဖွယ်ရာအဆင်းဖြင့်များကတစ္ဆေဝိညာဉ်မဟု ထင်နေသူလေးအား ပွေ့ဖက်လျက် သူ၏လွယ်အိတ်ထဲမှ ကိုရင်သက်နှင်းနီလေးအား ထုတ်ပေးလိုက်၏။ မကျည်းတန်သည် မျက်လေးတစ်ချက်ပြုံးသွားရင်း သူမ၏လက်ကလေးအား ဦးရသေ့ထံ ဖြည်းညင်းဆန့်ပြလိုက်သည်။

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးအပါအဝင် ရွာသူရွာသားများမြင်တွေ့လိုက်ရသည်က သူမ ၏လက်သွယ်နုလေးပေါ်တွင် သွေးစွန်းနေသည့် ငွေအကြွေစေ့ကလေးတချို့၊ ရသေ့ကြီးဦးကြာယုံသည် မျက်ရည်မဆည်နိုင်တော့ပေ။

"မြေးမလေးရယ် ... အဖြစ်ဆိုးလိုက်တာ၊ ဟော့ကောင် ဖိုးတုတ် မင်းတို့ မိုက်လုံးကြီးလှချည်လားကွာ၊ စောစောက မင်းတို့က မူးမူးရူးရူးနဲ့ သဘက်မှင်စာလေးဆိုပြီး ဝိုင်းပြီးရိုက်နှက်ကြလို့ ဟိုမှာသေလုမျောပါးဖြစ်နေတဲ့ မောင်ရုပ်ဆိုးဆိုတာ ဘယ်သူမှန်း မှတ်နေလဲ ... "

"ဗျာ ... ရသေ့ကြီး ဘာပြောတာလဲ"

"ခွေးကောင် လူဗာလ ... လူ့အန္တတွေ အရက်သောက် ဖဲရိုက်ပြီး လူ့လောက လူ့ဝန်းကျင်အတွက် ဆန်ကုန်မြေလေးတွေ အမှန်တော့ သေသင့် သေထိုက်တာ ဒီအပြစ်မဲ့ဖြူစင်တဲ့ကလေးနှစ်ယောက်မဟုတ်ဘူး ... မင်းတို့ တွေပဲ မင်းတစ်ညှ ဟောဒီသချိုင်းကုန်းကြီးထဲလာပြီး ကလေးတစ်ယောက် စွန့်ပစ်ခဲ့တာ မင်းမှတ်မိလား"

"ဗျာ ... "

ဖိုးတုတ် တုန်လှုပ်ချောက်ချားသွားလေသည်။ ဒီ ... ဒီအကြောင်းတွေ ရသေ့ကြီး ဘယ်လိုလုပ်ပြီး သိနေပါလိမ့် _ ရသေ့ကြီးကိုတော့ ဟိုရွာဒီရွာတွေ မှာ တစ်ခါတရံ မြင်တွေ့ဖူးနေသည်။

"အဲဒီ တစ္ဆေမှင်စာလေးက အရုပ်ဆိုးလွန်းလို့ ကိုယ့်ရင်ကမွေးတဲ့ သားသမီးကိုတောင် သားသမီးလို့မခေါ်ရဲတဲ့ ယုတ်မာတဲ့မိဘတွေ လာစွန့်ပစ်တဲ့ မကျည်းတန်က လူသားချင်းမေတ္တာကရုဏာနဲ့ ဒီအရွယ်ထိ ပြုစုစောင့်ရှောက်ခဲ့ တဲ့ မင်းရဲ့ရင်သွေး မိကြော့ရဲ့ ရင်သွေးလေးကွ _ ကိုယ့်သားကိုယ်ပြန်သတ် တဲ့ကောင် ... "

"ဟင် ... "

ဖိုးတုတ်အဖို့ ကမ္ဘာကြီးချာချာလည်သွားရလေသည်။ ဖိုးတုတ် ခြေ ကြားရှိ တစ္ဆေမှင်စာလေးသဖွယ် အရုပ်ဆိုးအကျည်းတန်သည့် ကလေးငယ်၏ အတင်းပြေးသွား၏။ ဟုတ်ပါသည်။ မွေးစကတည်းက သူမြင်တွေ့ခဲ့ရဖူးသည့် အမှတ်အသားများဖြင့် သူ့ရင်သွေးစစ်စစ် ...

"ဟာ ... ဟုတ် ... ဟုတ်ပါတယ်ဗျာ ... ဒါ ကျုပ် ... ကျုပ်သား မိကြော့နဲ့ ကျုပ်ရဲ့သားဗျ ... အီး ... အီး"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က တစ်ချိန်တုန်းက ရွှေသောင်မြေရွာဦးကျောင်းမှာ ကပ္ပိယကြီးအဖြစ် နေထိုင်ခဲ့တဲ့ကြာယံပါ။ အမှန်တော့ ဒီမွေးကတည်းက အကျည်းတန် အရုပ်ဆိုးလွန်းလို့ ရွာသူရွာသားအများက နာနာဘာဝ တစ္ဆေသရဲရယ်လို့ ထင်နေရှာတဲ့ မကျည်းတန်လေးကို ကျုပ်ကမြစ်ထဲမျောလာထဲက မွေးစားထားခဲ့ကြတာပါ။ မကျည်းတန်လေးက တခြားသူမဟုတ်ပါဘူး _ ခင်များတို့ ထိန်တောရွာသားဖြစ်ပြီး ရွာစဉ်တစ်လျှောက် ဆားကုန်သည်အဖြစ် ဆားလိုက်ရောင်းခဲ့တဲ့ မင်းမောင်နဲ့ခင်မှုန်တို့မွေးတဲ့ သမီးလေးပါ ..."

"ဟင် ..."

"ဟာ ..."

"ခင်မှုန်တို့ သမီးဆိုပါလား ..."

မင်းဒင်သည် ရသေ့ကြီးစကားကြောင့် တုန်လှုပ်ချောက်ချားသွားမိသည်။ ရသေ့ကြီးဦးကြာယံသည် မင်းဒင်၏မျက်နှာအား စူးရဲအေးစက်စွာကြည့်လျှက် ...

"ဒီအဖြစ်အပျက်တွေကို နှစ်ပေါင်းများစွာကြာမြင့်သည်တိုင် သိရက်နဲ့ ရွာချင်းသတ်ဖြတ်ကြမှာကို စိုးရိမ်လို့ ဖွင့်မပြောတာ၊ အားလုံးကိုသိရှိထားသူကတော့ ကျုပ်ရဲ့ဆရာတော်ပါပဲ၊ ဆရာတော်ဟာ တစ်ခါတရံ မည်သူမျှမရိပ်မိ မသိရှိအောင် ညဘက်တွေဆို ရေပေါ်ကျွန်းမှာ တရားဘာဝနာသွားကျင့်ကြံလေ့ရှိတယ်၊ မိုးသက်လေပြင်းတွေကျတဲ့တစ်ညမှာ ဆရာတော်ဟာ မမျှော်လင့်ဘဲ ဆားကုန်သည်မင်းမောင်တို့ လင်မယားကို လှေတစ်စင်းနဲ့လိုက်ပြီး ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခဲ့တဲ့မြင်ကွင်းတစ်ခုကိုလည်း အမှတ်မထင်မြင်တွေ့ခဲ့လေရဲ့၊ မင်းမောင်နဲ့ ခင်မှုန်တို့ဟာ လှေမှောက်ပြီးသေတာမဟုတ်ပါဘူး၊ ခင်မှုန်ရဲ့မေတ္တာကိုမရလို့ ခံပြင်းပြီး ကျားငစဉ်းလဲလို အကွက်ချောင်းနေတဲ့ မင်းဒင်က သတ်ဖြတ်ခဲ့တာပါ"

"ဟင်"

"ဟာ ..."

မင်းဒင်သည် ရသေ့ကြီးဦးကြာယံ၏စကားကြောင့် ခေါင်းငိုက်စိုက်ကျသွားရလေသည်။ အခုနေ သူသည်ထွက်ပြေးပါသော်လည်း ရွာသားများ၏လက်မှပြေး၍လွတ်မည်မထင်။ အတိတ်တစ္ဆေ၏ ခြောက်လှန့်ခြင်းကို မင်းဒင်မျက်ဝါးထင်ထင်ခံစားရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော ဆယ်နှစ်ကျော်က ညတစ်ညအား မင်းဒင်ပြန်အမှတ်ရ ခဲ့လေပြီဖြစ်သည်။

အရှိုးတွန်သည်ဆိုသည်မှာ ဤဟာပေပဲလော ...

"ဟုတ် ... ဟုတ်ပါတယ်ဗျာ ... မင်းမောင်နဲ့ခင်မှုန်ကို ကျုပ်ကိုယ်တိုင်သတ်ပြီး ရေပေါ်ကျွန်းမှာ ထားခဲ့တာပါ ... ခင် ... ခင်မှုန်ကတော့ သွေးသွေးတက်ပြီး သေဆုံးခဲ့တာပါ ... "

"အေးကွာ ... မင်းဒင်မို့ လုပ်ရက်တယ်၊ ဒီကောင်က မစားရတဲ့အမဲ ဆားနဲ့ပက်ပြီး အငြိုးတကြီးကြံစည်ခဲ့တာပဲကွ ... "

ရွာသားများဆီမှ ကြိတ်မနိုင်ခဲမရအသံများ ထွက်ပေါ်လာလေသည်။ သုသာန်မြေပုံတွေကြားမှာမူ မကျည်းတန်ခေါ် မသီရိလေးဖြင့် မောင်ရုပ်ဆိုးလေးမှာ ငြိမ်သက်စွာ လဲလျောင်းနေလျက် ...

မကျည်းတန်၏ ရင်ခွင်ထဲမှာတော့ သွေးစွန်းနေသည့် သက်န်းလေးတစ်ထည်။ သည့်နောက် ရွာလူကြီးများသည် လူသတ်မှုကျူးလွန်သူ မင်းဒင်နှင့် မိမိ၏ရင်သွေးအား ရက်စက်စွာစွန့်ပစ်ခဲ့သူ ဖိုးတုတ်အား၊ မြို့ရဲဌာနသို့ ပို့ဆောင်ရန် ဖမ်းဆီးခေါ်ဆောင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

နိဂုံး

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်ဆောင်များအကြောင်း

ရန်ကုန်မြို့တော်၏ တစ်ဘက်ကမ်းရှိ တွံတေးဟုခေါ်သော မြို့ကလေးကနေ မော်တော်စက်လှေများဖြင့် နှစ်နာရီခန့်သွားရင် တွံတေးမြစ်ဝသို့ရောက်သည်။ ပင်လယ်ဖြင့် ထိစပ်နေပြီး မြစ်ချောင်းလက်တက်များ များစွာရှိသောနေရာတစ်နေရာဖြစ်ပေ၍ မြန်မာနိုင်ငံ၏ နာမည်ကျော် ကဝက်ကင်းအမည်ရှိ ငါးသလောက်ထွက်ရှိရာနေရာဖြစ်၏။

ထိုဒေသတွင် ယနေ့ချိန်ထိ ရွာကြီးရွာငယ်များ အစဉ်အဆက်များပြားစွာတည်ရှိကြလေသည်။ ယင်းဒေသတဝိုက်တွင် ကရင်ချောင်းရွာ ရွှေသောင်မြေရွာတို့မှာ လူသိများထင်ရှားပေသည်။ ယင်းရွာကြီးများကနေ မလှမ်းမကမ်း ပင်လယ်တွင်းသို့ ချွန်းထွက်နေသော ရေပေါ်ကျွန်းကြီးတစ်ကျွန်းလည်းရှိလေသည်။ ရေပေါ်ကျွန်းကို ကနေ့ထိ ယင်းပင်လယ်ကမ်းခြေတစ်လျှောက်ရှိ ရွာများ ပိုက်လှေ၊ တံငါလှေများ မသိသူမရှိပေ။

သို့သော်လည်း ...

ပိုက်တံငါလှေအများစုကမူ တတ်နိုင်သမျှ ယင်းရေပေါ်ကျွန်းကြီးတဝိုက် ပိုက်ချခြင်း၊ ငါးဖမ်းခြင်းများ သိပ်မပြုလုပ်ကြချေ။ ရံဖန် ငါးများများလိုချင်သော ပိုက်လှေများကမူ အရဲစွန့်ကာ ရေပေါ်ကျွန်းဝန်းကျင်သို့ ပိုက်သွားချလေ့ရှိ သည်။

ယင်းအခါတိုင်း တစ်ခါတရံ ညများနှင့်နေဝင်ရီတရောအချိန်များ တွင် ယင်းရေပေါ်ကျွန်း အရှေ့ဘက်သဲသောင်မြေတွင် ရသေ့ကြီးတစ်ပါးအား



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ တစ်ခါတရံ မနက်စောစောများတွင် သဲသောင်မြေစပ်၌ ပင်လယ်စာလှုံ့နေကြသော ကြီးမားလှသည့် မိကျောင်းကြီးနှစ်ကောင်နှင့် မိကျောင်းပေါက်ကလေးနှစ်ကောင်အားလည်းကောင်း ... ယင်းကျွန်းကြီး၌ မိကျောင်းသိုက်ရှိသည်ဟုလည်းကောင်း ...

အချို့သော ညများတွင်မူ ရေပေါ်ကျွန်းတစ်ပိုက် လှုလားဖုံ့ခဲ့နေကြသော မီးလုံးကြီးအချို့အားလည်းကောင်း ...

ရံဖန်၌လည်း ပိုက်တံငါလှေများ ရွာသို့ပြန်လျှင် လှေနဘေးမြစ်ရေထဲမှ သစ်တုံးကြီးများသဖွယ် ရွာထိပ်ထိ လိုက်ပါလာတတ်သည့် မိကျောင်းပေါက်လေးနှစ်ကောင်ကို အမြဲတစေလှေသားများ ကြုံတွေ့ရတတ်လေ့ရှိသည်ဆိုကြ၏။

တစ်ခုထူးခြားဆန်းကြယ်သည်မှာ ယင်းမိကျောင်းငယ်နှစ်ကောင်သည်ကား ပိုက်လှေတံငါလှေများ၏ နဘေးမှသာ ပျော်ပါးမြူးတူးလျက် ဆော့ကစားရင်းသာ လိုက်ပါလာတတ်ပါသော်လည်း မည်သို့မျှ ရန်ပြုအန္တရာယ်ပေးသည်ဟုမကြားဘူးသည်မှာ ယနေ့ထိတိုင်ဖြစ်ပေလေတော့သည်။

❀

ပြီးပါပြီ
မျှော်စောင့်



www.burmeseclassic.com

www.burmeseclassic.com

## ❋ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဖိတ်ခေါ်ပါသည် ❋

ကျွန်တော်သည် လွန်ခဲ့သော ၁၂ နှစ်ကတည်းက စာရေးဆရာ ဇော်နှင်းကိုအမည်ဖြင့် ဖြစ်ရပ်မှန်, မှုခင်း, ဂမ္ဘီရ ဒဏ္ဍာရီ, အမှတ်တရဒဏ္ဍာရီ, မြတ်ဗုဒ္ဓ၏မော်ကွန်းစာပန်းချီ စသည့် ဥာဏ်ငါးလိုင်းကို တစ်ဝတောဝင် တစ်တောင်တက် နေရာပေါင်းစုံ၊ နယ်ပေါင်းစုံ ဇာတ်လမ်းရှာဖွေကာ ရေးသားနေသူ ဖြစ်ပါသည်။ ဇာတ်လမ်းရှာဖွေခဲ့ရာတွင် ကျွန်တော်ကျော်သွားတာလည်း ရှိသလို ကျန်ခဲ့တာလည်း ရှိပါသည်။ နောက်ထပ်ပေါ်ထွန်းလာသည့် ဇာတ်လမ်းများလည်း ရှိကောင်းရှိပါမည်။

**ဇာတ်လမ်းဆိုတာ လူသားတိုင်းမှာ ရှိပါသည်**

ဆောင်ပုဒ်အတိုင်း ပရိသတ်များအနေဖြင့် ...

(၁) ဂမ္ဘီရဇာတ်လမ်းများ (၂) သရဲဇာတ်လမ်းများ (၃) အချစ်ဟာသဇာတ်လမ်းများ (၄) မှုခင်းဇာတ်လမ်းများ စသည့် စသည့် ဝတ္ထုဇာတ်လမ်းများ တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ပေးပို့ပါရန် မေတ္တာရပ်ခံပါသည်။ ကြိုက်နှစ်သက်ပါက ထိုက်သင့်သောဆုငွေ ချီးမြှင့်ပါမည်။

ရဲရင့်အောင်စာပေထုတ်ဝေဖြန့်ချိရေး
အမှတ် (၂၅) အရှေ့မြို့ပတ်လမ်း၊
ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

www.burmeseclassic.com